www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၂/ ၂၀၀၃ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၃၄/ ၂၀၀၃ (၁)

●

ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ ဧပြီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

●

ထုတ်ဝေသူ
ဒေါ်မိုးကောနိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
၂၃၉၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(မြ-၀၆၃၆၂)၊ ဖိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အခန်း [ ၁၀ ]

## သမားတော်၏အစွမ်း

နံနက်...

နေရောင်ခြည်သည် ကမ္ဘာမြေပေါ်သို့ ဖြာကျနေသည်။

ကျေးငှက်များ၏ အော်မြည်သံများကိုလည်း အတိုင်းသား ကြားနေရသည်။

ချာယို့ဖုန်းနှင့် ကျွင်းအောလျှံတို့သည် ကျန်းစုမြို့မှ ထွက်ခွာသွားကြပြီးဖြစ်သည်။

လုဝမ်းထင်းနှင့် လုကျွမ်းယုံတို့သည် ချာယို့ဖုန်းတို့ ပြန်သွားကြပြီးနောက် ဧည့်ခန်းထဲတွင် ထိုင်၍စကားပြောဖြစ်ကြသည်။

လုကျွမ်းယုံသည် စိတ်ဝင်စားစွာဖြင့် ဖခင်အား မေးလိုက်သည်။

"ဖေဖေ့ရဲ့မိတ်ဆွေ ဦးလေးချာယို့ဖုန်းက သိုင်းပညာရှိပါတော်လား... ဖေဖေကတော့ မိတ်ဆွေတွေဆိုတော့ သိမှာပေါ့ဟင်"

www.burmeseclassic.com



လုဝမ်းထင်းက မျက်မှောင်ကုတ်ကာ...

"ဘာဖြစ်လို့လဲ သားရဲ..."

လုကျွမ်းယုံက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ဩော်... သူ့ကို ပင်ကူချုန်းတုက ရန်ငြိုးထားမှာ သေချာတယ်... ပင်ကူချုန်းတုရဲ့ သိုင်းပညာဟာ တော်တော်ကြောက်စရာကောင်းတယ် မဟုတ်လား... ဖေဖေမိတ်ဆွေက ရင်ဆိုင်နိုင်ပါ့မလား"

လုဝမ်းထင်းက သက်ပြင်းချသည်။

BURMESE CLASSIC

အတန်ကြာတွေဝေနေပြီးမှ...

"ချာယို့ဖုန်းက ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ပဲ... ဒါပေမယ့် သူက ရိုးသားတာခက်တယ်... ပင်ကူချုန်းတုတို့လူစုက ကောက်ကျစ်စဉ်းလဲတော့... အင်း... မလွယ်လှဘူးထင်ပါရဲ့... လူရိုးနဲ့ လူညစ်တွေ့တော့ အန္တရာယ်ရှိတာပေါ့ကွာ..."

လုကျွမ်းယုံက စိတ်မာတွက်ကျသွားသည်။

ဤအတိုင်းဆိုလျှင် ချာယို့ဖုန်းနှင့် ကျင်းအော့လျံအတွက် စိုးရိမ်စရာကောင်းနေသည် မဟုတ်ပါလား။

ထိုစဉ်မှာပင်...

"ချွင်... ချွင်... ချွင်..."

ခြူသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုဝမ်းထင်းက အံ့ဩသွားကာ...

"ဘယ်ကဧည့်သည်များပါလိမ့်..."



သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် အခန်းတွင်းသို့ အိမ်၏ဘဏ္ဍာစိုးဝင်လာ၏။

ဘဏ္ဍာစိုးနောက်တွင် ဧည့်သည်နှစ်ယောက် ပါလာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုဧည့်သည်နှစ်ယောက်မှာ ဓားမဲ့သိုင်းသမား ကွမ်းဟုန်အင်းနှင့် လျှူပေချောင်တို့ ဖြစ်ကြ၏။

လျှူပေချောင်ဆိုသူသည် ဓားမဲ့သိုင်းသမား ကွမ်းဟုန်အင်း၊ တာလုကျေးရွာ ကျုန်းဟိုပောက်နှင့် လုဝမ်းထင်းတို့၏မိတ်ဆွေဖြစ်သည်။

လျှူပေချောင်က လုဝမ်းထင်းကို မြင်လျှင်မြင်ချင်း လှမ်းပြော၏။

"အစ်ကိုကြီး လုဝမ်းထင်း... ခြေထောက် သက်သာရဲ့လားဗျ..."

လုဝမ်းထင်းက မဲ့ပြုံးပြုံးရင်း...

"မင်း အခုမှ သတင်းလာမေးရလားကွ... ငါဖြစ်နေတာကြာပြီ..."

လျှူပေချောင်က အားနာသွားဟန်ဖြင့်...

"အေးဗျာ... အစ်ကိုကြီး စိတ်ဆိုးမယ်ဆိုရင်လည်း စိတ်ဆိုးစရာပါပဲ... ကျုပ် မအားလို့ အစ်ကိုကြီးခြေထောက်အကြောသေသွားတဲ့သတင်းကိုကြားပေမယ့် မလာနိုင်တာပါ..."

www.burmeseclassic.com

www.burmeseclassic.com



လုဝမ်းထင်းက သက်ပြင်းချကာ...

"အခုတော့ အားပြီဆိုပါတော့..."

လျှုပေချောင်က ခေါင်းကာစ်ချက်ညိတ်လိုက်ပြီး...

"ဟုတ်တယ်... အစ်ကိုကြီးအတွက် လက်ဆောင်ပါ တစ်ပါ တည်းမှူလာခဲ့တယ်ဗျ..."

လုဝမ်းထင်းက အံ့ဩစွာဖြင့် မေးလိုက်သည်။

"ဘာလက်ဆောင်လဲ..."

လျှုပေချောင်က ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းကို လက်ညှိုးညွှန်ပြလိုက်ပြီး...

"ဟောဒီ ဓားမှဲ့သိုင်းသမား ကွမ်းဟုန်အင်းပါပဲ..."

ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းနှင့် လုဝမ်းထင်းမှာ လျှံနှံခဲ့သော ဆယ့်ငါးနှစ်ခန့်ကတည်းက သိကျွမ်းခဲ့သူများ ဖြစ်၏။

လုဝမ်းထင်းက ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းကို ပြုံး၍ကာ

"ကျုပ်တို့မတွေ့ရတာ ဆယ်နှစ်လောက်ရှိပြီ ထင်တယ်..."

ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်..."

ထို့စဉ်...

လျှုပေချောင်က ကြားဖြတ်ပြောလိုက်၏။

"အစ်ကိုကြီး... အခု သူက သမားတော်တစ်ယောက် ဖြစ်နေပြီလေ..."



လုဝမ်းထင်းက တအံ့တသြဖြစ်သွားပြီး...

"ဘာ... သမားတော် ဟုတ်လား..."

"ဟုတ်တယ်..."

သမားတော်ဆိုသည့် စကားကို ကြားလိုက်ရသောအခါ လုဝမ်းထင်း ဝမ်းသာသွားသည်။

"ခင်... ခင်ဗျား ကျုပ်ခြေထောက်ကို..."

သူ၏စကားမဆုံးမီ ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းက လက်ကာပြလိုက်ပြီး...

"ခင်ဗျားခြေထောက်ရဲ့ အခြေအနေကို ကြည့်ဖို့ ကျုပ်လာခဲ့တာပါ... ကျုပ် တတ်နိုင်ရင်ပျောက်အောင် ကုပေးပါမယ်... ကျုပ် ပထမဆုံးလုပ်ရမှာက ခင်ဗျားရဲ့ခြေထောက်ကို စစ်ဆေးကြည့်ရမယ့် အလုပ်ပဲဗျ..."

လုဝမ်းထင်း ရင်မောသွား၏။

သူ၏ခြေထောက်ကို သမားတော်များခေါ်ယူကာ ပြသဖူးသော်လည်း လုံးဝသက်သာခြင်းမရှိချေ။

သိုင်းပညာနှင့် အတွင်းအားကို အမြင့်အထန် လေ့ကျင့်ခဲ့ရသောကြောင့် အကြောများသေသွားခြင်းဖြစ်သည်။

ဓားမှဲ့သိုင်းသမား ကွမ်းဟုန်အင်းက ဆက်ပြောလိုက်၏။

"ခင်ဗျားခြေထောက်ကို ကျုပ် စစ်ဆေးကြည့်မယ်... ကုလို့ ပျောက်နိုင်မယ်ဆိုရင် ကျုပ် အစွမ်းကုန် ကုသပေးပါမယ်..."

www.burmeseclassic.com

www.burmeseclassic.com



လုဝမ်းထင်းက ခေါင်းညိတ်ကာ…

“ကောင်းပြီလေ… ကျုပ်ခြေထောက်ကို လက်မြောက်သွားတဲ့ ဆေးဆရာတွေ မနည်းဘူးဗျ… ခင်ဗျားသာ ကုနိုင်မယ်ဆိုရင် ကျုပ်ဘဝမှာတွေ့ဖူးတဲ့ ဆေးဆရာရှိရှိသမျှအားလုံးထဲ အတော်ဆုံးလူ ဖြစ်မယ်ပြောရဲတယ်… ”

စားမဲ့သိုင်းသမားကွမ်းဟုန်အင်းက စကားမပြောတော့ပါ။

လုဝမ်းထင်း၏ခြေထောက် အခြေအနေကို စစ်ဆေးကြည့်လိုက်သည်။

လုကျွမ်းယုံနှင့် လျှုပေချောင်တို့မှာ နံဘေးမှ စိတ်ဝင်စားစွာကြည့်နေကြ၏။

အတန်ကြာလျှင် စားမဲ့သိုင်းသမား ကွမ်းဟုန်အင်းထံမှ သက်ပြင်းချသံ ခပ်သဲ့သဲ့ထွက်ပေါ်လာသည်ကို ကြားရ၏။

လုဝမ်းထင်းက စိတ်ဝင်စားစွာဖြင့်…

“ဘယ်… ဘယ်လိုနေသလဲဗျ… ”

စားမဲ့သိုင်းသမားကွမ်းဟုန်အင်းက ချက်ချင်းအဖြေမပေးချေ။

အတန်ကြာသည်အထိ မလှုပ်မယှက် ငြိမ်သက်နေ၏။

လျှုပေချောင်သည် မနေနိုင်တော့ဘဲ…

“ဘယ်လိုလဲဗျ… မျှော်လင့်ချက်ရှိသေးရဲ့လား… ခင်ဗျားအဲဒီလို ငူငူကြီးထိုင်မနေစမ်းပါနဲ့… ပြောစရာရှိတာ ပြောစမ်းပါ… ”



စားမဲ့သိုင်းသမားကွမ်းဟုန်အင်းက တွေဝေစဉ်းစားနေရာမှ သတိဝင်လာကာ…

“အင်း… မျှော်လင့်ချက်တော့ ရှိသေးတယ်… ဒါပေမယ့်… ”

စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်သဖြင့် လုဝမ်းထင်းသည် အားမလိုအားမရဖြစ်သွား၏။

“ဒါပေမယ့်… ဘာဖြစ်သလဲဗျ… ”

စားမဲ့သိုင်းသမားကွမ်းဟုန်အင်းက စဉ်းစားဟန်ဖြင့်…

“အချိန်နည်းနည်းယူရမယ်… ”

“ဘယ်လောက်အချိန်ယူရမှာလဲ… ”

စားမဲ့သိုင်းသမားကွမ်းဟုန်အင်းက လက်ငါးချောင်းထောင်ပြလိုက်၏။

လုဝမ်းထင်းက မျက်မှောင်ကုတ်ကာ…

“ငါးနှစ်ဟုတ်လား… ”

စားမဲ့သိုင်းသမား ကွမ်းဟုန်အင်းက ခေါင်းခါယမ်းပြလိုက်ပြီး…

“မဟုတ်ဘူး… ငါးရက်လို့ပြောတာ… ”

လုဝမ်းထင်းသည် အံ့သြသွားပြီး စားမဲ့သိုင်းသမားကွမ်းဟုန်အင်းကို မယုံကြည်နိုင်စွာကြည့်ရင်း…

“ငါးရက် ဟုတ်လား… ”

စားမဲ့သိုင်းသမားကွမ်းဟုန်အင်းက ခေါင်းညိတ်ပြလိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်... ငါးရက်လောက် ခက်ခက်ခဲခဲကုရမယ်..."

လုဝမ်းထင်းက တအံ့တသြဖြင့်...

"ခင်... ခင်ဗျား တကယ်ပြောတာလားဗျ..."

ဓားမွဲသိုင်းသမားကွမ်းဟုန်အင်းက ခေါင်းတစ်ချက်ညိတ်ရင်း

"တကယ်ပြောတာပေါ့... ဘာလဲ... ခင်ဗျား ကျုပ်ကို မယုံဘူးလား..."

လုဝမ်းထင်းက အားရပါးရပြုံးရင်း...

"ခင်ဗျားကို မယုံလို့မဟုတ်ပါဘူးဗျာ... ကျုပ်... ကျုပ် ဝမ်းသာလွန်းလို့ပါ... ကျုပ်ကို လက်ဖြောက်ခဲ့တဲ့ သမားတော်တွေများနေပြီ မဟုတ်လား..."

ဓားမွဲသိုင်းသမားကွမ်းဟုန်အင်းက...

"ကဲ... ခင်ဗျားကိုဆေးကုဖို့ သန့်ရှင်းတဲ့အခန်းတစ်ခန်းဖြင့် နိုင်းပါ... ပြီးတော့... ကျုပ်အတွက် လိုအပ်မယ့်ပစ္စည်းတွေ ရှာပေးရမယ်..."

လုဝမ်းထင်းက...

"ဘာတွေလိုမှာလဲဗျ... လိုတဲ့စာရင်းကိုပေးလေ... ကျုပ်ရှာပေးမှာပေါ့... ကျုပ်က ကုသချင်တဲ့လူပဲ..."

ဓားမွဲသိုင်းသမားကွမ်းဟုန်အင်းက အနည်းငယ်စဉ်းစားလိုက်ပြီးလျှင် စာရွက်တစ်ရွက်တွင် လိုအပ်မည့်ပစ္စည်းများ ရေးပေးလိုက်သည်။



လုဝမ်းထင်းက လုကျွမ်းယဲ့ကိုကြည့်ကာ...

"ကဲ... သားက ဒီပစ္စည်းတွေ အမြန်ဆုံးဝယ်လာပါ... မရရအောင်ဝယ်... မဖြစ်ဖြစ်အောင်လုပ်... ကြားလား..."

"ဟုတ်ကဲ့... ဖေဖေ..."

လုကျွမ်းယဲ့က ချက်ချင်းထွက်ခွာသွားလေသည်။

လုဝမ်းထင်းက ခြေထောက်ဆေးမကုမီ လှူပေချောင်နှင့် ဓားမွဲသိုင်းသမား ကွမ်းဟုန်အင်းတို့ကို စားသောက်ဖွယ်ရာများ အရက်များဖြင့် ဧည့်ခံကျွေးမွေးသည်။

လှူပေချောင်နှင့် ကွမ်းဟုန်အင်းတို့မှာလည်း ခရီးပန်းလာကြသူများဖြစ်ကြ၏။

အရက်နှင့်စားသောက်ဖွယ်ရာများမှာ သူတို့အတွက် အပန်းဖြေစရာများ ဖြစ်နေသည်။

သူတို့သည် အားပါးတရ စားသောက်ကြလေ၏။

ငါးရက်...

ငါးရက်ဆိုသောအချိန်မှာ လျှပ်တစ်ပြက်ကုန်ဆုံးသွားသည် ဟုပင် ထင်မှတ်ရသည်။

ဆေးဆရာအမျိုးမျိုး ဆေးအမျိုးမျိုးဖြင့် ကုသ၍ပျောက်ကင်းမှု မရရှိခဲ့သော လုဝမ်းထင်း၏ခြေထောက်မှာ ကွမ်းဟုန်အင်း၏ကုသ

www.burmeseclassic.com

www.burmeseclassic.com



ပေးမှုဖြင့် ငါးရက်အတွင်း ကျွေးနိုင်ဆန့်နိုင်လာသည်။

နောက်တစ်လခန့် ဖိဖိစီးစီးဆေးကုသလျှင် သိုင်းပညာ ပြန်လည်အသုံးချနိုင်မည်ဟု သိရသောအခါ လုဝမ်းထင်းမှာ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေတော့သည်။

သို့သော်...

ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းနှင့် လျှူပေချောင်းတို့မှာ ဆက်နေရန် အချိန်မရကြချေ။ သူတို့၌ ဆက်စရာခရီးများ ရှိနေသေးသည်။ ထို့ကြောင့်...

ကွမ်းဟုန်အင်းက ဆေးဝါးများစီစဉ်ပေးပြီးလျှင် ထွက်ခွာသွားမည်ဖြစ်ကြောင်း ပြောပြသည်။

လုဝမ်းထင်းက စိတ်မကောင်းဖြစ်သွားကာ...

"မိတ်ဆွေ... ခင်ဗျား ဒီမှာဆက်နေလို့ မဖြစ်ဘူးလား... အရေးမကြီးရင် ကျုပ်ခြေထောက် လုံးဝသက်သာလာတဲ့အထိ နေပါလား ဗျာ... "

ကွမ်းဟုန်အင်းက သက်ပြင်းချလိုက်ပြီး...

"ခင်ဗျားခြေထောက် မကြာခင် အကောင်းပကတိ ပြန်ဖြစ်လာတော့မှာပါ... ကျုပ်မှာလည်း အရေးကြီးတဲ့ကိစ္စရှိနေလို့... မသွားမဖြစ်လို့သွားရမှာ... ကျုပ်လည်း သိပ်သွားချင်တာ မဟုတ်ဘူး... ကိုယ်ကုသပေးထားတဲ့လူရဲ့ အခြေအနေကို စောင့်ကြည့်ချင်သေးတယ်"

လုဝမ်းထင်းက မျက်မှောင်ကြုတ်ရင်း...



"ဘယ်လိုကိစ္စများ ရှိနေလို့လဲဗျ... "

"ကျုပ်တို့က ချာယို့ဖုန်းကို တိတ်တဆိတ်နောက်ကလိုက်ပြီး စောင့်ရှောက်မလို့ပါပဲ... အရေးကြီးသလား... မကြီးဘူးလားဆိုတာ ခင်ဗျားပဲ စဉ်းစားကြည့်ပေတော့ဗျာ... "

ထိုစကားကြားရလျှင် လုဝမ်းထင်းက မျက်လုံးပြူးကျယ်သွားလေသည်။

"ချာယို့ဖုန်းကို စောင့်ရှောက်ဖို့ ဟုတ်လား... "

ကွမ်းဟုန်အင်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဟုတ်တယ်... သူ့ညီ ကုဝေးချန်းနဲ့တွေ့တုန်းက ချာယို့ဖုန်းကို စောင့်ရှောက်ပေးဖို့ အကူအညီတောင်းသွားလို့ပါ... "

လုဝမ်းထင်းက စိတ်ဝင်စားစွာဖြင့်...

"ချာယို့ဖုန်းမှာ ဘယ်လိုအန္တရာယ်ရှိနေလို့လဲ... "

"သူ့မှာ အလွန်ကြောက်စရာကောင်းတဲ့ ရန်သူတော့ မရှိပါဘူး... ဒါပေမယ့် ကျင်းအော့လျှံနဲ့ပတ်သက်ပြီး ဒုက္ခတွေ့နိုင်တယ်... ကဲ... မိတ်ဆွေအချိန်ရှိတုန်း ကျုပ်တို့ကို သွားခွင့်ပြုပါဦး... "

လုဝမ်းထင်းသည် တားမရမှန်းသိ၍ ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပါပြီဗျာ... နောက်အခက်အခဲရှိရင် ကျုပ်ဆီကို လာနိုင်ပါတယ်... ကျုပ် အစွမ်းကုန်ကူညီပါ့မယ်လို့ ကတိပေးပါတယ်"

ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းနှင့် လျှူပေချောင်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ကာ ထွက်ခွာသွားကြလေတော့သည်။ သူတို့သည် သွားရင်းလာရင်း ကောင်းမှုတစ်ခု လုပ်သွားခြင်း ဖြစ်ပေတော့သည်။

ထိုအခါမှ လုဝမ်းထင်းသည် သတိရသွားပြီး အနီးတွင်ရှိသော လုကျွမ်းယုံကို ကြည့်ကာ...

"သား... သူတို့သွားကြပြီလား... "

လုကျွမ်းယုံက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ကဲ့... ဖေဖေ... သူတို့မြို့ထဲက ထွက်သွားပြီ... "

လုကျွမ်းယုံက လုဝမ်းထင်းအား ဆက်လက်ပြောဆိုလိုက်၏။

"ဖေဖေ... သူတို့ကိုလိုက်ပြီး ကူညီစောင့်ရှောက်ရင် ကောင်းမယ် ထင်တယ်... "

လုဝမ်းထင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ဖေဖေ့ခြေထောက် သက်သာသွားရင် လိုက်သွားမယ်လို့ စိတ်ကူးထားတယ်... "

လုကျွမ်းယုံက စိတ်အားထက်သန်စွာဖြင့်...

"သူတို့ ဘယ်သွားသလဲဆိုတာ ဖေဖေ သိသလား... "

လုဝမ်းထင်းက ခေါင်းမါယမ်းလိုက်ပြီး...

"ဟင့်အင်း မသိဘူး... ဓားမွဲသိုင်းသမားကွမ်းတုန်အင်းနောက်ကို လိုက်သွားရင် သူတို့ကိုတွေ့မှာပဲ... "

လုဝမ်းထင်းသည် ခြေထောက်သက်သာသွားသည်နှင့် လိုက်သွားမည်ဆိုခြင်းအတွက် လုကျွမ်းယုံ ဝမ်းသာသွားသည်။

---



လုဝမ်းထင်းသည် ခေသူတစ်ယောက် မဟုတ်ပါ။

ခြေထောက် ပြန်ကောင်းသွားလျှင် ပင့်ကူချန်းတုကိုပင် ရင်ဆိုင်ရဲသူဖြစ်ပါသည်။

လုကျွမ်းယုံသည် လုဝမ်းထင်းနှင့်အတူ လိုက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။ သို့မှသာ သိုင်းလောကအတွေ့အကြုံရမည် မဟုတ်ပါလား။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၄ ]

## သတင်းစုံစမ်းခြင်း

ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းနှင့် လျူပေချောင်တို့သည် မြင်းကိုယ်စီဖြင့် ခရီးနှင်လာခဲ့ကြသည်။

ကွမ်းဟုန်အင်းမှာ ချာယို့ဖုန်း၏ညီ ကုဝေးချန်းနှင့် ဆုံတွေ့ခဲ့သော်လည်း တစ်ခဏတာမျှဖြစ်၍ ကောင်းကောင်းမွန်မွန်စကား မပြောခဲ့ရချေ။

လျူပေချောင်မှာမူ ခရီးတစ်ခုလုံးတွင် သုံးရက်ကြာမျှ ကုဝေးချန်းနှင့်အတူ သွားခဲ့ရ၍ စကားလက်ဆုံကျခဲ့။

ထိုအကြောင်းကို သိထားသော ကွမ်းဟုန်အင်းက လျူပေချောင်အား မေးလိုက်သည်။

"ခင်ဗျားကို ကျုပ်မေးစရာ ရှိသေးတယ်ဗျ..."

လျူပေချောင်က ခေါင်းညိတ်ပြပြီး...

"မေးပါ... ဘာများသိချင်လို့လဲ..."



ကွမ်းဟုန်အင်းက ဆက်ပြောလိုက်သည်။

"ကုဝေးချန်းကို ကျုပ်လည်း လေးစားပါတယ်... ပြီးတော့... သူဟာ အလွန်လျှို့ဝှက်တဲ့လူတစ်ယောက် ဖြစ်နေလို့ သူ့အကြောင်း စိတ်ဝင်စားမိတယ်ဗျ..."

လျူပေချောင်က ပြုံးလိုက်ပြီး...

"ကျုပ်လည်း ခင်ဗျားလိုပဲ ကုဝေးချန်းကို စိတ်ဝင်စားမိပါတယ်ဗျာ..."

ကွမ်းဟုန်အင်းက မျက်မှောင်ကုတ်ကာ...

"နေစမ်းပါဦး... အခု သူ ဘာတွေလုပ်နေသလဲဗျ..."

လျူပေချောင်က ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

လူသူကင်းရှင်းနေသည်ကို တွေ့ရမှ...

"သူက မျိုးချစ်သိုင်းသမားဆိုတော့ နယ်တကာလှည့်ပြီး... မန်ချူးတွေကို ဒုက္ခပေးနေတယ်လေ... မျိုးချစ်လူငယ်တွေကို စည်းရုံးတယ်... သူ့ရဲ့အသက်နဲ့ ခန္ဓာကိုယ်ကို တိုင်းပြည်အတွက် လှူထားတယ်ဗျ..."

ကွမ်းဟုန်အင်းက ခေါင်းညိတ်ကာ...

"အင်း... ကုဝေးချန်းဟာ အင်မတန်လေးစားစရာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါဗျာ... ကျုပ်တော့ သူ့ကို အင်မတန်လေးစားတယ်..."

လျူပေချောင်က ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်… ချာယို့ဖုန်းက ပင့်ကူချွန်းတုနဲ့ ယှဉ်ပြိုင်ဖို့ လွန်ခဲ့တဲ့ငါးနှစ်လောက်ကတည်းက ချိန်းထားကြတယ်ဗျ… ချာယို့ဖုန်းက သိုင်းပညာတော်ပေမယ့် ရိုးအ,တယ်… သူ့အတွက် စိုးရိမ်ရတယ်"

ကွမ်းဟုန်အင်းက သက်ပြင်းချလိုက်ပြီး…

"အင်း… ကုဝေးချွန်းက လက်ပိုက်ကြည့်နေမှာတော့ မဟုတ်ဘူး…"

လှူပေချောင်က ခေါင်းညိတ်ပြလိုက်ပြီး…

"ဒါပေါ့…လုံ့ရှည်တင်းစန်း၊ ဝမ်းကြူး၊ ကျန်းလုရယ်နဲ့နှင်းတောင်အဘိုးအို ကျူးရဲ့တို့ဟာ နယ်ချဲ့မန်ချူးတွေရဲ့သစ္စာခံလို့ ဒုက္ခရောက်နေကြရတယ်… ကုဝေးချွန်းက သူတို့ကို သုတ်သင်ပစ်ဖို့ ကြိုးစားနေတယ်…"

"ဒီလိုဆိုရင် ပင့်ကူချွန်းတုကိုလည်း ကုဝေးချွန်းအလွတ်ပေးမှာ မဟုတ်ဘူး… အဲဒါ သတင်းကောင်းပဲ… သစ္စာဖောက်တွေမျိုးပြုတ်မယ့်ကိန်းပဲ…"

လှူပေချောင်က ပြုံးလိုက်ပြီး…

"သေချာတာပေါ့ဗျာ… ချာယို့ဖုန်းထက်အရင် ပင့်ကူချွန်းတုနဲ့ ကုဝေးချွန်း တွေ့သွားရင် ချာယို့ဖုန်းအတွက် စိတ်ပူစရာမရှိတော့ဘူး…"

ကွမ်းဟုန်အင်းက မျက်မှောင်ကုတ်ကာ…

"ဘာဖြစ်လို့လဲ…"

လှူပေချောင်က ဆက်ပြောလိုက်သည်။



"ရှင်းပါတယ်… ကုဝေးချွန်းက ပင့်ကူချွန်းတုကို သုတ်သင်ပစ်လိုက်မှာပေါ့ဗျာ… ပင့်ကူချွန်းတုက သစ္စာဖောက်ပဲ…"

ကွမ်းဟုန်အင်းက သက်ပြင်းချကာ…

"ကုဝေးချွန်းရဲ့သိုင်းပညာ တော်တော်တိုးတက်နေပြီ ထင်တယ်…"

လှူပေချောင်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်… သူ့ကိုကူညီမယ့်မျိုးချစ်ပုဂ္ဂိုလ်တွေ ခုနဲ့ဒေးပါဗျာ… သစ္စာဖောက်တွေအဖို့ ပြေးစရာမြေရှိမှာ မဟုတ်ပါဘူး…"

ကွမ်းဟုန်အင်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း…

"အင်း… ကြားရတာ ဝမ်းသာစရာပဲ… နေဦး… ကျင်းအော့လျှံကို လုပ်ကြံဖို့ ကြိုးစားနေတဲ့ရန်သူဆိုတာကကော…"

လှူပေချောင်က ဆက်ပြောလိုက်သည်။

"ဒီကိစ္စကို ကုဝေးချွန်းက သတင်းကြားလာတာဗျ… မန်ချူးနဲ့ ပတ်သက်နေတဲ့လူတစ်စုက ကျင်းအော့လျှံနောက်ကို ခြေရာခံပြီးလိုက်နေတယ်လို့ ပြောတယ်… ပြီးတော့… ကျင်းအော့လျှံမှာ တခြားရန်သူရှိသေးပုံရတယ်…"

ကွမ်းဟုန်အင်းက စိတ်ဝင်စားစွာဖြင့်…

"ဒါတွေကို ကျင်းအော့လျှံ သိလား…"

လှူပေချောင်က ခေါင်းခါယမ်းလိုက်ပြီး…

"သူ သိပုံမရဘူး…"

ကွမ်းဟုန်အင်းက သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း... ခုတွယ်... သူမသိရင် သတိထားမိမှာ မဟုတ်ဘူး..."

လှျူပေချောင် ဖါးစပ်ပိတ်ထားလိုက်လေ၏။

ကွမ်းဟုန်အင်းက သက်ပြင်းချကာ...

"အင်း... ကျုပ်လည်း မမျှော်လင့်ဘဲ ယန်ဟောင်ဖေးနဲ့ တွေ့ဆုံခဲ့သေးတယ်ဗျ... သူ့ဆီက ယွှဲဖုံထင်းနဲ့ ဒုက္ခရောက်နေတဲ့ကလေး အကြောင်း သိခဲ့ရတယ်..."

လှျူပေချောင်က မျက်မှောင်ကြုတ်ပြီး...

"ခင်ဗျား... ယန်ဟောင်ဖေးနဲ့ တွေ့ခဲ့တာ မဟုတ်လား..."

ကွမ်းဟုန်အင်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်..."

လှျူပေချောင်က စိတ်ဝင်စားစွာဖြင့်...

"ဘယ်မှာတွေ့တာလဲ..."

"လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်ကပါ... သူက ယွှဲဖုံထင်းနဲ့ ဒုက္ခရောက်နေတဲ့ ကလေးကို စောင့်ရှောက်ဖို့ အကူအညီတောင်းခဲ့တယ်... ကျုပ်လည်း မငြင်းသာဘဲ လက်ခံလိုက်ရတယ်... အဲဒီကလေး ကဘယ်လိုက ဘယ်လို ချာယို့ဖုန်းလက်ထဲ ရောက်သွားသလဲ မသိပါဘူးဗျာ..."

လှျူပေချောင်က စိတ်ဝင်စားစွာဖြင့်...

"အခု... ယွှဲဖုံထင်းဘယ်မှာလဲ..."

ကွမ်းဟုန်အင်းက ခေါင်းခါယမ်းပြလိုက်ပြီး...

"ယွှဲဖုံထင်းရဲ့သတင်းကို အခုထိ စုံစမ်းလို့မရသေးဘူး... ကျင်း



အော့လှျံက ချာယို့ဖုန်းနဲ့အတူ တာလုကျေးရွာ ရောက်နေတယ်ဆိုလို့ ကျုပ် လိုက်လာတာပါ..."

လှျူပေချောင်က အံ့ဩသွားသည်။

"တာလုကျေးရွာကို ခင်ဗျားရောက်လာတာဟာ ခရီးကြုံလို့ မဟုတ်ဘူးပေါ့..."

ကွမ်းဟုန်အင်းက ခေါင်းခါယမ်းကာ...

"မဟုတ်ပါဘူးဗျာ... ကျုပ်က ချာယို့ဖုန်းနဲ့ ယန်ဟောင်ဖေး ပြောတဲ့ ကလေးမကို... စောင့်ရှောက်ပေးဖို့လာပြီး အကဲခတ်ကြည့်တာပါ"

ယခုမှ တာလုကျေးရွာသို့ ကွမ်းဟုန်အင်း ရုတ်တရက်ရောက်လာသည့်အကြောင်းကို လှျူပေချောင် သဘောပေါက်နားလည်သွားလေတော့သည်။

"လက်စသတ်တော့... ကျင်းအော့လှျံကို အကဲခတ်ကြည့်ဖို့ ခင်ဗျား တာလုကျေးရွာ ရောက်လာတာကိုး..."

ကွမ်းဟုန်အင်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်ဗျ..."

လှျူပေချောင်က စိတ်ဝင်စားစွာဖြင့်...

"နေစမ်းပါဦး... ကျင်းအော့လှျံရဲ့အဖေက ဘယ်သူလဲ..."

"မြို့စားကြီးကျင်းယို့စီးလေဗျာ..."

မြို့စားကြီးကျင်းယို့စီး ဟူသောအမည်ကို ကြားရလျှင် လှျူပေချောင် မျက်လုံးပြူးကျယ်သွားတော့သည်။

ကွမ်းဟုန်အင်းအား မယုံကြည်နိုင်စွာဖြင့် ကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"မြို့စားကြီးကျောင်းယို့စီး ဟုတ်လား… ကျုပ်တော့ အံ့ဩတယ်ဗျာ… "

"ဟုတ်တယ်… "

လှူပေချောင်က မျက်မှောင်ကုတ်လိုက်ပြီး…

"ကျောင်းကျုံးမြို့စားကြီး ကျောင်းယို့စီးဟာ အင်မတန်ပညာတော်တဲ့မုဂ္ဂိုလ်ပဲ… ဘယ်သူနဲ့များ ရန်ငြိုးရှိလို့လဲ… "

ကွမ်းဟုန်အင်းက သက်ပြင်းချကာ…

"ယန်ဟာင်ဖေး ပြောတော့… ယွန်ဖေးဟုန်ဆိုတဲ့ လူက ချောက်တွန်းလို့ မန်ချူးမဟွေ့ဖမ်းသွားပြီး သတ်ပစ်လိုက်ကာလို့ ပြောတယ်"

လှူပေချောင်က အံကြိတ်ကာ…

"ယွန်ဖေးဟုန်ဆိုတဲ့လူကို ကျုပ် ဆုံးမဖို့ ဆုံးဖြတ်လိုက်ပြီ… "

ကွမ်းဟုန်အင်းက သဘောကျစွာ ပြုံးလိုက်ပြီး…

"မျိုးချစ်သိုင်းအမားအားလုံးက မန်ချူးလက်ပါးစေတွေကို သုတ်သင်ပစ်ဖို့ အဓိဋ္ဌာန်ဆုံးဖြတ်ထားကြတယ်… ဘကာယ်တော့အဲ့ဒီယုတ္တာဖောက်တွေအားလုံး သေသင့်ပါတယ်… "

လှူပေချောင်က ဆက်ပြောလိုက်သည်။

"ယွန်ဖေးဟုန်ကြောင့် မြို့စားကြီးကျောင်းယို့စီး သေရတာ… ကျောင်းအောလျှံကသာ လက်စားချေရမယ် မဟုတ်လား… ယွန်ဖေးဟုန်ကလည်း မြို့စားကြီးကျောင်းယို့စီး သေပြီးတဲ့နောက် ကျန်တဲ့ကလေးကိုလိုက်ပြီး ဒုက္ခပေးစရာအကြောင်း မရှိပါဘူး… "

ကွမ်းဟုန်အင်းက ခေါင်းညိတ်ပြလိုက်သည်။



"ဟုတ်တယ်… "

လှူပေချောင်က မျက်မှောင်ကြုတ်လိုက်ပြီး…

"ဒီလိုဆိုရင် ကျောင်းအောလျှံကို အန္တရာယ်ပြုမယ့် ရန်သူက ဘယ်သူလဲ… "

ကွမ်းဟုန်အင်းက ခေါင်းခါယမ်းလိုက်ပြီး…

"ဒါတော့… ကျုပ်လည်း မသိဘူး… "

လှူပေချောင်က ဆက်ပြောလိုက်သည်။

"ကျုပ်တို့တစ်တွေ သူတို့နောက်ကို တိတ်တဆိတ်လိုက်သွားကြမယ်… ကျောင်းအောလျှံရဲ့ရန်သူဟာ ကျုပ်တို့လိုက်လာတာကို သိမှာမဟုတ်ဘူး… ကျုပ်တို့က ကျောင်းအောလျှံကို ကူညီနိုင်မယ့်အမြင် အရိပ်လို လိုက်နေတဲ့ရန်သူကို ဖော်ထုတ်နိုင်မယ်ဆိုတာ ကျိန်းသေတယ်"

ကွမ်းဟုန်အင်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်… "

လှူပေချောင်က အားတက်သရောဖြင့် ပြောလိုက်သည်။

"ဒါဖြင့်… ကျုပ်တို့ အမြန်ဆုံးလိုက်သွားကြစို့… "

သူတို့နှစ်ယောက်သည် လမ်းတွင်တွေ့ရသော ခရီးသွားများအား လူကြီးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ မည်သည့်လမ်းဘက်သို့ ခရီးသွားသနည်းဟု စုံစမ်းကြသည်။ မေးပါများစကားရဆိုသည့်အတိုင်း ချာယို့ဖုန်းနှင့် ကျောင်းအောလျှံတို့ကို တွေ့သူများနှင့်ကြုံဆုံရသည်။ ချာယို့ဖုန်းနှင့် ကျောင်းအောလျှံသည် စိမ်းနယ်ဘက်သို့ ဦးတည်သွားသည်ကို တွေ့မိကြောင်း ပြောပြကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စားမှဲ့သိုင်းသမားကျွမ်းဟုန်အင်းနှင့် လျှူပေချောင်တို့မှာ အရှိန်မဆိုင်းတော့ဘဲ စီဝမ်းနယ်သို့ လိုက်သွားကြလေတော့သည်။ သူတို့တွင် မြင်းကိုယ်စီပါသဖြင့် စိတ်သွားတိုင်းကိုယ်ပါနိုင်ကြတော့သည်။

❀ ❀ ❀

## အခန်း [ ၂၀ ]

## မောင်းအော့ယ်ရာလူသတ်ကြေး

မီးအိမ်မှ ဝါကျင့်ကျင့်မီးရောင်များသည် အခန်းတစ်ခုလုံးသို့ ဖြာကျနေ၏။

အခန်းထဲတွင် အိမ်ထောင်ပရိဘောဂပစ္စည်း များများစားစား ရှိမနေချေ။

အခန်းအလယ်တွင် ကုလားထိုင်သုံးလုံးနှင့် စားပွဲတစ်လုံးသာ ရှိ၏။

စားပွဲပေါ်တွင် အရက်တစ်အိုးနှင့် မီးအိမ်တစ်လုံး တင်ထားသည်။

ကုလားထိုင်သုံးလုံးပေါ်၌ လူသုံးယောက်ငြိမ်သက်စွာ ထိုင်နေကြ၏။

ထိုလူသုံးယောက်သည် စားပွဲပေါ်တွင်ရှိနေသော စာရွက် တစ်ရွက်ကို စိတ်ဝင်စားစွာ ကြည့်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ ဝဲဘက်တွင် ထိုင်နေသော အနီရောင်ဝတ်စုံဆင်ထားသူက အက်ပြင်းချလိုက်သည်။

သူ၏နံဘေးတွင် ထိုင်နေသူကိုကြည့်ကာ...

"ဘယ်လိုလဲ ဟွီးဟုန်း... ဒီတစ်ခါတော့ ထူးခြားနေပြီထင်တယ်..."

ဟွီးဟုန်းဆိုသူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဝိဝမ်း... ကျုပ်တို့ ဒီနယ်မှာ ကျက်စားနေတာ တော်တော်ကြာပြီ... ဒီလိုကိစ္စမျိုး မတွေ့ဖူးသေးဘူး... အခုကိစ္စကတော့ အတော်ထူးတယ်ဗျာ..."

အနီရောင်ဝတ်ဆင်ထားသူ၏ အမည်မှာ ဝိဝမ်းဖြစ်သည်။

ဝိဝမ်းက စားပွဲတစ်ဖက်တွင် ရှိနေသူအား လှမ်းကြည့်လိုက်ပြီး...

"စွန်းဝူ... ခင်ဗျား ဘယ်လိုသဘောရလဲ..."

စွန်းဝူက ပန်းတစ်ချက်တွန့်ကာ...

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့အတွက် အကျိုးရှိမယ့်ကိစ္စဆိုတော့ လက်ခံလိုက်တာကောင်းတယ်..."

ဝိဝမ်းနှင့် ဟွီးဟုန်းတို့ကလည်း သဘောတူကြ၏။

သူတို့သုံးယောက်သည် စီဝမ်းနယ်တွင် ကြီးစိုးကာ မင်းမူသောင်းကျန်းနေသည့် ဓားပြကြီးများဖြစ်ကြ၏။ မည်မျှဆိုးသွမ်းကြသနည်းဆိုမူ...

စီဝမ်းနယ်တစ်ခွင်လုံးတွင် သူတို့အား မော်ကြည့်ဝံ့သူမရှိ



သလောက်ပင် ဖြစ်နေသည်။

သူတို့သည် နောက်လိုက်တပည့်များ စုရုံးကာ စိတ်ထင်တိုင်း သောင်းကျန်းနေခဲ့ကြ၏။ သူတို့ချင်းတော့ သစ္စာရှိကြသည်။ သူ့အပိုင်းနှင့်သူ မိုလ်လုပ်မင်းမူနေကြသည်။

နေပြည်တော်မှ အာဏာပိုင်များမှာလည်း ကျူးကျော်ဝင်ရောက်လာသော မန်ချူးများကို တိုက်ထုတ်ရန် ဦးစားပေးဆောင်ရွက်နေရသဖြင့် သူတို့အား လျစ်လျူရှုထားခဲ့ကြရသည်။

ယခု...

ဟွီးဟုန်းတို့ထံသို့ ထူးခြားသောစာတစ်စောင် ရောက်ရှိလာသည်။

စာနှင့်အတူ ငွေအပြည့်ထည့်ထားသော သေတ္တာတစ်လုံးပါလာသည်။

ယွီးဟုန်းတို့ စာဖတ်ကြည့်သောအခါ...

*မိတ်ဆွေ*

*စီဝမ်းနယ်ထဲကို ရောက်လာတဲ့ ရှာယန်ဖုန်းရဲ့ ကျင်းအောလျှံကို သုတ်သင်ပစ်လိုက်ပါ အခကြေးငွေ အဖြစ် ငွေသေတ္တာကို ယူပါ အောင်မြင်ပါစေ...၊*

*မှ*

*ကျင်းအောလျှံ၏ရန်သူ*

ဟု ရေးသားထားသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟွီးဟုန်းမှာ အသက်အကြီးဆုံးဖြစ်ပြီး သိုင်းပညာအထက်မြက်ဆုံးဖြစ်သောကြောင့် ပီဝမ်းနှင့်စွန်းဝူတို့က ရိုသေလေးစားရ၏။

ဟွီးဟုန်းကို ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုထားကြလေသည်။ ခေါင်းဆောင်အဖြစ် တင်ထားခြင်းလည်း မမှားပါ။ ဟွီးဟုန်းသည် သူတို့ထက်ပို၍ စဉ်းစားတတ်သည် မဟုတ်ပါလား။

"စာထဲမှာပါတဲ့ကိစ္စကို ဘယ်လိုဆုံးဖြတ်ကြမလဲ… "

ပီဝမ်းက စိတ်အားထက်သန်စွာဖြင့်…

"ငွေသော်တွာ ကျုပ်တို့ဆီကို ရောက်နေပြီပဲ… လက်ခံလိုက်ရုံရှိတာပေါ့… "

စွန်းဝူကလည်း ခေါင်းညိတ်သဘောတူလိုက်သည်။

"ဟုတ်တယ်… ကျုပ်တို့အပေါ် ယုံကြည်လို့ ငွေကို ရက်ရက်ရောရော ပေးတာ… စာထဲမှာပါတဲ့အတိုင်း လုပ်ပေးလိုက်ရုံပေါ့… ဒီကိစ္စ လွယ်ပါတယ်ဗျာ… ဘာအခက်အခဲမှ မရှိဘူး… "

ဟွီးဟုန်းက ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်သေးဘူး… လူနှစ်ယောက်ကို သုတ်သင်ပစ်ဖို့ငွေ ရက်ရက်ရောရောပေးတယ်ဆိုတော့ လွယ်တဲ့ကိစ္စမဖြစ်နိုင်ဘူး… "

ဦးနှောက်ကောင်းသူမှာ မည်သည့်နေရာ၌မဆို အရေးပါသည်။ ဟွီးဟုန်းသည် အခြားပညာရှိများထက် ဦးနှောက်ကောင်းသူမဟုတ်သော်လည်း ပီဝမ်းနှင့် စွန်းဝူတို့ထက်မူ ဦးနှောက်ကောင်းသည်။ ဤငွေများကို ရက်ရက်ရောရော ပေးသည့်နောက်ကွယ်၌ ခက်ခဲသော



အရာများရှိရမည်ဟု သူတွေးသည်။ ထို့ကြောင့် အထက်ပါစကားကို ပြောခြင်းဖြစ်သည်။

သူ၏စကားကြောင့် ပီဝမ်းနှင့် စွန်းဝူတို့ ပါးစပ်ပိတ်သွားကြသည်။

ဟွီးဟုန်းက ဆက်ပြောလိုက်၏။

"ဒီနယ်ထဲကို သူတို့ဝင်လာကြတယ်ဆိုတာ သေချာပေမယ့် ဘယ်မှာရှိမှန်း မသိရသေးဘူး… ကောက်ရိုးပုံထဲက အပ်ရှာရသလိုမျိုးဖြစ်နေတယ်… ဒီနှစ်ယောက်ကို ရှာဖို့ကလည်း တော်တော်ခက်နေတယ်… "

ပီဝမ်းက လက်ကာပြရင်း…

"မပူပါနဲ့… ကျုပ် လူတွေကို စုံစမ်းခိုင်းထားပါတယ်… သူတို့ဒီကိုရောက်လာရင် ကျုပ်လူတွေ တွေ့မှာသေချာတယ်… ယောကျ်ားကြီးနဲ့ မိန်းကလေးတစ်ယောက်ဆိုတော့ ရှာရတာလွယ်ပါတယ်ဗျာ"

သူ၏စကားဆုံးသည်နှင့် မရှေးမနှောင်းမှာပင် အခန်းတွင်းသို့ လူတစ်ယောက် အပြေးအလွှားဝင်လာလေ၏။

ထိုလူသည် အခန်းတွင်းသို့ ရောက်သည်နှင့် ပီဝမ်း၏ရှေ့တွင် ဒူးထောက်ကာ…

"ဆရာ… ချာယို့ဖုန်းနဲ့ ကျင်းအော့လျံတို့ ရောက်လာကြပါပြီ"

ထိုစကားကြားရလျှင် ပီဝမ်းသည် ဝမ်းသာသွား၏။

သူ၏မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပ

www.burmeseclassic.com

www.burmeseclassic.com



လာပြီး…

"သူတို့ ဘယ်မှာလဲ… "

"ရွှေလိပ်ပြာတည်းခိုခန်းမှာ တည်းခိုနေကြပါတယ်… "

ဗိဝမ်းက အားရပါးရဖြေကာ…

"ကောင်းကွာ… ရွှေလိပ်ပြာတည်းခိုခန်းပိုင်ရှင်ဟာ ကျုပ်တို့လူပဲ… "

ပြောရင်း ဟွီးဟုန်းအက်သို့ လှည့်ကာ…

"ခင်ဗျား ဘယ်လိုသဘောရလဲ… ကျုပ်တို့ကို ငွေပေးမယ့်လူတွေတော့ ရောက်လာပြီဗျ… ခင်ဗျားက ရာရမ္မေရခက်တယ်လို့ပြောတယ်… အခုတော့… ကျုပ်တို့ မှတ်ဆိတ်မှာ မှားလာစွဲနေပြီ… "

ဟွီးဟုန်းက မတတ်သာတော့ချေ။

ဦးခေါင်း ဆတ်ခနဲညိတ်လိုက်ပြီး…

"ကောင်းပြီလေ… သူတို့ရောက်လာပြီဆိုတော့ ကျုပ်တို့လုပ်ငန်းစကြတာပေါ့… ဒါပေမယ့် ဒီကိစ္စက ကျုပ်တို့သုံးယောက်ကိုယ်တိုင်သွားမှဖြစ်မယ် ထင်တယ်… "

စွန်းဝူက မကျေမနပ်ဖြင့်…

"အိုဗျာ… ခင်ဗျားဟာ အစိုးရိမ်လွန်နေတာကိုး… ကျုပ်လူတွေလွှတ်လိုက်ရင် ကိစ္စပြီးနိုင်ပါတယ်… အပင်ပန်းမခံချင်စမ်းပါနဲ့… "

ဟွီးဟုန်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးဗျ… ဒီလူနှစ်ယောက်အတွက် ငွေတာဝ



သေတ္တာပေးတာများလွန်းနေတယ်… သူတို့ဟာ ခေမယ်မထင်ဘူး… ဒါကြောင့် ကျုပ်တို့သုံးယောက်စလုံး သွားကြမယ်… ခင်ဗျား မလိုက်ဘူးဆိုရင် ဒီကိစ္စ ကျုပ်လက်ခံလို့မဖြစ်ဘူး… "

ဗိဝမ်းနှင့် စွန်းဝူတို့သည် ရရှိထားသည့် ငွေသေတ္တာကို မက်မောကြသည်။

သေတ္တာထဲမှ ငွေတုံးကလေးများကို မြင်ယောင်လာ၏။

များပြားလှသော ငွေကို လက်လွှတ်မခံနိုင်ပါ။

ထို့ကြောင့် သက်ပြင်းချရင်း ဗိဝမ်းနှင့် စွန်းဝူတို့က ပြိုင်တူလိုလိုပြောလိုက်ကြသည်။

"အင်း… ခင်ဗျားကိုယ်တိုင် သွားမယ်ဆိုတော့… ကျုပ်တို့သည်း လိုက်ရမှာပေါ့ဗျာ… "

ဟွီးဟုန်းက သတင်းလာပို့ သူ့ဘက်သို့ လှည့်ကာ…

"တို့လူတွေ ရွှေလိပ်ပြာတည်းခိုခန်းတစ်ဝိုက်မှာ အဆင်သင့်ရှိနေတယ် မဟုတ်လား… သူတို့ကို စောင့်ကြည့်ထားတယ် မဟုတ်လား… "

"ဟုတ်ကဲ့… စောင့်ကြည့်နေကြပါတယ်… "

ဟွီးဟုန်းက ဆက်ပြောလိုက်သည်။

"ကဲ… မင်း… သူတို့ကိုသွားပြော… ဒီည အုန်းမောင်းနှစ်ချက်တီးချင်းမလှုပ်ရှားရဘူး… ဒါ ကျုပ်အမိန့်ပဲ… "

"ဟုတ်ကဲ့… "

www.burmeseclassic.com

www.burmeseclassic.com



သတင်းပို့သူမှာ ချက်ချင်း အခန်းတွင်းမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

❋ ❋ ❋

"တုံ... တုံ... "

အချိန်ကျရောက်လာပေပြီ။

အဝေးမှ အုန်းမောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာသည်။

အုန်းမောင်းခေါက်သံ ဆုံးသွားလျှင် ရွှေလိပ်ပြာတည်းခိုခန်း ခေါင်မိုးပေါ်၌ လူရိပ်သုံးရိပ်ထွက်ပေါ်လာသည်။

ထိုလူများသည် ကိုယ်ဖော့ပညာအသုံးပြုလျက် ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့၏ အခန်းများဆီသို့ ခေါင်မိုးပေါ်မှ ချဉ်းကပ်သွားကြလေ၏။

ထိုလူသုံးယောက်မှာ ဟွီးဟုန်း၊ ပီဝမ်းနှင့် စွန်းဂူတို့ဖြစ်ကြပါသည်။

ဟွီးဟုန်းက ချာယို့ဖုန်း၏ အခန်းခေါင်မိုးအပေါ်တည့်တည့်သို့ရောက်သောအခါ...

ပီဝမ်းနှင့် စွန်းဂူတို့ကို လက်ဝှေ့ယမ်းပြလိုက်လေသည်။ ထို့နောက် သူသည် ခေါင်မိုးပေါ်မှ အုတ်ကြွပ်ပြားများကို ခွာလိုက်သည်။ တစ်ကိုယ်စာပင်ပေါက်ရသောအခါ ညာသံပေးအော်ဟစ်ရင်း ခုန်ချလိုက်၏။



"ယား... "

"ဖုန်း... "

ပေါ်ထွက်လာသောအသံကြောင့် ချာယို့ဖုန်း အိပ်ရာမှနိုးလာ၏။

အခန်းထဲသို့ လူရိပ်တစ်ခုထိုးကျလာသောအခါ ချာယို့ဖုန်းသည် ရိပ်ခနဲလှုပ်ရှားလိုက်လေ၏။

"ဒေါက်... "

ဓားပါးတစ်လက်မှာ ခုတင်ပေါ်သို့ တည့်မတ်စွာစိုက်ဝင်သွား၏။

ချာယို့ဖုန်း၏လှုပ်ရှားမှု အနည်းငယ်နှေးကွေးသွားမည်ဆိုပါက ကျိန်းသေအသက်ဆုံးရှုံးရပေလိမ့်မည်။

ချာယို့ဖုန်းက စိတ်တိုသွားသည်။

"ဘယ်သူလဲ... ဒီလောက်ရမ်းကားလှတာ... ကျုပ် အပြစ်မဆိုနဲ့... "

ကျယ်လောင်စွာအော်ဟစ်ရင်း လူရိပ်ကိုတိုက်ခိုက်လေတော့၏။

ထိုစဉ်...

အလင်းရောင်များ ဝင်းလက်သွားပြီး ဓားပါးကလေးသုံးလက် ပစ်လွှင့်လာသည်ကို တွေ့ရ၏။

ယခုတစ်ကြိမ်တွင် ချာယို့ဖုန်း ရှောင်တိမ်းခြင်းမပြုတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက် ဝှေ့ယမ်းလိုက်ရာ ဓားရောင်ဝင်းလက်သွား

၏။

"ချွမ်း... ချွမ်း... ချွမ်း..."

သံသံချင်းထိခိုက်မိသောအသံများ ထွက်ပေါ်လာကာ ဓားပါး

ကလေးများကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားလေ၏။

ဟွီးဟုန်းက မျက်လုံးပြူးကျယ်သွား၏။

သူ၏ဓားပါးကလေးများကို ရှောင်တိမ်းနိုင်လိမ့်မည်ဟု မထင်

မိချေ။

ဤဓားပါးကလေးဖြင့် စီဝမ်းနယ်တစ်ဝှမ်းတွင် လျှမ်းလျှ

တောက် ကျော်ကြားခဲ့သည် မဟုတ်ပါလား။

အခြေအနေမဟန်သည်ကို တွေ့ရလျှင်...

"သေပေတော့..."

ကျယ်လောင်စွာကြုံးဝါးရင်း တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏

သူ၏မာန်ဝင့်လိုက်သောအသံကြောင့် ချာယို့မှုန်း အနည်းငယ်

တန့်သွားစဉ်၊ ဟွီးဟုန်းမှာ တစ်ချိုးတည်း ထွက်ပြေးသွားလေသည်

ချာယို့မှုန်းက အံ့ဩသွားကာ...

"ဟေ့... မပြေးနဲ့..."

ဟန့်တားရင်း နောက်မှပြေးလိုက်သွားသည်။ ဟွီးဟုန်းမှာ

အခန်းအပြင်ဘက်သို့ ထွက်သွားပြီး အမှောင်ထုအတွင်းသို့ တိုးဝင်

ပျောက်ကွယ်သွားလေတော့သည်။



"ဝုန်း..."

အသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

အတွေးလွန်သဖြင့် အိပ်မပျော်သေးသော ကျင်းအောလျှံမှာ

ခေါင်မိုးအုတ်ကြွပ်ပြားများ အပေါက်ဖြစ်သွားပြီး လူတစ်ယောက် ခုန်

ဝင်လာသည်ကို တွေ့ရလျှင် ခုတင်ပေါ်မှ ခုန်ထလိုက်၏။ သူမ အိပ်

မပျော်သည်မှာ ကံကောင်းသွားခြင်းပင် ဖြစ်တော့သည်။

သူမ ကျွမ်းကျင်သော ကိုယ်ဖော့ပညာအသုံးပြုပြီး အပေါ်မှ

ခုန်ချလာသော လူရိပ်အား ဆီးကြိုတိုက်ခိုက်လေတော့သည်။

ကျင်းအောလျှံ၏အခန်းသို့ ဝင်သွားသူမှာ စွန်းဝူ ဖြစ်သည်။

စွန်းဝူသည် ကြမ်းပြင်ပေါ်သို့ ခြေမချရမီ အောက်ဘက်မှ

ဆီးကြိုတိုက်ခိုက်လာသည်ကို သိရလျှင် ထိတ်လန့်သွားသည်။

လေထဲတွင် တစ်ပတ်ကျွမ်းပစ်ကာ အနောက်ဘက်သို့ ခုန်

ထွက်လိုက်၏။

သို့သော်...

အောက်ဘက်မှ ဆီးကြိုတိုက်ခိုက်သူက အရိပ်ပမာ ထက်ကြပ်

မကွာ လိုက်လာပြီး တိုက်ခိုက်သည်။

စွန်းဝူမျက်လုံးပြူးသွားလေတော့သည်။ သူထင်သည်မှာ ထို

လူနှစ်ယောက်ကို လွယ်လွယ်နှင့် သတ်နိုင်မည်ဟု ထင်ခဲ့သည်မဟုတ်

ပါလား။

ဟွီးဟုန်း ပြောသကဲ့သို့ သူတို့ရှင်းပစ်ရမည့်သူများမှာ ခေသူ

www.burmeseclassic.com

www.burmeseclassic.com



များမဟုတ်ကြောင်း သဘောပေါက်သွားသည်။

အကယ်၍သာ သူ၏တပည့်များ လွှတ်လိုက်လျှင် တမင်သက်သက်အသေခံနိုင်းသည်နှင့်ပင် တူပေလိမ့်မည်။

စွန်းဝှက ဓါးမှဓားကို ရုတ်ခြည်းဆွဲထုတ်၍ တိုက်ခိုက်ရသည်။ ဓားထုတ်နေးလျှင် မိမိ၏ဇီဝိန်ပင် ကြွေသွားမည် မဟုတ်ပါလား။

ထိုအခါ...

ကျွင်းအော့လျှံသည် နောက်ဆုတ်သွားလေ၏။

သူမသည် လက်နက်ကိုင်ဆောင်သူနှင့် တွေ့နေရပြီ မဟုတ်ပါလား။

သူသည် မိုက်မိုက်မဲမဲ မတိုက်ဝံ့ချေ။ သူသည် ရန်သူကို ရင်ဆိုင်ပြီး မေးလိုက်သည်။

"ဘယ်သူလဲ... ဘာကြောင့် ဒီအခန်းထဲကို ကျူးကျော်ဝင်လာရတာလဲ..."

စွန်းဝှမှာ ကျွင်းအော့လျှံအား အနိုင်ရမည်မဟုတ်ဟု ရိပ်မိထားပါသည်။

ထို့ကြောင့်...

ဓားကိုရုတ်သိမ်းကာ လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်သည်။

"ကျုပ်ကို ခွင့်လွှတ်ပါဗျာ... ကျုပ် လူမှားသွားတယ်..."

ကျွင်းအော့လျှံသည် ဒေါသထွက်သွားပြီး...

"ဘာ... လူမှားသွားတယ် ဟုတ်လား..."



စွန်းဝှက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်ပါတယ်... ကျုပ်ရန်သူတစ်ယောက် ဒီတည်းခိုခန်းမှာ ရောက်နေတယ် သတင်းကြားလို့ လာခဲ့တာပါ..."

ကျွင်းအော့လျှံလည်း မည်သို့ဆက်ပြောရမှန်းမသိပေ။

ရန်သူက လူမှား၍တိုက်ခိုက်ခဲ့ကြောင်း ဝန်ချတောင်းပန်နေသဖြင့် မတတ်သာတော့ဘဲ...

"ကောင်းပြီ... နောက်တစ်ခါ လူမမှားအောင်ကြိုးစားပါ..."

"စိတ်ချပါဗျာ... ကျုပ် အရမ်းမလုပ်ဝံ့တော့ပါဘူး..."

ပြောပြီးလျှင် ကျွင်းအော့လျှံ ဖွင့်ပေးသောတံခါးမှ အပြင်ဘက်သို့ ပြေးထွက်သွား၏။

ကျွင်းအော့လျှံ အခန်းတံခါးပိတ်မည်အပြုတွင် ချာယို့ဖုန်း၏ အခန်းဘက်မှ အော်သံကြားလိုက်ရသည်။

"မပြေးနဲ့..."

ချာယို့ဖုန်း အော်ဟစ်ပြီး နောက်မှပြေးလိုက်သွားသည်ကို သိလိုက်ရ၏။

ကျွင်းအော့လျှံသည် အခြေအနေကို ကောင်းစွာသဘောပေါက်သွားကာ ချာယို့ဖုန်းနောက်မှ ပြေးလိုက်သွားသည်။

မကြာမီ...

တည်းခိုခန်းအပြင်ဘက်လမ်းကြားကလေးတစ်ခုအတွင်းသို့ ရောက်ရှိသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟွန်းဟုန်းနှင့် စွန်းဗွတို့ ရှေ့မှပြေးသွားကြ၏။

ချာယိုဖုန်းနှင့် ကျင်းအော့လျှံတို့နောက်မှ ထက်ကြပ်မကွာ လိုက်သွားကြသည်။

ဆိုစဉ်မှာပင်…

လမ်းကြားကလေးတစ်ဖက်ထိပ်မှ လက်နက်ကိုယ်စီကိုင်ဆောင်ထားသော လူသုံးဆယ်ခန့် ပြေးလာနေကြသည်ကို တွေ့ရ၏။

ထိုလူများမှာ ဟွန်းဟုန်း၏တပည့်များ ဖြစ်ကြသည်။

ဟွန်းဟုန်းက လက်ဝှေ့ယမ်းပြလိုက်ပြီး…

"ဝိုင်းတိုက်ကြစမ်း… "

ပြေးလွှားလာသူများမှာ ချက်ချင်းပင် ချာယိုဖုန်းနှင့် ကျင်းအော့လျှံတို့အား ဝင်၍တိုက်ခိုက်လိုက်ကြသည်။

"ချွမ်… ချွမ်… ချွမ်… "

"ဒိုး… ဒိုး… ဒိုး… "

ချာယိုဖုန်းနှင့် ကျင်းအော့လျှံတို့သည် ဟွန်းဟုန်းတို့နောက်သို့ ဆက်၍မလိုက်နိုင်တော့ပါ။

ပြေးဝင်တိုက်ခိုက်လာသူများအား ပြန်လည်ခုခံတိုက်ခိုက်လိုက်ရတော့သည်။

ဤသည်ကို အခွင့်ကောင်းယူ၍ ဟွန်းဟုန်းတို့သုံးယောက် ထွက်ပြေးလွတ်မြောက်သွားကြလေတော့သည်။

တိုက်ပွဲပြီးဆုံးသွားချေပြီ။



လမ်းကြားကလေးတစ်ဖက်ထိပ်မှ ပြေးလာကြသူများမှာ လူများသော်လည်း သိုင်းပညာညံ့ဖျင်းသဖြင့် မရှုမလှရှုံးနိမ့်သွားကြ၏။

အချို့မှာ ဒဏ်ရာရပြီး ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ထွက်ပြေးသွားကြသည်။ တိုက်ပွဲတား မလှပပေ။

ကျင်းအော့လျှံနှင့် ချာယိုဖုန်းတို့က သက်သက်ညှာညှာတိုက်ခိုက်၍သာ သေဆုံးသူမရှိခြင်းဖြစ်ပေသည်။

ဟွန်းဟုန်းတို့ထွက်ပြေးသွားကြသောကြောင့် လက်အောက်ငယ်သားများလည်း စိတ်ဓာတ်ကျကာ ဤသို့ရှုံးနိမ့်ရခြင်း ဖြစ်သည်။

ကျင်းအော့လျှံက ရန်သူများနောက်လိုက်မည်အပြုတွင် ချာယိုဖုန်းက ဟန့်တားထားလိုက်သည်။

"မလိုက်နဲ့… "

ကျင်းအော့လျှံက မျက်မှောင်ကုတ်ကာ…

"ဘာဖြစ်လို့လဲ ဆရာ… "

ချာယိုဖုန်းက သက်ပြင်းချပြီး…

"သူတို့နောက်ကို လိုက်သွားလည်း အကြောင်းထူးမှာ မဟုတ်ဘူး… သမီး သူတို့တစ်ယောက်ကို သတ်နိုင်လဲ ဘာထူးမှာလဲ… အခု အဘတို့က သူတို့ကိုသတ်မှ မသတ်တာ… "

ကျင်းအော့လျှံက မကျေမနပ်ဖြစ်နေသော်လည်း ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

ချာယိုဖုန်းက ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… တို့တစ်တွေ ပြန်ကြမယ်… မနက်ဖြန်မိုးလင်းတာနဲ့ ဒီမြို့က ထွက်သွားကြတာပေါ့… ဒီမြို့က မြန်မြန်ထွက်လေ… ရန်ကင်းလေပဲ… "

သူတို့နှစ်ယောက် တည်းခိုခန်းသို့ ပြန်လာခဲ့ကြလေတော့သည်။

❋ ❋ ❋

## အခန်း [ ၂၁ ]

## ဇာဝဝါမှသိုင်းဆရာသို့

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာသည်။

နေရောင်ခြည်သည် ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုးနေရာယူထား၏။

ညဏ်တိတ်ဆိတ်ခြင်းနှင့် ချောက်ချားခြင်းတို့ ကွယ်ပျောက်သွားသောအခါ နေ့၏ကြည်နူးခြင်းနှင့် ရဲရင့်ခြင်းတို့ဝင်ရောက်လာသည်။

တစ်ဖန် တစ်နေ့တာ ကုန်ဆုံးသွားလျှင် ညဘက်သို့ပြန်လည်ရောက်ရှိလာဦးမည် မဟုတ်ပါလား။

နေဝန်းနီမှာ ကောင်းကင်ပေါ်သို့ တဖြည်းဖြည်းမြင့်တက်လာသည်။

တစ်နေရာတည်း၌ ငြိမ်သက်ရပ်တန့်ခြင်း မရှိဘဲ ရွေ့လျားနေသဖြင့် အနောက်ဘက်သို့တစ်ဖန် နိမ့်ဆင်းသွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့သည် ရွှေလိပ်ပြာတည်းခိုခန်းမှ ထွက်လာခဲ့ကြရာ တစ်နေ့တာ ကုန်ဆုံးလုလု ညနေဆည်းဆာအချိန်တွင် သူတို့သည် စီရှုမ်းမြို့ကလေးသို့ ရောက်ရှိလာကြလေတော့သည်။ ရွှေလိပ်ပြာတည်းခိုခန်းနှင့် ဝေးခြင်းသည် သူတို့ထံကျရောက်မည့် ဘေးရန်အန္တရာယ်များနှင့် ကင်းဝေးခြင်းပင်ဖြစ်လေတော့သည်။

ဤသို့ဖြင့် ညခင်းသို့ ဆိုက်ရောက်လာလေ၏။

ချာယို့ဖုန်းနှင့်ကျင်းအော့လျှံတို့မှာ တည်းခိုခန်းတစ်ခုသို့ ရောက်ရှိလာပြန်သည်။ သူတို့အခန်းငှားကြသည်။ ဆရာတစ်ခန်း၊ တပည့်တစ်ခန်း ဖြစ်သည်။ စားသောက်ကြသည်။

သို့သော်…

သူတို့အား အနှောင့်အယှက်ပေးမည့်သူ တစ်စုံတစ်ယောက်မှ မတွေ့ရချေ။

ညမိုးချုပ်လျှင် ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ အိပ်ရာဝင်ကြရတော့သည်။ ဆရာတပည့်နှစ်ဦး အထွေအထူးလည်း ပြောစရာမရှိပေ။

အိပ်ရာဝင်လျှင် လဲလျောင်းမိသော်လည်း ညဉ့်နက်သည်အထိ ကျင်းအော့လျှံ အိပ်မပျော်ပါ။

ကျင်းအော့လျှံမှာ အိပ်မပျော်သည့်အဆုံး ခုတင်ပေါ်၌ထထိုင်လိုက်၏။



ထိုစဉ်…

အခန်း၏ပြတင်းပေါက်တံခါး ဖွင့်ထားမိသည်ကို တွေ့ရလေသည်။

ပြတင်းတံခါး၌ တပ်ဆင်ထားသော စာပဝါသည် အပြင်ဘက်မှ လေပြည်လေညင်းကလေးများ တိုက်ခတ်လာသောအခါ ညင်ညင်သာသာ လှုပ်လှုပ်နေသည်။

လေတိုက်ခတ်မှု ကြမ်းတမ်းလာလျှင် စာပဝါလည်း လှုပ်လှုပ်ရှားရှား ဖြစ်ကာ အပေါ်သို့ လန်တက်သွား၏။

တစ်ဖန် လေငြိမ်သွားလျှင် ပြန်လည်ငြိမ်သက်သွားပြန်သည်။

စာပဝါကိုကြည့်ရင်း သဘောတရားတစ်ခုကို ကျင်းအော့လျှံ နားလည်မိလေ၏။

မည်သည့်အရာမဆို တစ်ဖက်သတ်ဆုံးဖြတ်ကာ လုပ်ဆောင်၍ မရချေ။

ဖြစ်ပေါ်လာသည့် အကြောင်းကိစ္စများနှင့် ပတ်သက်ပြီး လိုက်လျောညီထွေစွာ ဆောင်ရွက်တတ်ရပေမည်။

ကျင်းအော့လျှံမှာ စွန်ပေ့ကိုအား ရှုံးနိမ့်ခဲ့သည်ကို ပြန်လည်မြင်ယောင်လာ၏။

အမှန်ဆိုလျှင် သူမ၏သိုင်းပညာသည် စွန်ပေ့ကိုထက်သာနေသော်လည်း အသုံးချပုံ လွဲမှား၍ ရှုံးနိမ့်ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စွန်ပေ့ကျိုး၏တိုက်ကွက်များကို အခြေခံကာ လိုက်လျောညီထွေစွာ ပြန်လည်တိုက်ခိုက်လျှင် သူမ၏သိုင်းပညာ အစွမ်းအစကိုဖော်ထုတ်နိုင်ပေမည်။

စွန်ပေ့ကျိုးကို အနိုင်ရရန် သေချာလှသည်။

ကျင်းအော့လျှံမှာ ထိုသို့တွေးမိသည်နှင့် စိတ်ရွှင်လန်းတက်ကြွလာ၏။

အိပ်မရသည့်အတူတူ အခန်းတွင်း၌ပင် သင်ကြားတတ်မြောက်ထားသော သိုင်းကွက်များကို ပြန်လည်လေ့ကျင့်နေတော့သည်။

သူမသည် ချာယို့ဖုန်း၊ ဓားမဲ့သိုင်းသမား ကွမ်းဟုန်အင်းနှင့် ကျုန်းဟိုပေါက်တို့ သင်ကြားပေးလိုက်သော သိုင်းကွက်များကို ပြန်လည်လေ့ကျင့်လိုက်သည်။

ယခုတစ်ကြိမ် သူမ၏လှုပ်ရှားပုံမှာ ယခင်ကနှင့် လုံးဝမတူဘဲ ကွဲပြားခြားနားသွားသည်။

သိုင်းကွက်များ၏အနှစ်သာရကို သဘောပေါက်နားလည်ထားပြီးဖြစ်၍ အချို့နေရာများတွင် တည်တည်ငြိမ်ငြိမ်နှင့် သိုင်းကွက်ဆင်ပြီး အချို့နေရာများတွင် ကြမ်းကြမ်းရမ်းရမ်း သိုင်းကွက်ဆင်၏။

တစ်ခါတစ်ရံ ကျွမ်းကျင်သော ကချေသည်တစ်ယောက်ပမာ လှုးလွန့်လှုပ်ရှားနေသည်။

သူမ၏စိတ်ထဲ၌ အရင်ကထက်ပို၍ ကိုယ့်ကိုယ်ကို ယုံကြည်မှု



ပိုလာသည်။ မည်သည့်ပညာမဆို ကိုယ့်ကိုယ်ကို ယုံကြည်ရန်အရေးကြီးသည်။

အမှန်ဆိုလျှင် ထူးထူးခြားခြား သိုင်းပညာတိုးတက်လာခြင်းမဟုတ်ပါ။

သိုင်းကွက်များ၏အနှစ်သာရကို သဘောပေါက်နားလည်ပြီး နည်းစနစ်တကျ ဖော်ထုတ်အသုံးပြုနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ကျင်းအော့လျှံမှာ သိုင်းကွက်များအား လေ့ကျင့်သည်။

မောပန်းသည့်အခါ အနားယူပြီး သိုင်းကွက်ဖော်ထုတ်အသုံးပြုပုံကို စဉ်းစား၏။

သိုင်းကွက်တစ်ကွက်အား အပြန်ပြန်အလှန်လှန် စဉ်းစားလေ့ကျင့်ပြီးသောအခါ ပြီးပြည့်စုံစွာ နားလည်သဘောပေါက်လာ၏။

ကျင်းအော့လျှံမှာ ပြတင်းပေါက်ဓာပဝါနှင့် လေတိုက်ခတ်မှုတို့ လိုက်လျောညီထွေစွာ ရှိပုံကိုကြည့်ရင်း လေ့ကျင့်လိုက်သောအခါ ထိပ်တန်းသိုင်းသမားအဆင့်သို့ တစ်မဟုတ်ချင်း တိုးတက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်လ…

တစ်လဟူသောအချိန်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကုန်ဆုံးသွားပြီဖြစ်သည်။

ထိုတစ်လအတွင်း၌ ကျောင်းအောင်လျှံသည် နံနက်မိုးလင်းလျှင် အခန်းအပြင်သို့ထွက်ကာ အစားအသောက်များ စားသောက်သည်။ ဆရာဖြစ်သူ ချာယို့ဖုန်းသည်လည်း သူ ထမင်းစားချင်သည့်အချိန် ထွက်စားသည်။ ဆရာတပည့်နှစ်ယောက် မဆုံကြတော့ပေ။

ထို့နောက်…

အခန်းထဲသို့ ပြန်ဝင်သွားသည်။

တစ်နေ့လုံး အခန်းအောင်းနေပြီး ညနေစာစားချိန်မှ အပြင်ထွက်လာသည်။

ညစာစားပြီးလျှင် အခန်းအောင်းနေပြန်သည်။

တစ်လလုံးလုံး ကျောင်းအောင်လျှံသည် အထူးပင် ငြိမ်သက်နေသောကြောင့် ချာယို့ဖုန်းသည် တပည့်ဖြစ်သူ ဘာများဖြစ်သနည်းဟု စိုးရိမ်လာသည်။

နောက်ဆုံးတစ်နေ့တွင် ကျောင်းအောင်လျှံကို စောင့်ဆိုင်းပြီး မေးမြန်းမိသည်။

"ကျောင်းအောင်လျှံ… မင်းဘာတွေဖြစ်နေတာလဲ… "



ကျောင်းအောင်လျှံက ချက်ချင်းအဖြေမပေးပါ။

အတန်ကြာ တွေဝေစဉ်းစားပြီးမှ သက်ပြင်းချကာ…

"သမီး သိုင်းကွက်တွေရဲ့အနှစ်သာရနဲ့ နည်းစနစ်တကျ အသုံးပြုပုံကို ခေါင်းတွေးတောစဉ်းစားနေတာပါ… စဉ်းစားပြီး လေ့ကျင့်နေတာပါ… "

ချာယို့ဖုန်းက အံ့သြသွားသည်။

"အေး… အဲဒီလို စဉ်းစားပြီး လေ့ကျင့်ပါလို့ ငါပြောခဲ့သားပဲ"

ကျောင်းအောင်လျှံက…

"ဆရာနိုင်းတဲ့အတိုင်း လေ့ကျင့်မယ်ဆိုရင် သုံးနှစ်လောက်ကြာမယ်လို့ ဆရာပြောတယ် မဟုတ်လား… "

ချာယို့ဖုန်းက ခေါင်းညိတ်ပြလိုက်ပြီး…

"အေး… ဟုတ်တယ်လေ… အဲဒါဘာဖြစ်လဲ… "

ကျောင်းအောင်လျှံက ဆက်ပြောလိုက်သည်။

"ဒီထက်မြန်တဲ့နည်းလမ်း မရှိတော့ဘူးလား… "

ချာယို့ဖုန်းက အံ့သြသွားသည်။

ကျောင်းအောင်လျှံ အားနားမလည်နိုင်စွာ စိုက်ကြည့်လိုက်သည်။

"သမီး ဘယ်လိုဖြစ်နေတာလဲ… သိုင်းပညာမှာ ဖြတ်လမ်းမရှိဘူးဆိုတာ မင်းမသိဘူးလား… လေ့ကျင့်လေလေ… သူ့အဘော်ကို သိလေလေပဲ… "

www.burmeseclassic.com



ကျင်းအော့လျှံက ခေါင်းညိတ်လိုက်သည်။

"သမီး နားလည်ပါတယ်... ဒါပေမယ့် မြန်မယ့်နည်းလမ်း ရှာဖွေစဉ်းစားကြည့်မိတာပါ..."

ချာယို့ဖုန်းက စိတ်ပျက်သွားသည်။

"ဟာ... သမီးရယ်... ရှုးများရှုးနေသလားကွယ်... သိုင်းပညာမှာ ဖြတ်လမ်းနည်းဆိုတာ မရှိပါဘူးကွယ်... တဖြည်းဖြည်းတက်ကြရတာမဲ့..."

ချာယို့ဖုန်း၏စကားမဆုံးမီ ကျင်းအော့လျှံက ကြားဖြတ်ဝင်ပြောလိုက်လေသည်။

"သိုင်းပညာနဲ့ သိုင်းကွက်တွေရဲ့ အနှစ်သာရအသုံးပြုပုံ နည်းစနစ်ကို မြန်မြန်ဆန်ဆန် သဘောပေါက်နားလည်စေမယ့် နည်းလမ်းတစ်ခု သမီး တွေ့ထားတယ်..."

ချာယို့ဖုန်းသည် ပါးစပ်ပဟောင်းလောင်း ဖြစ်သွားသည်။

"ကျင်းအော့လျှံ... မင်း ဘာတွေလျှောက်ပြောနေတာလဲ"

ကျင်းအော့လျှံက...

"သမီး အမှန်အတိုင်း ပြောနေတာပါ ဆရာ..."

ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်ပြီး...

"မဖြစ်နိုင်ပါဘူး သမီးရယ်..."

ကျင်းအော့လျှံက ဆက်ပြောလိုက်ပြန်သည်။



"သမီး... ကြိုးစားလေ့ကျင့်တာ အောင်မြင်မှုရနေပါပြီ..."

ကျင်းအော့လျှံသည် ဆရာဖြစ်သူအား ဆန့်ကျင်ပြောကြားနေသည့် တပည့်ဖြစ်သူအား ဒေါသထွက်သွားသည်။

"ဘာဘ မယုံဘူး... မင်းရှာတွေ့တဲ့နည်းလမ်း မှန်ကန်မယ်ဆိုရင် မင်းရဲ့သိုင်းကွက်တွေ တိုးတက်လာရမယ်ပေါ့..."

ကျင်းအော့လျှံက ပါးစပ်ပိတ်သွားလေတော့၏။

ချာယို့ဖုန်းက တခဏမျှ စဉ်းစားပြီးပြောလိုက်လေ၏။

"မင်းရဲ့သိုင်းပညာကို ဘာဘ စမ်းသပ်ကြည့်မယ်..."

ကျင်းအော့လျှံက မျက်လုံးပြူးကျယ်သွားကာ...

"ဆရာ..."

ချာယို့ဖုန်းက လက်ကာပြလိုက်သည်။

"စကားမရှည်နဲ့... မင်း သတိထားပြီး ခုခံပေတော့..."

စကားဆုံးမီမှာပင် ချာယို့ဖုန်းက စတင်တိုက်ခိုက်လိုက်လေတော့သည်။

ချာယို့ဖုန်းက ပြင်းပြင်းထန်ထန် တိုက်ခိုက်လာ၍ ခြေမကိုင်မိ လက်မကိုင်မိကာ ရှောင်တိမ်းရလေတော့၏။

ထိုစဉ်...

လေပြင်းတိုက်၍ လှုပ်လှုပ်နေသော ဓာပဂါကို ပြန်လည်မြင်ယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ချာယို့ဖုန်း၏တိုက်ခိုက်မှုကို ပွတ်ကာသီကာ ရှောင်တိမ်းလိုက်သည်။

သူမ၏လှုပ်ရှားမှုမှာ လေပြင်းတိုက်သည့်အခါ ဓာပဝါ၏ လှုပ်ရှားမှုနှင့် ထပ်တူထပ်မျှပင် ဖြစ်နေတော့သည်။

ချာယို့ဖုန်းသည် အံ့ဩသွား၏။

သို့သော်...

စကားမပြောဘဲ ဆက်၍တိုက်ခိုက်လိုက်သည်။

ကျင်းအော့လျှံမှာ ပြန်လည်ခုခံခြင်းမပြုဘဲ အသာအယာရှောင်တိမ်းနေ၏။

ဤသို့ဖြင့် ချာယို့ဖုန်း၏ တိုက်ကွက်များ တစ်စထက်တစ်စ ပြင်းထန်လာသည်။

ကျင်းအော့လျှံ၏ရှောင်တိမ်းမှုမှာလည်း တစ်စထက်တစ်စ လျင်မြန်လာသည်။

ချာယို့ဖုန်းက အင်အားသုံး၍ ပြင်းထန်စွာတိုက်ခိုက်လျှင် သူမသည် လူးလွန့်လှုပ်ရှားကာ လျင်မြန်စွာ ရှောင်သည်။

ချာယို့ဖုန်း၏တိုက်ကွက်များ နှေးကွေးလေးလံလာလျှင် သူမ၏လှုပ်ရှားမှုလည်း နှေးကွေးလေးလံသောအသွင်သို့ ပြောင်းလဲသွား၏။

ဤသို့ဖြင့် သူတို့နှစ်ယောက် သိုင်းပညာယှဉ်ပြိုင်နေကြလေ



တော့သည်။

သိုင်းကွက်တစ်ရာ ပြည့်သွားသောအခါ ချာယို့ဖုန်းက တိုက်ခိုက်မှုကို ရပ်လိုက်သည်။

ကျင်းအော့လျှံမှာလည်း နောက်ဆုတ်သွားလေ၏။

ထို့အပြင် ကြမ်းပြင်ပေါ်သို့ ဒူးထောက်ကာ...

"ဆရာ..."

ချာယို့ဖုန်း၏မျက်ဝန်းအစုံတွင် ထူးခြားသည့်အရိပ်အယောင်များ ထွက်ပေါ်နေသည်။

ဝမ်းသာ၍လော၊ ဝမ်းနည်း၍လော မပြောသာချေ။

အတန်ကြာမှ ချာယို့ဖုန်းက သက်ပြင်းချကာ...

"သိုင်းကွက်တစ်ရာအထိ မင်းခံနိုင်ရည်ရှိတယ်ဆိုတော့ ... ချီးကျူးဖို့ကောင်းပါတယ်... မင်းရဲ့သိုင်းပညာဟာ မယုံနိုင်လောက်အောင် တိုးတက်လာတာ အံ့ဩစရာပဲ... "

ကျင်းအော့လျှံမှာ ဝမ်းသာလွန်း၍ ရင်တထိတ်ထိတ်ခုန်နေလေသည်။

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

"ဒါပေမယ့်... နောက်ထပ်သိုင်းကွက်ငါးဆယ်အထိ မင်းခံနိုင်မှာ မဟုတ်ဘူး... "

ကျင်းအော့လျှံက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

"ဟုတ်ပါတယ်… ဆရာ့ရဲ့သိုင်းကွက်တွေသာ ဆက်ပြီးထွက်ပေါ်လာရင် သမီး ဘယ်လိုရှောင်တိမ်းရမလဲဆိုတာ… စဉ်းစားလို့မရတော့ဘူး… ဆရာသာ ဆက်ပြီးတိုက်ခိုက်ရင် သမီး ဒုက္ခတွေ့ရမှာပါ"

မှန်ပါ၏။

ပြင်းထန်သော တိုက်ကွက်များ ဖော်ထုတ်သည့်အခါ မရပ်မနား ဆက်တိုက်ဖော်ထုတ်ခြင်းဖြင့် ရန်သူကိုလဲကျသွားစေရပေမည်။

ချာယို့ဖုန်းမှာဆက်၍ တိုက်ခိုက်လျှင် ကျင်းအော့လျှံ ရှောင်နိုင်တော့မည် မဟုတ်မှန်း သိထား၏။

ထို့ကြောင့်…

အချိန်မီ ရပ်လိုက်ခြင်းဖြစ်သည်။

သို့မဟုတ်ဘဲ ဆက်၍တိုက်ခိုက်မည်ဆိုပါက အရှိန်မထိန်းနိုင်လျှင် ကျင်းအော့လျှံ ဒုက္ခတွေ့ပေလိမ့်မည်။

ချာယို့ဖုန်းက ကျင်းအော့လျှံအား ချီးကျူးသောအကြည့်ဖြင့် ကြည့်ကာ…

"သမီး မဆိုးဘူး… သူများသုံးနှစ်လောက် လေ့ကျင့်ရမယ့်နေရာမှာ တစ်လလောက် လေ့ကျင့်ရုံနဲ့ အောင်မြင်လာတယ်… သမီးက ဘယ်လိုနည်းလမ်း တွေ့ခဲ့တယ်ဆိုတာ ပြောပြပါဦး… "

ကျင်းအော့လျှံသည် အိပ်မပျော်သည့်ညက လေပြင်းတိုက်ခတ်မှုနှင့် ဓာပဝါလှုပ်ရှားပုံတို့ကိုကြည့်ပြီး အခြေခံသဘောတရားများ



နားလည်လာကာ သိုင်းပညာလေ့ကျင့်အသုံးပြုခဲ့ပုံကို ပြောပြလိုက်သည်။

ကျင်းအော့လျှံ၏စကားဆုံးလျှင် ချာယို့ဖုန်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ…

"သမီး… မဆိုးဘူး… ဒါပေမယ့် အတွင်းအား လေ့ကျင့်တဲ့နည်းလမ်းကိုတော့ ဒီပုံစံမျိုးနဲ့ နမူနာယူလို့မရဘူးဆိုတာ မမေ့နဲ့… "

ကျင်းအော့လျှံက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ဆရာ… "

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

"သမီးရဲ့သိုင်းပညာ တော်တော်ကလေး တိုးတက်နေပြီ… ဒါပေမယ့် အတွင်းအား လိုသေးတယ်… အတွင်းအား လေ့ကျင့်ရမယ်… "

ကျင်းအော့လျှံက ခေါင်းညိတ်ပြလိုက်ပြီး…

"စိတ်ချပါ ဆရာ… အတွင်းအားပြည့်ဝအောင် သမီး လေ့ကျင့်ပါ့မယ်… "

ကျင်းအော့လျှံ၏ အလိုက်သိ၍ ရိုသေလေးစားတတ်မှုကြောင့် ချာယို့ဖုန်း၏မျက်နှာ ပြုံးရွှင်သွားလေတော့သည်။

❀ ❀ ❀

www.burmeseclassic.com



ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့သည် စားသောက်နေကြရင်း သူတို့ကို အကဲခတ်ကြည့်နေသောလူကို သတိပြုမိလိုက်သည်။

"ဆရာ... သမီးတို့ကို လူတစ်ယောက် အကဲခတ်ကြည့်နေတယ်... "

ချာယို့ဖုန်းက မသိမသာ ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်တယ်... "

ကျင်းအော့လျှံက ဆက်ပြောလိုက်သည်။

"ဒီလူရဲ့အကြည့် မရိုးသားဘူး... လူဆိုးတစ်ယောက်ဖြစ်မယ်ထင်တယ်... သမီး အကဲခတ်ရသလောက် ပြောရမယ်ဆိုရင်... "

ချာယို့ဖုန်း လက်ကာပြပြီး လေသံတိုးတိုးဖြင့်...

"သမီး... စကားပြောတာ တိုးတိုးပြောစမ်း... "

ချာယို့ဖုန်းက သတိပေးလိုက်၍ ကျင်းအော့လျှံသည် အသာငြိမ်နေလိုက်ရတော့သည်။

ချာယို့ဖုန်းက အသံတိုးတိုးဖြင့်...

"ဒါကြောင့်... ဘဘပြောတာပေါ့... စားပြီးသောက်ပြီးကြရင် ရှေ့ဆက်သွားကြစို့... ဘဘတို့ကို ဂရုစိုက်နေတဲ့လူတွေကို လွတ်အောင်ရှောင်ရမယ်... အဲဒါမှ ရန်ပွဲတွေငြိမ်းမှာ... တွေ့တဲ့လူတိုင်းလိုလို ဘဘတို့ကို ရန်ပြုချင်တဲ့လူတွေချည်း ဖြစ်နေတယ်... "



ယင်းသို့ ပြောပြီးလျှင် ဆိုင်လုလင်တစ်ယောက်ကို ခေါ်ကာ ကျသင့်ငွေ ရှင်းပေးလိုက်၏။

ထို့နောက်...

သူတို့နှစ်ယောက်သည် တည်းခိုခန်းထဲမှ ထွက်ခွာလာကြလေတော့၏။

တံခါးဝသို့ရောက်သောအခါ အပြင်ဘက်မှ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ ကျင်းအော့လျှံအားတွေ့လျှင် မျက်လုံးပြူးကျယ်သွားပြီး လမ်းပိတ်ရပ်ထားလိုက်သည်။

ကျင်းအော့လျှံကို ခြေဆုံးခေါင်းဆုံး စိုက်ကြည့်နေလေသည်။

ထိုလူ၏အကြည့်ကြောင့် ကျင်းအော့လျှံ၏မျက်နှာ နီရဲသွားသည်။

အံကိုတင်းတင်းကြိတ်ရင်း...

"ရှင် ဘယ်လိုလုပ်တာလဲ... လမ်းဖယ်ပေးဝါ... "

ထိုလူမှာ အသက်သုံးဆယ်ကျော်ခန့်ရှိသောလူတစ်ယောက်ဖြစ်သည်။

ကျင်းအော့လျှံက လေသံမာမာဖြင့် ပြောလိုက်လျှင် ချက်ချင်း လမ်းဖယ်ပေးသည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခန္ဓာကိုယ်မှာစားပွဲတွင်ထိုင်၍ ကျင်းအော့လျှံအား အကဲခတ်ကြည့်၍ နေသူ၏မြင်ကွင်းကို အကာအကွယ်ပြုသလို ဖြစ်သွားလေသည်။

ထိုစဉ်…

အတွင်းဘက်မှ ကျယ်လောင်သော ဟိန်းသံတစ်သံထွက်ပေါ်လာသည်။

"ဟေ့… ချူဖန်း… ငါ့မြင်ကွင်းကို မကွယ်နဲ့… "

ထိုစကား းသံကြားလျှင် အသက်သုံးဆယ်ကျော်ရှိသူမှာ ဆိုင်အတွင်းသို့ လှမ်းကြည့်လိုက်သည်။

သူ၏အမည်မှာ ချူဖန်းဖြစ်ဟန်တူလေသည်။

အတွင်းဘက်မှ ထွက်ပေါ်လာသောအသံသည် ကျင်းအော့လျှံတို့အား စားပွဲတွင်ထိုင်၍ အကဲခတ်ကြည့်နေသူ၏အသံ ဖြစ်သည်။

ချူဖန်းမှာ ထိုလူကိုတွေ့လျှင် အားရပါးရပြုံးကာ…

"လက်စသတ်တော့ ခင်ဗျားလည်း ဒီကိုရောက်နေတာကိုး"

"ဟုတ်တယ်… "

"ဘယ်လိုလဲ… ခင်ဗျားတစ်ယောက်တည်း အပိုင်စီးချင်လို့တော့ မရဘူးနော်… ကျုပ်လည်း တစ်ဝက်ဆိုင်တယ်… "

ဆိုင်အတွင်းမှလူက တဟားဟားရယ်မောလိုက်၍…

"ဟား… ဟား… ရပါတယ်ဗျာ… ဒါပေမယ့် ခင်ဗျားရဲ့အဖော်တွေပါလို့ မဖြစ်ဘူးနော်… "



ထိုလူနှစ်ယောက်မှာ သူတို့ကို ရည်ရွယ်၍ပြောနေကြောင်း ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ နားလည်လိုက်ကြသည်။

ကျင်းအော့လျှံက ထိုလူနှစ်ယောက်ထံသို့ လျှောက်သွားမည့်အပြုတွင် ချာယို့ဖုန်းက ဟန့်တားလိုက်သည်။ ကျင်းအော့လျှံ ဘာလုပ်တော့မည်ကို ချာယို့ဖုန်း ရိပ်မိလေ၏။

"မသွားနဲ့ ကျင်းအော့လျှံ… တို့လမ်း တို့သွားကြစို့… "

စကားဆုံးသောအခါ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေ၏။

ကျင်းအော့လျှံလည်း မတတ်သာဘဲ နောက်မှလိုက်သွားရ၏။

သို့သော်…

သူမစိတ်ထဲ၌ လုံးဝမကျေနပ်ချေ။

ထိုလူနှစ်ယောက်အား ဆုံးမလိုစိတ်များ တဖွားဖွားဖြစ်ပေါ်နေလေတော့သည်။ သူမသည် ချာယို့ဖုန်းကဲ့သို့ အတွေ့အကြုံများသူ မဟုတ်ချေ။

မြွေပေါက်ကဲ့သို့ ထိသည်နှင့် ပေါက်တတ်သူ ငယ်ရွယ်သူ ဖြစ်လေသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းမှာ အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ထမင်းဆိုင်နှင့် အတော်ဝေးဝေးရောက်လာမှ ကျင်းအော့လျှံ ကာမကျေမနပ်ဖြင့် စကားစလိုက်သည်။

“ဆရာ… တည်းခိုခန်းထဲမှာ ထိုင်နေတဲ့လူရယ်… ကျွန်မတို့ ထွက်လာတဲ့အခါ ဆိုင်ထဲဝင်လာသူရယ်… သူတို့နှစ်ယောက်ဟာ လူကောင်းတွေမဟုတ်ဘူးဆိုတာ သေချာတယ် မဟုတ်လား… ”

ချာယို့ဖုန်းက ခေါင်းညိတ်ပြလိုက်၏။

“သေချာပါတယ်… ”

ကျင်းအော့လျှံက မျက်မှောင်ကုတ်ရင်း…

“ဒါဖြင့် သူတို့ကို ဘာဖြစ်လို့ မဆုံးမတာလဲဟင် ဆရာ… ဆုံးမသင့်တာပေါ့… ”

“အကြောင်းရှိလို့ပေါ့ကွယ်… အကြောင်းမရှိရင် သမီးကို ဘယ်တားမလဲ… ”

ကျင်းအော့လျှံက အံ့သြသွားကာ…

“အကြောင်းရှိလို့ ဟုတ်လား… ”

ချာယို့ဖုန်းက ခေါင်းညိတ်ပြလိုက်ပြီး…

“ဟုတ်တယ်… တို့က တစ်ဘက်ထဲကို အာရုံစိုက်နေရင် ကျန်တဲ့တစ်ဘက်ကို သတိပြုမိမှာ မဟုတ်ဘူး… ဘယ်နေရာမဆို သတိ ဝီရိယရှိရမယ်ဆိုတာ အရာရာကို သတိပြုနိုင်ဖို့ ပြောတာ… ဘာမှ



မဟုတ်တဲ့ကိစ္စတစ်ခုကို အာရုံစိုက်နေရင် ဒုက္ခတွေ့မှာ သေချာတယ်”

ကျင်းအော့လျှံက ချာယို့ဖုန်း၏စကားကို နားမလည်နိုင်ချေ။

“ဆရာပြောတာ ကျွန်မ နားမလည်ဘူး… ”

ချာယို့ဖုန်းက သက်ပြင်းချ၏။

ကျင်းအော့လျှံကို တစ်ချက်စိုက်ကြည့်လိုက်ပြီး…

“ဆိုင်ထဲမှာ တို့ကိုအကဲခတ်ကြည့်နေတဲ့လူ ဘယ်နှစ်ယောက်ရှိလဲ… ”

ကျင်းအော့လျှံက လက်တစ်ချောင်းထောင်ပြလိုက်ပြီး…

“တစ်ယောက်တည်းပါ… ”

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

“တစ်ယောက်တည်းမဟုတ်ဘူးကွယ့်… မင်း… တခြား တစ်ယောက်ကိုရော မြင်သေးသလား… ”

ကျင်းအော့လျှံက အံ့သြသွားလေ၏။

“ရှင်… ”

ချာယို့ဖုန်းက ခေါင်းညိတ်ပြလိုက်ပြီး…

“အေး… မင်းသာ သေသေချာချာအကဲခတ်ကြည့်တတ်မယ်ဆိုရင် တို့ကိုမျက်ခြည်မပြတ် အကဲခတ်ကြည့်နေတဲ့လူဟာ တစ်ယောက်တည်းမဟုတ်ဘဲ နှစ်ယောက်ဖြစ်နေတယ်ဆိုတာ သိလာမှာပဲ… ”

ကျင်းအော့လျှံက ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

“ရှင်… နှစ်ယောက် ဟုတ်လား… ”

www.burmeseclassic.com

www.burmeseclassic.com



ချာယို့ဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... "

ကျောင်းအော့လျှံက တအံ့တသြဖြင့်...

"ဆိုင်ထဲကိုဝင်လာတဲ့လူကိုပါ ထည့်ပြောတာလား... "

ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"အဲဒီလူပါရင် သုံးယောက်ဖြစ်မယ်... "

ကျောင်းအော့လျှံမှာ လူနှစ်ယောက်ကိုသာ သတိထားမိ၏။

ကျန်သည့်လူတစ်ယောက်မှာ မည်သူဖြစ်နေပါသနည်း။

ကျောင်းအော့လျှံမှာ ချာယို့ဖုန်းကို အကဲခတ်ကြည့်ကာ...

"ကျွန်မနှစ်ယောက်ကိုပဲ သတိပြုမိတယ်... ကျန်တဲ့လူတစ်ယောက်က ဘယ်သူလဲ ဆရာ... "

ချာယို့ဖုန်းက သက်ပြင်းချလိုက်ပြီး...

"ဒီလူဟာ ဆိုင်ရဲ့အတွင်းဘက် ချောင်ကျကျစားပွဲမှာ ထိုင်နေတယ်... သူက တို့ဝင်လာတာနဲ့ တစ်ချိန်လုံး မသိမသာ အကဲခတ်ကြည့်နေတယ်... အဲဒီလူကို တစ်ချိန်လုံး ဘဘ မသိမသာ အကဲခတ်နေတာကွယ့်... "

ကျောင်းအော့လျှံက စိတ်ဝင်စားစွာဖြင့်...

"အဲဒီလူ ဘယ်သူလဲဆိုတာ ဆရာ သိလား... "

ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်ပြီး...

"မသိဘူး... သူက အသက်လေးဆယ်ကျော်လောက်ပဲရှိဦးမယ်... သူ့ကိုကြည့်ရတာ ကုန်သည်ပွဲစား မဖြစ်နိုင်ဘူး... သိုင်းသမားတစ်ယောက် ဖြစ်ရမယ်... အင်း... ဘဘ စိတ်ထင်ပြောရရင် မန်ချူးတွေရဲ့ လက်မရွံ့လူသတ်သမား တစ်ယောက်လို့ ထင်တယ်... "



ထိုစကားကြားရလျှင် ကျောင်းအော့လျှံ ရင်ထိတ်သွားလေ၏။

ချာယို့ဖုန်းက စည်းခိုခန်းအတွင်းမှ အမြန်ဆုံးထွက်ရန် ဆွဲခေါ်ခဲ့ရခြင်း၏အကြောင်းရင်းကိုလည်း နားလည်သဘောပေါက်ဟ၏။

ချာယို့ဖုန်းသည် ထမင်းဆိုင်အပြင်ဘက် မြင်းများချည်နှောင်ထားသောနေရာသို့ရောက်လျှင်...

"ကဲ... တို့တစ်တွေ အမြန်ဆုံးခရီးဆက်ကြစို့... "

ပြောပြီး မြင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

ကျောင်းအော့လျှံလည်း စောဒကမတက်တော့ပါ။

မြင်းပေါ်ခုန်တက်ပြီးလျှင် ချာယို့ဖုန်းနှင့်အတူ ဒုန်းစိုင်းထွက်ခွာသွားလေတော့သည်။ သူသည် သိုင်းလောကအတွေ့အကြုံနှင့် ဗဟုသုတရရှိရန် ချာယို့ဖုန်းနှင့်အတူ လိုက်လာခဲ့သည်။ သူမ အတုယူရမည့် သင်ခန်းစာများမှာ ကုန်နိုင်ဖွယ်မရှိတော့ဟု ထင်မှတ်မိလေ၏။

ကျောင်းအော့လျှံနှင့် ချာယို့ဖုန်းတို့ ထွက်ခွာသွားကြပြီး မကြာမီ ချူဖန်းဆိုသူနှင့် လူတစ်ယောက်ထွက်လာသည်။

ချူဖန်းနှင့်အတူ ထွက်လာသူမှာ ဝမ်ချီဖြစ်၏။

ချူဖန်းနှင့် ဝမ်ချီတို့မှာ လမ်းစားပြများဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ချာယို့ဖုန်းတို့ ထွက်ခွာသွားရာဘက်သို့ မျှော်ကြည့်လိုက်ပြီး ဖြတ်လမ်းအသုံးပြုကာ ပြေးလွှားလိုက်သွားကြ၏။

သူတို့ထွက်သွားပြီးလျှင် ထမင်းဆိုင်ထဲမှ အသက်လေးဆယ်ကျော်ခန့်ရှိသူ တစ်ယောက်ထွက်လာသည်။

ထိုလူကလည်း ချူဖန်းနှင့် ဝမ်ချီတို့နောက်သို့ တိတ်တဆိတ်ပြေးလိုက်သွား၏။

မကြာပါချေ။ သူတို့အားလုံး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

## အခန်း [ ၂၂ ]

## ဘိုင်းလောတအတွေ့အကြုံ

တောင်ကြားလမ်း...

ကျင်းအော့လျှံနှင့် ချာယို့ဖုန်းတို့ မြင်းကိုယ်စီဖြင့် မောင်းနှင်လာကြရာ အရှေ့ဘက်တွင် တောင်ကြားလမ်းတစ်ခု ရှိနေသည်ကို တွေ့ရ၏။

တောင်ကြားလမ်းမှာ အနည်းငယ်ရှည်လျားပြီး လူတစ်ယောက် ဝင်နိုင်ရုံမျှသာ ကျယ်ဝန်းသည်။

တောင်ကြားလမ်းသို့ရောက်လျှင် ကျင်းအော့လျှံနှင့် ချာယို့ဖုန်းတို့ မြင်းကိုယှဉ်ကာ မောင်းနှင်သွားရန် မဖြစ်နိုင်တော့ပါ။

ကျင်းအော့လျှံက ရှေ့ဆုံးမှဝင်သွားမည်အပြုတွင် ချာယို့ဖုန်းက ဟန့်တားလိုက်၏။

"ကျင်းအော့လျှံ... ခဏနေဦး..."

ကျင်းအော့လျှံက မြင်းဇက်ကြိုးကို ဆွဲကာ ရပ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချာယို့ဖုန်းက တောင်ကြားလမ်းထိပ်ဝတွင် ရပ်တန့်ကာ အတွင်းဘက်သို့ အခြေအနေ အကဲခတ်ကြည့်လိုက်သည်။

တောင်ကြားတစ်ခုလုံး တိတ်ဆိတ်နေ၏။

သက်ရှိသက်မဲ့ဗျာပါရများမှုဟူ၍ လုံးဝမတွေ့ရချေ။

ကျင်းအော့လျှံမှာ မျက်မှောင်ကုတ်၍...

"ဆရာ ဘာဖြစ်လို့လဲဟင်... "

ချာယို့ဖုန်းက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်

"လမ်းကျဉ်းတယ်ဆိုရင် တွေ့တိုင်းမဝင်ရဘူး... "

ကျင်းအော့လျှံက နားမလည်နိုင်ဟန်ဖြင့်...

"ဘာဖြစ်လို့ မဝင်ရတာလဲ ဆရာ... သမီးတို့ ရှေ့ဆက်ရမှာပဲ... "

"အန္တရာယ်များလို့ပေါ့... တို့က သတိလက်လွတ် ဝင်သွားတဲ့အချိန် ရန်သူတိုက်ခိုက်လာမယ်ဆိုရင် နေရာကျဉ်းမြောင်းနေတာကြောင့် ဘယ်လိုလုပ် ခုခံနိုင်တော့မှာလဲ... တို့ သေရုံပဲရှိတော့တာပေါ့... "

ကျင်းအော့လျှံက မှုပြုံးပြုံးကာ...

"ဒီလောက်ကျဉ်းမြောင်းတဲ့နေရာမှာ ရန်သူကကော ဘယ်လိုလုပ် တိုက်နိုင်မှာလဲ ဆရာ... "

ချာယို့ဖုန်း ပြုံးလိုက်သည်။

ကျင်းအော့လျှံအား ရှင်းပြနေလျှင် အချိန်ကုန်မည်ကို သိထား



၍...

"ဘယ်လိုတိုက်ခိုက်လာမလဲဆိုတာ သိချင်ရင် မင်းဝင်သွားလေ... "

ကျင်းအော့လျှံမှာ လမ်းကျဉ်းကလေးတွင် တည်းခိုစခန်း၌တွေ့ခဲ့ရသူများ ကြားဖြတ်တိုက်ခိုက်လာနိုင်ကြောင်း ကြိုတင်ရိပ်မိထားပါသည်။

သို့သော်...

သူမက ပြန်လည်တိုက်ခိုက်ပြီး ဆုံးမလိုသဖြင့် ချာယို့ဖုန်းခွင့်မပြုဘဲမနေနိုင်အောင် စကားနာထိုးလိုက်ခြင်း ဖြစ်၏။

ချာယို့ဖုန်း စိတ်ဆိုးပြီး ဝင်သွားခွင့်ပြုလျှင် သဘောကျစွာပြုံးကာ တောင်ကြားအတွင်းသို့ မြင်းကို ဒုန်းစိုင်းဝင်သွားလေတော့၏။

တောင်ကြားကလေးအတွင်းသို့ လှမ်းဝင်မိသည်နှင့် ချက်ချင်းပင် ထူးခြားမှုနှင့် ကြုံတွေ့ရ၏။

"ဝုန်း... ဝုန်း... ဝုန်း... "

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကျင်းအော့လျှံမှာ မျက်မှောင်ကုတ်သွားသည်။

ကျယ်လောင်သောအသံများ မည်သည့်နေရာမှ ထွက်ပေါ်လာပါသနည်း။

ထိုစဉ်မှာပင်...

www.burmeseclassic.com

www.burmeseclassic.com



ချာယို့ဖုန်း၏စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားရ၏။

"ကျင်းအော့လျှံ... ရှေ့ဆက်မသွားနဲ့... ပြန်လာခဲ့... တောင်ပြိုကျနေပြီ... "

ကျင်းအော့လျှံသည် ထိတ်လန့်သွား၏။

အပေါ်သို့ မော့ကြည့်လိုက်လျှင် ကျောက်တုံးကျောက်ခဲများ အရှိန်ဖြင့် လိမ့်ဆင်းလာနေသည်ကို တွေ့ရ၏။

ကျင်းအော့လျှံသည် မျက်လုံးပြူးသွား၏။

ချက်ချင်းပင် မြင်းကို ပြန်လှည့်ကာ တောင်ကြားအတွင်းမှ ပြေးထွက်လိုက်ရလေတော့သည်။ တကယ်တော့ သူမ သေသင့်သည်။ ချာယို့ဖုန်း၏သတိပေးပြန်ခေါ်ခြင်းကြောင့်သာ သူ ကံကောင်းခဲ့ခြင်း ဖြစ်သည်။

တောင်ကြားအပြင်ဘက်သို့ ရောက်သောအခါ ကျောက်တုံးကျောက်ခဲများ တောင်ကြားကျဆင်းလာလေ၏။

အကယ်၍သာ ကျင်းအော့လျှံ နောက်ကျသွားလျှင် ကျောက်ခဲများ ထိမှန်ကာ သေဆုံးသွားရပေလိမ့်မည်။

မမျှော်လင့်ဘဲ တောင်ပြိုကျလာသဖြင့် ကျင်းအော့လျှံသည် အသက်ဘေးမှ သီသီကလေး လွတ်အောင်ရှောင်နိုင်ခဲ့သည်။

ကျင်းအော့လျှံက ချာယို့ဖုန်းကိုကြည့်ကာ...

"ဆရာ... တောင်ကြားလမ်းထဲကိုဝင်ရင် တောင်ပြိုကျလာလိမ့်မယ်လို့ ကြိုတင်သိထားလား... "



ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်ပြီး...

"မသိပါဘူးကွယ်... "

ကျင်းအော့လျှံက ဆက်ပြောလိုက်သည်။

"ဒါဖြင့် မတော်တဆ ပြိုကျလာတာပေါ့နော်... "

"ဒီလိုပြောလို့လည်း မရဘူး... တစ်ယောက်ယောက်က တို့ကို လုပ်ကြံဖို့ တောင်ဖြိုချတယ်ဆိုရင်ကော... "

ကျင်းအော့လျှံ၏မျက်လုံးများ ဝိုင်းစက်သွားသည်။

ချက်ချင်းပင် တောင်ပေါ်သို့ မော့ကြည့်လိုက်သည်။

ထိုအခါ...

တောင်ပေါ်တွင် လှုပ်ရှားသွားသော လူရိပ်များကို တွေ့လိုက်ရသည်။

ကျင်းအော့လျှံသည် ဒေါသအမျက်ချောင်းချောင်းထွက်သွားလေတော့သည်။

"လက်စသတ်တော့ သူခိုးကျင့် သူခိုးကြံနဲ့ တောင်ဖြိုချပြီး သတ်ဖို့ကြိုးစားကြတာကို... "

မကျေမချမ်းရေရွတ်ပြီးလျှင် မြင်းပေါ်မှ ခုန်ဆင်းကာ တောင်ပေါ်သို့ ပြေးတက်သွားလေသည်။

ချာယို့ဖုန်း ဟန့်တားလိုက်၏။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျသွားချေပြီ။

ချာယို့ဖုန်း ဟန့်တားသံမဆုံးမီ ကျင်းအော့လျှံမှာ တောင်ပေါ်သို့ ပြေးတက်သွားနေပြီ ဖြစ်လေတော့သည်။ လူငယ်ဆိုသည်မှာ စိတ်လိုက်မာန်ပါ လုပ်တတ်သည်မဟုတ်ပါလား။ ထို့ပြင်... သူမသည် ထိပ်တန်းသိုင်းပညာတတ်မြောက်ထားသဖြင့် မာနတက်နေသည် မဟုတ်ပါလား။

တောင်ပေါ်တွင် လူနှစ်ယောက်ရှိနေပါသည်။

ထိုလူနှစ်ယောက်မှာ ချူဖန်းနှင့် ဝမ်ချိုတို့ ဖြစ်သည်။

ချူဖန်းနှင့် ဝမ်ချိုတို့မှာ တောင်အောက်သို့ ငုံ့ကြည့်နေကြ၏။

သူတို့သည် ကျင်းအော့လျှံ ပြေးတက်လာနေသည်ကို မတွေ့မိကြချေ။

ကျင်းအော့လျှံမှာအပေါ် တည့်တည့်သို့ပြေးတက်ရန် မလွယ်သဖြင့် ကွေ့ပတ်တက်လာခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့်...

ချူဖန်းနှင့် ဝမ်ချိုတို့ မတွေ့ခြင်းဖြစ်ပေသည်။

ကျင်းအော့လျှံ တောင်ပေါ်သို့ ရောက်လျှင် သူမအားကျောပေးကာ တောင်အောက်သို့ငုံ့ကြည့်နေကြသော ချူဖန်းနှင့် ဝမ်ချိုတို့ကို တွေ့လိုက်ရတော့သည်။

ကျင်းအော့လျှံသည် မဲ့ပြုံးပြုံးကာ တိတ်တဆိတ် ချဉ်းကပ်သွား၏။



သူမ တွေ့ချင်နေသော သူများကို တွေ့လိုက်ရပြီမဟုတ်ပါလား။

အနီးသို့ရောက်လျှင်...

"လူယုတ်မာတွေ သေပေတော့... "

ကျယ်လောင်စွာ အော်ငေါက်ကာ လှုပ်တစ်ပြက်တိုက်ခိုက်လိုက်သည်။

ချူဖန်းနှင့် ဝမ်ချိုတို့မှာ ကျင်းအော့လျှံ တောင်ပေါ်ရောက်နေသည်ကို သိလိုက်ရသောအခါ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားကြသည်။

ချက်ချင်းပင် ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေ၏။

သို့သော်...

ကျင်းအော့လျှံ၏ လှုပ်ရှားမှုမှာ ငှက်တစ်ကောင်သဖွယ်မြန်ဆန်လှ၏။

ချူဖန်းနှင့် ဝမ်ချိုတို့ နီးရောက်သွားလျှင် ခြေထောက်ဖြင့်ဆင့်ကာဆင့်ကာ ကန်ကျောက်လိုက်လေသည်။

ချူဖန်းနှင့် ဝမ်ချိုတို့မှာ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါ။

"ဝုန်း... "

"ဝုန်း... "

"အား... "

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး... "

စုံးရှုအော်ဟစ်ရင်း တောင်အောက်သို့ တလိမ့်ခေါက်ကွေး လိမ့်ကျသွားကြလေတော့သည်။

ကျင်းအောင့်လှုံက အားရပါးရ ပြုံးလိုက်သည်။

ချူဖန်းနှင့် စမ်ရှိုတို့မှာ တောင်အောက်ရောက်လျှင် အသက်မသေသော်လည်း အရိုးပွဲကာ ဒဏ်ရာများရသွားကြမည်ဖြစ်ကြောင်း သဘောပေါက်ထားသည်။

သူမအား စော်ကားချင်သည့် လူနှစ်ယောက်ကို ဆုံးမလိုက်ရသဖြင့် သူမ ကျေနပ်သွား၏။

တောင်အောက်သို့ဆင်းရန် ဟန်ပြင်လိုက်စဉ် ရုတ်တရက် အနောက်ဘက်မှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

"ဘယ်ဆိုးလို့တုန်းဗျ... "

ကျင်းအောင့်လှုံသည် အနောက်ဘက်သို့ ချာခနဲလှည့်ကြည့်လိုက်၏။

ထိုအခါ...

အသက်လေးဆယ်ကျော်ခန့်ရှိ လူတစ်ယောက် ကျောက်တုံးတစ်တုံးနောက်ကွယ်မှ လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ကျင်းအောင့်လှုံသည် မျက်မှောင်ကုတ်သွား၏။



ချာယို့ဖုန်း ပြောသည့် မန်ချူးနောက်လိုက်သစ္စာဖောက်ဖြစ်ဟန်တူပေသည်။

ထိုလူမှာ လက်နှစ်ဖက်နောက်ပစ်ရင်း ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာသည်။

မျက်နှာပြုံးရွှင်နေပြီး အလွန်အမင်း ဝမ်းသာသည့်အမူအရာများဖြစ်ပေါ်နေ၏။

ကျင်းအောင့်လှုံက မျက်မှောင်ကုတ်ကာ...

"ရှင်က ဘယ်သူလဲ... "

ထိုလူက ရယ်မောလျက်...

"ကျုပ်နာမည် ဟုန်ယင်းဝေလို့ ခေါ်ပါတယ်ဗျာ... ထမင်းဆိုင်မှာ ခင်ဗျားတို့ကို လိုက်ပြီးနှောင့်ယှက်ဖို့ ဟိုနှစ်ယောက်တိုင်ပင်ပြောဆိုနေတာကြားလို့ ကူညီရအောင် လိုက်လာတာပါ... "

ကျင်းအောင့်လှုံက အံ့သြသွားလေ၏။

ဟုန်ယင်းဝေဆိုသောလူမှာ မန်ချူးလက်ပါးစေဖြစ်ရမည်ဟု ချာယို့ဖုန်းက မှတ်ချက်ချခဲ့၏။

ထိုလူက သူမတို့အား ကူညီရန်လိုက်လာသည်ဟု ဆိုနေချေပြီ။

ထိုလူအပေါ် မည်သို့သဘောထားရမည်နည်း။

ကျင်းအောင့်လှုံတွေဝေနေစဉ် ဟုန်ယင်းဝေက အနီးသို့တပ်လာပြီး မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ခင်ဗျားရဲ့နာမည်က ဘယ်သူလဲဗျ… "

ကျောင်းအော့လျှံက မဆင်မခြင်လွှတ်ခနဲ ဖြေလိုက်မိသည်။

"ကျောင်းအော့လျှံလို့ ခေါ်ပါတယ်… "

ဟုန်ယင်းဝေက တအံ့တသြဖြင့်…

"ဘာ… ကျောင်းအော့လျှံ ဟုတ်လား… "

"ဟုတ်တယ်… "

ဟုန်ယင်းဝေ၏မျက်လုံးအစုံတွင် ထူးခြားသောအရိပ်အရောင်များ ထွက်ပေါ်လာသည်။

ကျောင်းအော့လျှံကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ကာ…

"လက်စသတ်တော့ သိုင်းလောကမှာ ကျော်ကြားလာတဲ့ ကျောင်းအော့လျှံကိုး… တွေ့ရတာ ဝမ်းသာပါတယ်ဗျာ… "

ပြောရင်းလက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

အမှန်ဆိုလျှင် ဦးညွှတ်လျက် လက်ဝါးနှစ်ဖက်တွင် အတွင်းအားများစုစည်းကာ ရှေ့သို့ပို့ဆောင်လိုက်ခြင်း ဖြစ်သည်။

ကျောင်းအော့လျှံအား ပညာစမ်းလိုက်သည့်သဘော ဖြစ်ပေသည်။

ပြုံး၍ခေါင်းညိတ်ပြမည်အပြုတွင် ဟုန်ယင်းဝေ၏လက်သီးအစုံသည် သူမ၏ရင်ဝဆီသို့ တိုးဝင်လာသည်ကိုတွေ့လိုက်ရသောအခါ မျက်လုံးပြူးကျယ်သွားလေ၏။

"ရှင်… ရှင်… ဘယ်လိုလုပ်လိုက်တာလဲ… "



သူမသည် အသေအလဲ ရှောင်တိမ်းလိုက်ရလေ၏။

ကျောင်းအော့လျှံ ပုံပျက်ပန်းပျက် ရှောင်တိမ်းလိုက်သည်ကို တွေ့ရသောအခါ ဟုန်ယင်းဝေက သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်လေသည်။

ကျောင်းအော့လျှံကို အထင်သေးစွာကြည့်ကာ…

"ကျောင်းအော့လျှံဟာ အခြောက်တိုက်နာမည်ကြီးနေတာကိုး… တကယ်တမ်းကျတော့ ဘာမှမဟုတ်ပါလား… "

ထိုစကားကြားရလျှင် ကျောင်းအော့လျှံသည် ဒေါသခြောင်းခြောင်းထွက်သွားသည်။

အံကိုတင်းတင်းကြိတ်ရင်း…

"ရှင်က သိုင်းပညာစမ်းချင်တာကိုး… ကောင်းပြီ… ကျွန်မပညာထုတ်ပြရသေးတာပေါ့… ကဲ… သတိထားပေတော့… "

စကားဆုံးလျှင် လက်ဝါးနှစ်ဖက်ဖြင့် လျှပ်တစ်ပြက်တိုက်ခိုက်လိုက်သည်။

သူမ၏လှုပ်ရှားတိုက်ခိုက်ပုံ လျင်မြန်လွန်းသောကြောင့် ဟုန်ယင်းဝေ ချက်ချင်းနောက်ဆုတ်သွားရလေသည်။

ဟုန်ယင်းဝေက မျက်မှောင်ကုတ်သွားသည်။

ကျောင်းအော့လျှံက မခေလှကြောင်း သဘောပေါက်သွားသည်။

သူသည် သူ၏ပညာအစွမ်းကို ထုတ်ကာ ပြန်လည်တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။

ကျင်းအော့လျှံမှာ ချူဖန်းနှင့် ဝမ်ချီတို့ကို ဆုံးမပြီးသော်လည်း တောင်ပေါ်မှ ဆင်းမလာနိုင်သေးဘဲ ဟုန်ယင်းဝေနှင့် ဆက်၍တိုက်ခိုက်နေရလေတော့သည်။ သူမသည် သူမကြုံတွေ့ရမည့်ဘေးကို အခုံး စွန့်မမြင်ပေ။ မြင်သည့်ဆရာက တားလိုက်သော်လည်း အလျှင်စလို မြုံလုပ်ခဲ့သည့်သူမ၏ အပြုအမူကြောင့် မတားနိုင်ခဲ့ပေ။ ယခု... သူမ တိုက်ခိုက်နေရချေပြီ။

ဟုန်ယင်းဝေမှာ မန်ချူးသစ္စာခံ အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်သည်။

သူသည် ယွန်ဖေးဟုန်၏အမိန့်ဖြင့် ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့အား ခြေရာခံလိုက်လာခြင်းဖြစ်သည်

သိုင်းလောကတွင် နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားခဲ့သူတစ်ယောက်ဖြစ်သည့် အားလျော်စွာ အတွေ့အကြုံရင့်ကျက်လှပေသည်။

တိုက်ပွဲဖြစ်ပွားပြီး မကြာမီအချိန်တွင် ကျင်းအော့လျှံကိုအပေါ်စီးမှ ဖိကာတိုက်ခိုက်လာနိုင်လေတော့၏။

ကျင်းအော့လျှံက မျက်နှာပျက်နေသည်။

ဟုန်ယင်းဝေမှာ ခေသူတစ်ယောက် မဟုတ်ကြောင်း သိရချေပြီ။



ဟုန်ယင်းဝေ၏တိုက်ကွက်များကို ဖွတ်ကာသီကာ ရှောင်တိမ်းနိုင်သော်လည်း ပြန်လည်တိုက်ခိုက်ရန် အခွင့်အရေးမရချေ။

ထို့ကြောင့်...

အချိန်ကြာလာပါက ရှုံးနိမ့်သွားနိုင်ကြောင်းသဘောပေါက်လာ၏။

ဟုန်ယင်းဝေအား ရှုံးနိမ့်သွားလျှင် ဟုန်ယင်းဝေက သူမကို သတ်ပစ်မည်မဟုတ်။ မန်ချူးများ လက်ထဲသို့ ခေါ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ရိပ်မိထား၏။

ချာယို့ဖုန်း သင်ကြားပေးထားသော စကားများကို သတိရလာလျှင် မနိုင်သည့်အတူတူ ခန္ဓာကိုယ်ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့သည်။

ဟုန်ယင်းဝေက ကြောင်အမ်းအမ်းဖြစ်သွား၏။ သူ့ကို တိုက်ပွဲအစအဆုံး တိုက်ခိုက်မည်ဟု သူထင်ထားခဲ့သည် မဟုတ်ပါလား။

သို့သော် ချက်ချင်းသတိဝင်လာကာ...

"ဟေ့... မပြေးနဲ့... "

အော်ဟစ်ဟန့်တားရင်း နောက်မှပြေးလိုက်သွားလေတော့သည်။

ကျင်းအော့လျှံသည် လျှင်မြန်စွာပြေးနေ၏။

သူမ၏နောက်ဘက်မှ ဟုန်ယင်းဝေက ပြေးလွှားလိုက်ပါလာ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ကျင်းအောင့်လျှံမှာ ထက်မြက်သောကိုယ်ဖော့ပညာ အသုံးပြု၍ ကာ ချာယိုဖွန်းထံသို့ အရောက်ပြေးသွားရန် စိတ်ကူးမိ၏။

ချာယိုဖွန်းထံသို့ ရောက်လျှင် ဟုန်ယင်းဝေအား ကြောက် စရာလိုမည် မဟုတ်တော့ချေ။

ကျင်းအောင့်လျှံက အားသွန်ခွန်စိုက် ပြေးလာစဉ် ရုတ်တရက် အရှေ့ဘက်မှ လူတစ်ယောက်ထွက်ပေါ်လာသည်ကို တွေ့ရ၏။

ကျင်းအောင့်လျှံက မျက်လုံးပြူးကျယ်သွား၏။

ဟုန်ယင်းဝေတွင် အဖော်ပါလာပြီး သူမကို ဟန့်တားထား မည်ဆိုပါက ပြေး၍လွတ်တော့မည် မဟုတ်ချေ။

ကျင်းအောင့်လျှံက အံကြိတ်ကာ လက်နက်ပုန်းများ နှိုက်ယူ လိုက်သည်။

ရှေ့မှဟန့်တားထားလာလျှင် လက်နက်ပုန်းဖြင့် တိုက်ခိုက် ကာ အရှေ့ဘက်ပြေးသွားရန် ဆုံးဖြတ်ထားသည်။ သူမသည် အသက် ရှူသွင်းလိုက်၏။ လက်နက်ပုန်းများကို ဆုပ်ကိုင်ထားသည်။

သို့သော်...

အရှေ့ဘက်မှထွက်ပေါ်လာသူက ကျင်းအောင့်လျှံကို ဟန့် တားခြင်းမပြုချေ။

သူ့အား ကျင်းအော်လျှံဖြတ်ကျော်သွားသော်လည်း မလှုပ် မယှက်ပင် ရပ်နေသည်။ သူ၏ရန်သူမှာ ကျင်းအောင့်လျှံ ဟုတ်ဟန်မတူ ချေ။

သူ အဘယ်သူနည်း။

ထိုသူက ကျင်းအောင့်လျှံနောက် ပြေးလိုက်လာသူအား တား မြစ်လိုက်၏။

"ရပ်လိုက်... "

ရုတ်တရက် လမ်းပိတ်ဟန့်တားလိုက်ရာ၊ ဟုန်ယင်းဝေမှာ ကျင်းအောင့်လျှံ နောက်သို့ဆက်မလိုက်နိုင်တော့ဘဲ ရပ်တန့်လိုက်ရလေ တော့သည်။

လမ်းပိတ်ရပ်ထားသူကိုလည်း နားမလည်နိုင်စွာဖြင့် ကြည့် လိုက်၏။

လမ်းပိတ်ရပ်နေသူ၏ မျက်နှာကို မြင်လိုက်သောအခါ ဟုန် ယင်းဝေ မျက်လုံးပြူးသွားတော့သည်။

"ဟင်... ကောက်မားချူးပါလား... "

လမ်းပိတ်ရပ်ထားသူကို သူက သိထားပါသည်။

လမ်းပိတ်ရပ်ထားသူက မဲ့ပြုံးပြုံးရင်း...

"ခင်ဗျား ကျုပ်ကို မှတ်မိသေးတာကိုး... "

ဟုန်ယင်းဝေသည် မျက်နှာပျက်သွားသည်။

ကောက်မားချူးသည် မန်ချူးသစ္စာခံများကို သုတ်သင်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



လင်းရာ၌ နာမည်ကျော်သောသူ ဖြစ်၏။

ကောက်မားချူးနှင့် ရင်ဆိုင်တွေ့ဆုံမိသော မန်ချူးသစ္စာခံများ မရှိမလှသေဆုံးသွားရသည်ချည်းသာ ဖြစ်၏။

အခြေအနေ မဟန်မှန်းသဘောပေါက်လျှင် ဟုန်ယင်းဝေက ရယ်မောကာ…

"ခင်ဗျား ဘာလုပ်တာလဲဗျ… "

ကောက်မားချူးက တည်ကြည်သောမျက်နှာထားဖြင့်…

"ကျုပ် ဘာလုပ်တယ်ဆိုတာ မင်း သိမှာပေါ့… မင်းဟာ မန်ချူးတွေရဲ့ လက်ရွေးစင်သိုင်းသမား ဖြစ်နေတာ ကြားလို့ ဝမ်းသာပါတယ်… ကျုပ် မင်းကို ဂုဏ်ပြုပါရစေ… တကယ့်ကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုတာပါ… "

ဟုန်ယင်းဝေက လက်ကာပြလိုက်သည်။

"မလုပ်ပါနဲ့ဗျာ… ခင်ဗျား ဂုဏ်ပြုတာကို ကျုပ် လက်မခံနိုင်ပါဘူး… ကျုပ် သွားစရာရှိသေးလို့ သွားလိုက်ဦးမယ်ဗျို့… "

ပြောပြီးလျှင် ခန္ဓာကိုယ် ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။

"မင်း ဒီလိုပြေးလို့ လွတ်မယ်ထင်လား… "

အော်ငေါက်ကာ နောက်မှ ထက်ကြပ်မကွာပြေးလိုက်သွား…

ဟုန်ယင်းဝေ ထွက်ပြေးသွားသည်ကိုတွေ့လျှင် အခြေအ…



ကို အကဲခတ်ကြည့်နေသော ကျင်းအော့လျှံသည် ရယ်မောမိ၏။

အကယ်၍ လောက်မားချူးသာ ရောက်မလာလျှင် သူမ ရယ်မောနိုင်မည် မဟုတ်ချေ။

ကောက်မားချူးနှင့် ဟုန်ယင်းဝေတို့ မြင်ကွင်းမှပျောက်ကွယ်သွားကြလျှင် ကျင်းအော့လျှံသည် တောင်အောက်သို့ ပြေးဆင်းခဲ့လေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၂၃ ]

## ဘုန်းတော်ကြီးဟွေကျုန့်

ကျင်းအော့လျှံမှာ တောင်အောက်သို့ ပြန်လည်ရောက်ရှိလာ၏။

ချာယို့ဖုန်းသည် သူမကို စောင့်မျှော်နေသည်။

ကျင်းအော့လျှံမှာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ တောင်အောက်သို့ ကျလာသည့် ဝမ်ချီနှင့် ချူဖန်းတို့ကို မတွေ့ရတော့ချေ။

ချာယို့ဖုန်းကိုမေးရန် ဟန်ပြင်လိုက်စဉ် ချာယို့ဖုန်းက ပြုံးကာ

"ဘယ်သူက မင်းကို ကြာကြာစောင့်နေမှာလဲ... "

ကျင်းအော့လျှံသည် ပါးစပ်ပိတ်ထားလိုက်ရ၏။

ချာယို့ဖုန်းက သက်ပြင်းချကာ...

"ကဲ... အချိန်ရှိတုန်း တို့ရှေ့ဆက်ကြစို့... "



ကျင်းအော့လျှံက တောင်ပေါ်တွင် ဟုန်နှယင်းဝေ၊ ကောက်မားချူးတို့နှင့် တွေ့ဆုံခဲ့သည့်အကြောင်း ပြောပြရန်စိတ်ကူးမိသည်။

သို့သော်...

အကြောင်းထူးမည် မဟုတ်သောကြောင့် ပြောမပြတော့ဘဲ ချာယို့ဖုန်းနှင့်အတူ ရှေ့သို့ခရီးဆက်ခဲ့ကြလေတော့သည်။

ထိုက်စန်းတောင်... ။

သူတို့ ဦးတည်နေသောအရပ်ဒေသမှာ ထိုက်စန်းတောင်ပင် ဖြစ်ပါသည်။

ထိုက်စန်းတောင်မှာ သိုင်းလောကတွင် ထင်ရှားသောတောင်တစ်လုံးဖြစ်လေသည်။

ထိုက်စန်းတောင်ပေါ်တွင် တရုတ်ဘုန်းတော်ကြီး ဟွေကျုန့်နေထိုင်၏။

တရုတ်ဘုန်းတော်ကြီးဟွေကျုန့်မှာ ဓားမြဲသိုင်းသမား ကွမ်ဘုန်အင်းကဲ့သို့ ကျော်ကြားသောသမားတော်တစ်ယောက်လည်း ဖြစ်သည်။

အထက်လမ်းသိုင်းလောက၌ သိုင်းသမားများ ဒဏ်ရာရရှိလာလျှင် ထိုက်စန်းတောင်သို့သွားကာ တရုတ်ဘုန်းတော်ကြီးဟွေကျုန့်ထံတွင် အကူအညီတောင်းတတ်ကြသည်။

တရုတ်ဘုန်းတော်ကြီးဟွေကျုန့်မှာ တရားမှုတမှုရှိသည်ဆိုလျှင်

www.burmeseclassic.com

မည်သူ့ကိုမဆို လက်ခံလေသည်။ မည်သည့်အထောက်လမ်းပို့ဖော်သား မဆို ဆေးဝါးကုသပေးသည်။

ထိုက်စန်းတောင်ခြေတွင် ရွာတစ်ရွာရှိ၏။

ထိုရွာကလေးမှ ရွာသူရွာသားများမှာ တရုတ်ဘုန်းတော်ကြီး ယွေ့ကျုံနဲ့အား အလွန်ရိုသေကိုင်းရှိုင်းပြီး အလုပ်အကျွေးပြုစုနေသူများ ဖြစ်ကြသည်။

ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ တောင်ကြားလမ်းမှ ထွက် လာပြီး သုံးရက်အကြာတွင် ထိုက်စန်းတောင်သို့ ရောက်လာကြ၏။

သူတို့ရောက်လာသောအခါ ထိုက်စန်းတောင်မှာ ယခင်ကနှင့် မတူဘဲ အပြောင်းလဲကြီး ပြောင်းလဲနေသည်ကို တွေ့မြင်ကြရလေ တော့သည်။

ထိုက်စန်းတောင်ခြေရှိ ရွာကလေးမှာ ပျက်စီးနေချေပြီ။

ရွာသူရွာသားများကိုလည်း တစ်ယောက်တလေမျှ မတွေ့ရ တော့ချေ။

ချာယို့ဖုန်းက အံ့သြသွားသည်။

"ဟင်... ဘယ်လိုဖြစ်တာလဲ... ဒီရွာကို ဘယ်သူ ဖျက်ဆီး သွားတာလဲ..."

ကျင်းအော့လျှံမှာ ဤနေရာသို့ တစ်ကြိမ်တစ်ခါမှ ရောက်ဖူး ခြင်းမရှိသဖြင့် နားမလည်နိုင်ချေ။



ချာယို့ဖုန်းက မနေနိုင်တော့ဘဲ...

"လာ... လာ... အဘတို့တောင်ပေါ် မြန်မြန်တက်ကြစို့"

ပြောရင်း ရှေ့မှဦးဆောင်ကာ တောင်ပေါ်သို့ တက်သွားကြ လေ၏။

ကျင်းအော့လျှံမှာလည်း နောက်မှလိုက်သွားရသည်။

မကြာမီ...

တောင်ပေါ်သို့ ရောက်ရှိသွားကြ၏။

ထိုအခါ...

ပျက်စီးယိုယွင်းနေသော ဘုံကျောင်းတစ်ခုကို တွေ့မြင်လိုက် ရလေတော့သည်။

ချာယို့ဖုန်း၏မျက်ဝန်းအစုံတွင် ထူးခြားသော အရိပ်အရောင် များ ထွက်ပေါ်လာသည်။

ဘုံကျောင်းပျက်ကိုကြည့်ရင်း ဝမ်းနည်းကြေကွဲနေဟန်ရှိ သည်။

ကျင်းအော့လျှံက စကားမပြောဘဲ ဘုံကျောင်းပျက်အတွင်း ဘက်သို့ လျှောက်သွား၏။

ထိုစဉ် ဘုံကျောင်းပျက်၏အတွင်းဘက်မှ...

"ဘယ်သူလဲ..."

အိုမင်းရင့်ရော်နေသော အသံထွက်ပေါ်လာသည်ကို ကြား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

ကျင်းအောလျှံမှာ ရင်ထိတ်သွား၏။

သို့သော် ချာယို့ဖုန်းကတော့ ဝမ်းသာသွားပုံရသည်။

"မှာင်... တရုတ်ဘုန်းတော်ကြီးဟွေကျန့်ရဲ့အသံပါလား"

သူသည် အတွင်းဘက်သို့ လျင်မြန်စွာဝင်သွားလေတော့သည်။

ထိုအခါ...

ကျင်းအောလျှံလည်း နောက်မှလိုက်သွားရသည်။

အတွင်းဘက်အခန်းရှိ ခုတင်တစ်လုံးပေါ်တွင် တရုတ်ဘုန်းတော်ကြီးတစ်ပါး လဲလျောင်းနေသည်ကို တွေ့မြင်လိုက်ရသည်။

တရုတ်ဘုန်းတော်ကြီးကိုမြင်လျှင်...

"ဆရာတော်... ဟွေကျန့် ဘယ်လိုဖြစ်ရတာလဲ... "

တရုတ်ဘုန်းတော်ကြီးဟွေကျန့်မှာ ချာယို့ဖုန်းကို သတိပြုမိသွား၏။

"လက်စသတ်တော့ ချာယို့ဖုန်းကိုး... "

"ဟုတ်ပါတယ်... ဒီမှာဘယ်လိုဖြစ်နေတာလဲ ဆရာတော်... ရှုပည့်တော်တော့ တကယ် အံ့သြနေပါတယ် ဘုရား... "

သူ၏စကားမဆုံးမီ တရုတ်ဘုန်းတော်ကြီးဟွေကျန့်က လက်ကာပြလိုက်သည်။



"ဘာတွေဖြစ်တယ်ဆိုတာ မမေးပါနဲ့တော့... ခင်ဗျားတို့ ဒီက မြန်မြန်ထွက်သွားကြပါ... "

ချာယို့ဖုန်းက စိတ်ဝင်စားစွာဖြင့်...

"ဘာဖြစ်လို့လဲ... "

"မန်ချူး နောက်လိုက်တွေက မျိုးချစ်သိုင်းသမားတွေကို ကျုပ်လက်ခံတယ်ဆိုပြီး ရွာကိုလာ ဖျက်ဆီးပစ်လိုက်ကြတယ်... ကျုပ်ကို နှိပ်စက်ကြတယ်... ခင်ဗျားတို့ ရောက်လာတာ သိသွားရင် လာပြီး ဒုက္ခပေးကြဦးမှာပေါ့... "

ချာယို့ဖုန်းနှင့် ကျင်းအောလျှံတို့ အကြီးအကျယ်ဒေါသထွက်သွားကြသည်။

တရုတ်ဘုန်းတော်ကြီးဟွေကျန့်က ဆက်ပြောလိုက်သည်။

"ရွာသူရွာသားတွေကို ဒီတောင်ပေါ်မှာ ပုန်းခိုင်းထားပါတယ်... မန်ချူးနောက်လိုက်တွေ နောက်ထပ်တစ်ကြိမ်လာရင် အပြစ်မဲ့တဲ့လူ တွေအတွက် မလွယ်ဘူး... ဒါကြောင့် ကျုပ်ကို ကူညီချင်တယ်ဆိုရင် ဒီက အမြန်ဆုံးထွက်သွားကြပါတော့... "

ချာယို့ဖုန်းက သက်ပြင်းချလိုက်သည်။

ဟွေကျန့်မှာ အပြစ်မဲ့သော ရွာသူရွာသားများ ဒုက္ခကျရောက်မည်ကို စိုးရိမ်နေကြောင်း နားလည်သဘောပေါက်သွားကြသည်။

သူတို့အတွက် ဟွေကျန့် စိုးရိမ်နေရသည့်အပူကို မကြီးစေလို

www.burmeseclassic.com

www.burmeseclassic.com



တော့ပါ။

သူတို့သည် ဟွေကျန့်ကို ဒုက္ခမပေးလိုတော့ပါ။

ထို့ကြောင့်...

"ကောင်းပါပြီ... တပည့်တော်တို့ သွားပါမယ်... နောင်တစ်ချိန် မန်ချူးတွေကို မောင်းထုတ်တဲ့အခါ ဆရာတော်အတွက် ထည့်ပြီး လက်စားချေပါ့မယ်... "

ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့သည် ဆရာတော်အား ကန်တော့ကြလေ၏။

သူတို့မထွက်ခွာမီ ဟွေကျန့်က...

"ကျုပ် သတင်းတစ်ခုကြားတယ်... ကျင်းအော့လျှံကို မန်ချူးကိုယ်ရံတော်တစ်မှူးယွန်ဖေးဟုန်က လိုက်ရှာနေတယ်တဲ့... ကျင်းအော့လျှံဆီမှာ သွေးသောက်ဓားရှိနေတယ်လို့လည်း ပြောကြတယ်... ခင်ဗျားတို့ သတိထားကြပေတော့... "

ထိုစကားကြားရလျှင် ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ မျက်လုံးပြူးကျယ်သွားကြ၏။

သို့သော်...

ဟွေကျန့်ကို မေးမြန်းခြင်းမပြုဘဲ ထိုက်စန်းတောင်ပေါ်မှ ထွက်ခွာလာခဲ့ကြလေတော့သည်။

ထိုက်စန်းတောင်မှာ နောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်ပါ



သည်။

ထိုက်စန်းတောင်နှင့် နှစ်မိုင်ခန့်အကွာသို့ ရောက်မှ ချာယို့ဖုန်းက ကျင်းအော့လျှံကိုကြည့်ကာ...

"ဟွေကျန့် ပြောခဲ့တဲ့စကားတွေကို သမီးကြားလား... "

ကျင်းအော့လျှံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ကြားပါတယ်... "

"သမီးဟာ မန်ချူးတွေနဲ့ ဘယ်လိုပတ်သက်ခဲ့လဲ... နောက်ပြီး သွေးသောက်ဓား မင်းဆီမှာရှိနေတယ်ဆိုတာကော တကယ်လား"

ကျင်းအော့လျှံက သူမ၏ဘဝ အဖြစ်အပျက်များကို ချာယို့ဖုန်းအား ပြောမပြဖူးသေးပါ။ ထို့ကြောင့် အမေးရှိလာသောအခါ အဖြေရှိရတော့မည်ဖြစ်ကြောင်း သိလိုက်ပါသည်။

"ဆရာ... သမီးဖေဖေဟာ မန်ချူးဘက်တော်သားတွေ လက်ချက်နဲ့ သေဆုံးသွားရတာပါ... သွေးသောက်ဓား ကျွန်မဆီမှာ ရှိတယ်ဆိုတာ အခုမှ ကြားသိရတာပါ... ဘာဘာ ယူမုံထင်းကတော့ အဲဒီဓားအကြောင်း သိချင်သိနိုင်ပါတယ်... "

ချာယို့ဖုန်းက မျက်မှောင်ကုတ်သွားသည်။

"ဒါဖြင့်... သမီးဆီမှာ သွေးသောက်ဓား မရှိဘူးပေါ့... "

ကျင်းအော့လျှံက...

"ဟုတ်ပါတယ်... ဘာမှမရှိပါဘူး... ဆရာ့ကို မညာပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဒီကိစ္စတွေဟာ ယန်ဟင်ဖေးနဲ့တွေ့မှ ရှင်းသွားမှာပဲ... "

ချာယို့ဖုန်းသည် ဆင်ခြင်စဉ်းစားတတ်သူဖြစ်၍ တွေးတွေးဆဆ ပြောလေ၏။

ကျင်းအော့လျှံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာ... ဘာဘာယန်ဟင်ဖေးနဲ့ ဘာဘာယူဖုံထင်းတို့ကို သမီးလည်းတွေ့ချင်ပါတယ်... အဖြစ်သနစ်အစုံအလင်ကို သူတို့သိကြပါတယ် ဆရာ... "

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် သမီးဆီမှာ သွေးသောက်ဓားရှိနေတယ်လို့ ထင်နေကြရင် သမီးနောက်ကို သိုင်းလောကသားတွေ စုပြုံပြီးလိုက်လာကြတော့မှာပဲ... "

ကျင်းအော့လျှံက ချာယို့ဖုန်းကို စိုက်ကြည့်ကာ...

"ဆရာ... "

"သမီး ဘာပြောချင်လို့လဲ... "

"ဆရာ အခုခရီးထွက်လာတာဟာ ထိုက်စန်းတောင်ပေါ်က ဆရာတော်ဟွေကျူန့်ကိုတွေ့ဖို့ သက်သက်မဟုတ်လား... "

ချာယို့ဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ဘာဘာနဲ့သူ ငါးနှစ်တစ်ကြိမ်သိုင်းပညာဖလှယ်ခဲ့ကြတယ်... အခု သူက ချက်ချင်းထွက်သွားဖို့ မောင်းထုတ်တာနဲ့ ထွက်လာခဲ့တာ... ဟွေ့ကျူန့်ဟာ လူကောင်းတစ်ယောက်ပါ... သိုင်းပညာထက် အများသတ္တဝါနဲ့ အကျိုးကိုရှေ့ရှုတဲ့ သူတော်စင် တစ်ယောက်ပါ... သူက သိုင်းပညာထိပ်တန်းအဆင့်ထက်ကျော်နေပေမယ့် ရှာသူရှာသားတွေ ဒုက္ခရောက်မှာစိုးရိမ်လို့ မန်ချူးနောက်လိုက်တွေ နှိပ်စက်ညှဉ်းပန်းသမျှ ခေါင်းငုံ့ခံနေတာတွေ့တယ် မဟုတ်လား... "



ကျင်းအော့လျှံက အံ့ဩသွားလေသည်။

ချာယို့ဖုန်း၏လာရင်းကိစ္စမှာ ပြီးဆုံးသွားပါချေပြီ။

ထို့ကြောင့်...

ဂူးကျုန် စောင့်မျှော်နေမည့်နေအိမ်သို့ ပြန်ရန်သာရှိတော့သည်။

ကျင်းအော့လျှံမှာမူ မပြန်လိုတော့ပါ။

ရှေ့ခရီးဆက်ပြီး မိမိဖခင်အား လုပ်ကြံသတ်ဖြတ်သည့် တရားခံကို ဖော်ထုတ်လိုပါသည်။

ကွဲကွာသွားသော ဘာဘာယူဖုံထင်းကိုလည်း လိုက်လံရှာဖွေလိုပါသေးသည်။

ကျင်းအော့လျှံက ချာယို့ဖုန်းကိုကြည့်ကာ...

"ဆရာတို့ သိုင်းပညာဖလှယ်ပွဲ ပျက်သွားတော့ ဆရာ ဘာဆက်လုပ်မယ်လို့ ဆုံးဖြတ်ထားပါသလဲ ဆရာ... "

www.burmeseclassic.com

www.burmeseclassic.com



"ဘဘ ပြန်ရုပ်ရှိတော့တာပေါ့… "

"သမီးကော ဘာဆက်လုပ်ရမလဲ ဆရာ… "

ကျွင်းအော့လျှံက ဆရာ၏အကြံဉာဏ်ကို တောင်းလိုက်သည်။

ချာယို့ဖုန်းက တွေဝေသွား၏။

အတန်ကြာစဉ်းစားပြီးမှ…

"ဘဘလည်း ဒီအတွက် စဉ်းစားနေတာ… "

ကျွင်းအော့လျှံက သက်ပြင်းချလိုက်ပြီး…

"ဆရာ… သမီးဘဘ ယန်ဟောင်ဖေးကို လိုက်ရှာချင်တယ်"

ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး… သမီးတစ်ယောက်တည်း သွားမှာကို ဘဘ စိတ်မချဘူး… "

ကျွင်းအော့လျှံက စိတ်ပျက်သွား၏။

သို့သော်…

အားမလျှော့ဘဲ ဆက်ပြောလိုက်လေသည်။

"သမီး ပြန်လိုက်ခဲ့လို့ အကျိုးမထူးတော့ပါဘူး… သမီးရဲ့ ရှေ့ဘဝခရီးကို သမီးကိုယ်တိုင် ဆက်လျှောက်ပါရစေတော့… ဘဘ ယန်ဟောင်ဖေးကို ရှာဖွေလို့တွေ့ရင် သမီးဘဝ ပိုပြီးအဆင်ပြေလာမယ်လို့ ထင်ပါတယ်… "



"ဘာပြောတယ်… "

ချာယို့ဖုန်း၏အသံသည် မာကြောသွား၏။

ကျွင်းအော့လျှံအား မာန်မဲရန် ဟန်ပြင်လိုက်ပြီးမှ စိတ်လျှော့လိုက်သည်။

ကျွင်းအော့လျှံက ခေါင်းငုံ့ကာ…

"ဆရာ… သမီးဟာ သွေးကြွေးတာဝန်ကို ဆပ်ဖို့ရှိနေပါတယ်… သမီးဖေဖေကို မန်ချူးလက်ပါးစေက သတ်သွားပါတယ်… ဒီလူကို သမီးရှာပြီး လက်စားချေရပါမယ်… "

ကျွင်းအော့လျှံမှာ အဖြစ်အပျက်များကို အသေးစိတ် ပြောပြလိုက်လေတော့သည်။

ထိုအခါမှ ချာယို့ဖုန်းမှာ ကျွင်းအော့လျှံ၏ ဘဝကိုနားလည်သဘောပေါက်သွားလေ၏။

ကျွင်းအော့လျှံကိုကြည့်ရင်း ကရုဏာသက်လာသည်။

ကျွင်းအော့လျှံသည် သူမ၏သိုင်းပညာဖြင့် သိုင်းလောကၢ လူတစ်လုံးသူတစ်လုံး လုပ်သွားနိုင်ပြီဖြစ်ကြောင်း သူ နားလည်မိသည်။

သူက စတင်သင်ကြားပေးစရာ မလိုတော့သည့်အပြင် သူကိုယ်တိုင် ကျွင်းအော့လျှံ၏ဘဝတစ်လျှောက်လုံးကို လိုက်လံစောင့်ရှောက်ပေးရန် မဖြစ်နိုင်ကြောင်း သဘောပေါက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သက်ပြင်းချကာ...

“ကောင်းပြီ... သမီး ရှေ့ခရီးဆက်ဖို့ ဘဘ ခွင့်ပြုပါတယ်... ဒါပေမယ့် ယန်ဟင်ဖေးကို ဘဘ လိုက်ရှာပေးဦးမယ်... ယန်ဟင်ဖေး လက်ထဲ သမီးကိုထည့်ပေးပြီးမှ ဘဘ စိတ်ချမယ်... ”

ထိုစကားကြားရလျှင် ကျင်းအော့လျှံမှာ ဝမ်းသာသွားလေတော့သည်။

သူတို့နှစ်ယောက် ယန်ဟင်ဖေးကို ရှာဖွေရန် ရှေ့သို့ခရီးဆက်သွားကြလေတော့သည်။

သုံးရက်မျှသွားပြီးသောအခါ တိတ်ဆိတ်ခြောက်သွေ့သော လွင်တီးခေါင်တစ်ခုသို့ ရောက်လာကြ၏။

လွင်တီးခေါင်၏တစ်ဘက်တွင် ကျောက်တောင်ကြီးများရှိနေ၏။

ချာယို့ဖုန်းက မျက်မှောင်ကုတ်ကာ...

“ကျင်းအော့လျှံတို့တစ်တွေ လမ်းမှားလာပြီထင်တယ်... ”

ကျင်းအော့လျှံက အံ့ဩသွားသည်။

ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုပြီးမှ ချာယို့ဖုန်းဘက်သို့ လှည့်လေသည်။

ချာယို့ဖုန်းမှာ တစ်စုံတစ်ခုကို စိုးရိမ်ပူပန်နေဟန်ရှိသည်။

ကျောက်တောင်များဘက်သို့ မျှော်ကြည့်ရင်း...



“တို့တွေ ဘယ်ရောက်လို့ ရောက်မှန်းမသိဘူး... ကျောက်တောင်ပေါ်တက်ပြီး အကဲခတ်ကြည့်ရင်ကောင်းမယ်... ”

“ဟုတ်ကဲ့ဆရာ... တက်ပြီးကြည့်လိုက်ရင် ဘယ်နေရာရောက်နေတယ်ဆိုတာ မှန်းဆနိုင်မှာပါ... ”

ကျင်းအော့လျှံက ခေါင်းညိတ်ပြီး ရှေ့ဆုံးမှ မြင်းကို မောင်းနှင်သွားလေသည်။

အရှိန်ပြင်းပြင်းခရီးနှင်သွားသဖြင့် နေမွန်းမတည့်မီ ကျောက်တောင်ကြီးများအနီးသို့ ရောက်သွားကြသည်။

ပူပြင်းသောရာသီဥတုကြောင့် ချာယို့ဖုန်းမှာ မောဟိုက်နွမ်းနယ်နေပြီ ဖြစ်လေသည်။

ချာယို့ဖုန်းသည် မြင့်မားလှသောကျောက်တောင်အပေါ်ဘက်သို့ မော့ကြည့်ကာ...

“ကျင်းအော့လျှံ... သမီး တောင်ပေါ်တက်ပြီး အရပ်ဌလေးချက်နှာကို အကဲခတ်ကြည့်စမ်း... ”

“ဟုတ်ကဲ့ ဆရာ... ”

ကျင်းအော့လျှံက မြင်းပေါ်မှဆင်းကာ ချက်ချင်း ကျောက်တောင်ပေါ်သို့ ပြေးတက်သွားလေသည်။

ချာယို့ဖုန်းက သူမအား လှမ်း၍သတိပေးလိုက်သည်။

“ကျင်းအော့လျှံ... သတိထားသွား... အန္တရာယ်တွေ ရှိ ရင်

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ဘဲ ရုတ်ချင်းပြန်ဆင်းလာခဲ့… "

ကျင်းအောင့်လျှမှာ ချာယီဖွန်း၏စကားကို မကြားတော့ပါချေ

ကျောက်တောင်ပေါ်သို့ တက်သွားလေတော့သည်။

❀ ❀ ❀

## အခန်း [ ၂၄ ]

## ချောက်ထဲမှကျွင်း

ကျောက်တောင်ပေါ်တွင် လေတဟူးဟူးတိုက်ခတ်နေသည်။

ကျင်းအောင့်လျှ ကျောက်တောင်ပေါ်သို့ ရောက်သောအခါ တစ်ကိုယ်လုံး ချွေးများဖြင့် စိုရွှဲနေလေပြီ။

ကျောက်တောင်ပေါ်ရောက်၍ အကဲခတ်လိုက်သောအခါ တောင်ထိပ်မှာ အလွန်ကျယ်ပြန့်သည့် လွင်ပြင်တစ်ခုပမာ ရှိနေသည်ကို တွေ့ရ၏။

ကျင်းအောင့်လျှ အနောက်ဘက်သို့ လှည့်ကာ ငုံ့ကြည့်လိုက်လျှင် အောက်ဘက်မှ စောင့်နေသော ချာယီဖွန်းကို ခပ်ရေးရေးမျှသာ တွေ့မြင်ရတော့သည်။

ကျင်းအောင့်လျှသည် ပြုံးလိုက်ပြီး တောင်တစ်ဖက်ဆီသို့

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွား၏။

ထို့နောက်...

ကျောက်တောင်ပေါ်ရှိ အရိပ်ရသောကျောက်ကမ္ဘတစ်ခု၏ အနောက်တွင် ထိုင်လျက် ခေတ္တအနားယူလိုက်၏။ လေပြည်ကလေး တဖြူးဖြူးတိုက်ခတ်နေသဖြင့် ပင်ပင်ပန်းပန်း တက်လာသော ကျင်းအောလျှံသည် အလွန်အပမ်းပြေသွားသည်။

သူမ ခဏထိုင်နားလိုက်သောအခါ ပင်ပန်းလွန်းသဖြင့် ခေတ္တမျှ အိပ်ပျော်သွားမိလေ၏။

လေပြည်လေညင်းက တိုက်ခတ်နေဆဲပင် ဖြစ်သည်။

ကျင်းအောလျှံအား ကလူကျီစယ်ကာ ချော့သိပ်နေသည့် အလားပင်ဖြစ်သည်။

ကျင်းအောလျှံမှာ အောက်ဘက်တွင် ချာယို့ဖုန်းစောင့်နေ၍ အိပ်ရန်မဖြစ်ကြောင်း နားလည်ထားသော်လည်း မျက်လုံးဖွင့်မရတော့ဘဲ သတိကင်းလွတ်ကာ အိပ်ပျော်သွားတော့၏။

"ဒေါက်... "

ကျောက်ခဲကလေးများ အချင်းချင်းထိတွေ့မိသော အသံ တစ်ချက်ထွက်ပေါ်လာ၏။

ကျင်းအောလျှံမှာ အိပ်ပျော်နေရာမှ ဆတ်ခနဲ လန့်နိုးလာသည်။



သူမ၏ကိုယ်ပေါ်တွင် ချွေးများမခြောက်သေးသဖြင့် တစ်ခဏ တာမျှသာ အိပ်ငိုက်သွားမိကြောင်း သတိပြုမိသည်။

လေးလံနေသော မျက်ခွံကို လက်ဖြင့်ပွတ်သပ်ရင်း ထိုင်ရာမှ ထလိုက်၏။

ထိုအခါ...

သူမနှင့် ခြေဆယ်လှမ်းခန့်အကွာတွင် လူတစ်ယောက်ရပ်နေသည်ကို မြင်တွေ့လိုက်ရလေတော့သည်။

မမျှော်လင့်သောမြင်ကွင်းကြောင့် ကျင်းအောလျှံသည် ထခုန် မိမတတ် ထိတ်လန့်သွားသည်။ ထိုလူအား အသေအချာကြည့်မိသော အခါ မျက်လုံးထဲတွင် လျှံရှည်တစ်ချောင်း သိုင်းလွယ်ထားသည်ကို တွေ့မြင်ရလေ၏။

ကျင်းအောလျှံက...

"ဘယ်သူလဲ... "

သူမ၏အထိတ်တလန့် မေးသံကြားရသောအခါ လှံရှည်ကိုင် ထားသူက ရယ်မောလေတော့၏။

"ဟား... ဟား... ဟား... မင်းကော ဘယ်သူလဲ... ဘာ ကြောင့် ဒီနေရာကို ရောက်လာတာလဲ... "

ကျင်းအောလျှံက တံတွေးတစ်ချက် မျိုချလိုက်ပြီး...

"ကျွန်မနာမည်က ကျင်းအောလျှံပါ... "

www.burmeseclassic.com

www.burmeseclassic.com



လုံ့ရှည်ကိုင်ဆောင်ထားသောလူသည် ကျင်းအော့လျှံအား ပြူးကျယ်သောမျက်လုံးများဖြင့် စိုက်ကြည့်ကာ...

"မင်းက ကျင်းအော့လျှံ ဟုတ်လား... ကျုပ် မင်းကိုတွေ့ချင်နေတာနဲ့ အတော်ပဲ... ကဲ... ပြောစမ်း... ဘယ်မှာလဲ... သွေးသောက်ဓား... "

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ကျင်းအော့လျှံသည် ထိတ်လန့်သွား၏။

သူမ၏အမည်ကို ထုတ်ဖော်ပြောပြမိသည့်အတွက် နောင်တရမိ၏။

"ရှင်က ဘယ်သူလဲ... "

"ကျုပ်က လုံ့ရှည်တင်းစန်းပဲ... "

ကျင်းအော့လျှံမှာ သိုင်းလောကတွင် ထင်ရှားသောဖြိုင်ဘက်ကင်း သိုင်းသမားငါးယောက်အနက် လုံ့ရှည်တင်းစန်းနှင့် ရင်ဆိုင်တွေ့ကြုံနေရပြီဖြစ်ကြောင်း သိရှိမိလေတော့သည်။

"သွေးသောက်ဓားကိုပေးရင်... မင်းကို အသက်ချမ်းသာပေးမယ်... ဒါမှမဟုတ် ကျုပ် အဆိုးမဆိုနဲ့... "

ကျင်းအော့လျှံက ခေါင်းခါယမ်းကာ...

"ကျွန်မဆီမှာ သွေးသောက်ဓားမရှိဘူး... "

"မင်း မလိမ်နဲ့... "



"ကျွန်မ အမှန်အတိုင်းပြောတာရှင့်... "

လုံ့ရှည်တင်းစန်းက ဒေါသထွက်သွား၏။

"မင်းအဖေက သူ့ဆရာဆီက ရထားတဲ့သွေးသောက်ဓားကို မင်းကို မပေးလို့ ဘယ်သူ့ကိုပေးရမှာလဲ... ဒီဓားကို လူတိုင်းက လိုချင်နေကြတာ... ကျုပ်ကိုပေးပါ... "

ကျင်းအော့လျှံသည် အခက်ကြုံနေ၏။

"ကျွန်မဆီမှာ မရှိဘူး... ရှင်မယုံလည်း မတတ်နိုင်ဘူး... ကျွန်မ သွားတော့မယ်... "

ပြောပြီးတောင်အောက်ဘက်သို့ ဆင်းသွားရန် ဟန်ပြင်လိုက်သည်။

လုံ့ရှည်တင်းစန်းသည် ဒေါသခြောင်းခြောင်းထွက်သွားကာ

"မင်း ထွက်သွားလို့ရမလား... "

သူသည် စကားဆုံးသည်နှင့် နောက်မှခုန်အုပ်တိုက်ခိုက်လေတော့သည်။

"ဝုန်း... "

ကျင်းအော့လျှံ လန့်သွား၏။ သူမ လျှင်မြန်စွာ ရှောင်လိုက်ရသည်။

တစ်ဆက်တည်းမှာပင် လုံ့ရှည်တင်းစန်းအား လက်နက်မှိုင်းများဖြင့် ပစ်ပေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုံ့ရှည်တင်းစန်းက လုံ့ရှည်ကို ဝှေ့ယမ်းလိုက်ပြီး...

"ထန်း... ထန်း... ထန်း"

"မင်းပညာ ဒါအကုန်ပဲလား... "

ကျင်းအော့လျှံ၏လက်နက်ပုန်းများ မြေပေါ်သို့ကျသွား၏။

လုံ့ရှည်တင်းစန်းက ပြုံးလိုက်ပြီး...

"မင်း ကျုပ်ကိုနိုင်မှာ မဟုတ်ဘူး... ဒါကြောင့် သွေးသောက်တေးကို အေးအေးဆေးဆေး ပေးရင်ကောင်းမယ်... "

"ကျွန်မမှာ မရှိဘူးလို့ ပြောပြီးပြီ မဟုတ်လား... ကျွန်မ မပေးချင်လို့ လိမ်ပြောနေတာ မဟုတ်ဘူး... "

"မင်းလိမ်တာ... မင်းဆီမှာ ရှိရမယ်... "

တင်းစန်းမှာ နာမည်ကျော်ကြားသည်နှင့်အမျှ သိုင်းပညာလည်း အလွန်ထက်မြက်လှသူဖြစ်သည်။

ကျင်းအော့လျှံမှာ လုံ့ရှည်တင်းစန်း၏တိုက်ခိုက်မှုကို မခံနိုင်ဘဲ နောက်ဆုတ်သွားရသည်။

ထူးချွန်ထက်မြက်သော ကိုယ်ဖော့ပညာကို အသုံးပြုရှောင်တိမ်းသော်လည်း လုံ့ရှည်တင်းစန်း၏ တိုက်ခိုက်မှုအောက်မှ မလွတ်နိုင်ချေ။

ကျင်းအော့လျှံ၏နဖူးပေါ်တွင် ချွေးများစို့ရွှဲလာ၏။

နောက်သို့ တစ်လှမ်းပြီးတစ်လှမ်း တစ်ဆုတ်တည်း ဆုတ်နေ



လေ၏။

ခြေလှမ်းငါးဆယ်မျှ ဆုတ်သွားပြီးလျှင် တင်းစန်း၏တိုက်ခိုက်မှု ရုတ်တရက် ရပ်သွားသည်။

ကျင်းအော့လျှံအား ပြူးကျယ်သော မျက်လုံးများဖြင့်ကြည့်ရင်း...

"မင်း ရပ်လိုက်စမ်း... "

ကျင်းအော့လျှံက ရပ်တန့်ခြင်းမရှိချေ။

တင်းစန်း၏တိုက်ခိုက်မှု ရပ်တန့်သွားခိုက် အခွင့်ကောင်းယူကာ ချာခနဲလှည့်၍ ထွက်ပြေးသွား၏။

သို့သော်...

သူမ မှားယွင်းသွားပြီဖြစ်ကြောင်း ချက်ချင်းသိလိုက်ရလေသည်။

သူမ၏နောက်ဘက်တွင် ချောက်ကမ်းပါးတစ်ခု ရှိနေ၏။

ချာခနဲလှည့်ကာ ထွက်ပြေးရင်း လေဟာနယ်ထဲသို့ ခြေနင်းမိကာ အောက်ဘက်သို့ ပြုတ်ကျသွားလေတော့သည်။

လေတဟူးဟူးတိုက်ခတ်နေသည်။

ကျင်းအော့လျှံ၏မျက်လုံးများ ပြာဝေနေ၏။

စိတ်လန့်ကြောက်ရွံ့မှုများ တစ်ကိုယ်လုံး လွှမ်းခြုံသွား၏။

ထို့စဉ်...

www.burmeseclassic.com

www.burmeseclassic.com



တောင်နံရံတွင် ကပ်လျက်ပေါက်နေသော သစ်ပင်တစ်ပင်ကို လှမ်း၍မြင်တွေ့လိုက်ရလေသည်။

ကျောင်းအောင်လျှံသည် အချိန်မဖြုန်းဘဲ လေထဲတွင် ကျွမ်းတစ်ပတ်ပစ်ကာ ခါး၌ရစ်ပတ်ထားသော ကျာပွတ်ကို ဖြုတ်ယူလိုက်၏။

ထို့နောက်…

သစ်ပင်ဆီသို့ လှမ်း၍ ရစ်ပတ်လိုက်သည်။

ကျာပွတ်သည် သစ်ပင်ကိုရစ်ပတ်မိပြီး ကျောင်းအောင်လျှံ၏ ခန္ဓာကိုယ်မှာ လေထဲတွင် တွဲခနဲရပ်သွားသည်။

တောင်နံရံတွင် ပေါက်နေသော သစ်ပင်၌ ကျာပွတ်ကို ကိုင်ကာ တွဲလောင်းဖြစ်နေသည်။

ချောက်ကမ်းပါးမှာ အောက်ဘက်တွင် နက်ရှိုင်းစွာတည်ရှိနေ၏။

ကျောင်းအောင်လျှံသည် အသက်ဘေးမှ လွတ်မြောက်လာ၍ ဝမ်းသာမည်ရှိစဉ်…

ရုတ်တရက်…

"ဖျွတ်… ဖျွတ်…"

တောင်နံရံတွင် ကပ်လျက်ပေါက်နေသော သစ်ပင်ငယ်မှာ ကျောင်းအောင်လျှံ၏ခန္ဓာကိုယ်အလေးချိန်ကို မခံနိုင်ဘဲ တကျွတ်ကျွတ်မြည်ကာ ရှန်းကြွလာ၏။



ကျောင်းအောင်လျှံမှာ မျက်လုံးပြူးသွားသည်။ သူမ ခိုတွယ်ထားရသည့် ပတ်ဝန်းကျင်ကို ကြိုးကန်းတောင်းမှောက် အကဲခတ်ရတော့သည်။ ထိုအခါ ချောက်ကမ်းပါးသို့ စွန်းထွက်နေသည့်ကျောက်စွန်းတစ်ခုကို သူမ၏အောက်၌ တွေ့မိသည်။

ကျောင်းအောင်လျှံသည် အချိန်မဆိုင်းဘဲ တောင်စွန်းကျောက်တန်းပေါ်သို့ ခုန်ချလိုက်၏။

ကျောက်တန်းပေါ်သို့ ခြေချမိလျှင် အလေးချိန်ကြောင့် ကျောက်တန်း ပဲ့ကျသွားပြန်၏။

ကျောင်းအောင်လျှံမှာ ဆင်ခြေလျှောတောင်ကုန်းအတိုင်း အောက်ဘက်သို့ ဒလိမ့်ခေါက်ကွေး ကျသွား၏။

မျက်လုံးများ ပြာဝေသွားကာ ဦးခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားပြီး သတိလွတ်ကင်းလေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



ကျင်းအော့လျှံ ချောက်ကမ်းပါးထဲသို့ ကျသွားပြီဖြစ်သည်။

တင်းစန်းသည် ကျောက်ကမ်းပါးထိပ်မှ အောက်ဘက်သို့ ငုံ့ကြည့်လိုက်သော်လည်း ကျင်းအော့လျှံကို မတွေ့ရချေ။

“ဒုက္ခပဲ… သူ သေသွားရင် သွေးသောက်စား သူနဲ့အတူပါသွားပြီး အလကားဖြစ်နေပြီပေါ့… ငါ ဘယ်လိုလုပ်ရမလဲ… ဟုတ်ပြီ… ကြိုးရှာပြီး ချောက်ထဲဆင်းမယ်… ”

တင်းစန်းမှာ တစ်ယောက်တည်း ကြိတ်၍ ရေရွတ်လိုက်ပြီးနောက် လျှင်မြန်စွာ ထွက်ခွာသွားလေ၏။

တင်းစန်း ထွက်ခွာသွားပြီး ခဏအကြာတွင် ချာယို့ဖုန်းသည် တောင်ပေါ်သို့ ရောက်ရှိလာလေတော့သည်။

ကျင်းအော့လျှံတောင်ပေါ်သို့ တက်သွားပြီး အချိန်အတန်ကြာသည်အထိ ပြန်ဆင်းမလာသောကြောင့် ချာယို့ဖုန်းသည် တောင်ပေါ်သို့ ပြေးတက်လာခဲ့သည်။

သို့သော်…

တောင်ပေါ်သို့ ရောက်လျှင် ကျင်းအော့လျှံကို မတွေ့ရချေ။

ကျင်းအော့လျှံအပြင် အခြားသက်ရှိလူသူအရိပ်အယောင်လည်း မတွေ့ရပါ။ ထိုအခါ ချာယို့ဖုန်းသည် တောင်ကုန်းအထက် မြေပြင်ကို လှည့်ပတ်ကြည့်ရှုရှာဖွေသည်။ ထိုအခါ ကျင်းအော့လျှံ၏ [illegible]နက်ပုန်းများကို တွေ့ရလေတော့သည်။



ချာယို့ဖုန်းသည် မျက်နှာကွက်ခနဲ ပျက်သွား၏။

ကျင်းအော့လျှံသည် တောင်ပေါ်တွင် ရန်သူနှင့် ရင်ဆိုင်တွေ့ဆုံခဲ့ကြောင်း သူ သိသွားသည်။ သူမ မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

သူမအား ရန်သူက ဖမ်းဆီးခေါ်ဆောင်သွားပြီလော။

ချာယို့ဖုန်းသည် ရှာမတွေ့သည့်အဆုံး ချောက်ကမ်းပါးအောက်ဘက်သို့ အမှတ်မထင် ငုံ့ကြည့်မိလေသည်။

ထိုအခါ…

ချောက်ကမ်းပါး တောင်နံရံတွင် ကပ်ပေါက်နေသော သစ်ပင်၌ ကျင်းအော့လျှံ၏ကျာပွတ် လေထဲတွင် ယိမ်းနွဲ့ကာ လှုပ်ရှားငွေ့ယမ်းနေသည်ကို တွေ့လိုက်ရ၏။

ချာယို့ဖုန်းသည် မျက်မှောင်ကုတ်သွားပြီး သေသေချာချာ ထပ်မံကြည့်လိုက်၏။ သူသည် မျက်စိအလွန်ရှင်သူ ဖြစ်သည်။ ထိုကျာပွတ်ကား အခြားကျာပွတ်မဟုတ်။ သူမလက်နက်အဖြစ် သုံးနိုင်ရန် သူထုတ်ပေးထားသည့် ကျာပွတ်ဖြစ်နေလေ၏။

ကျင်းအော့လျှံသည် ချောက်ကမ်းပါးအတွင်းသို့ ကျသွားသည်မှာ သေချာပြီ မဟုတ်ပါလော။

ချာယို့ဖုန်း၏မျက်ဝန်းအစုံတွင် မျက်ရည်များရစ်ဝဲလာသည်။

ကျင်းအော့လျှံမှာ တစ်စုံတစ်ယောက်လက်ချက်ဖြင့် ချောက်

www.burmeseclassic.com

www.burmeseclassic.com



ကမ်းပါးအတွင်းသို့ကျကာ သေဆုံးသွားချေပြီ။

ကျင်းအောလျှံအား သတ်ဖြတ်သွားသူကို မရမနေလိုက်လံရှာဖွေမည်ဟု ချာယို့ဖုန်း ဆုံးဖြတ်ချက်ချလိုက်သည်။

ချောက်ကမ်းပါးအတွင်းသို့ နောက်ဆုံးအကြိမ်ကြည့်လိုက်ပြီးနောက် တောင်ပေါ်မှ ချာခနဲလှည့်ကာ ထွက်ခွာသွားလေတော့သည်။

❀ ❀ ❀

## အခန်း [ ၂၅ ]

## တကယ်တင်ကျူညီသူ

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ကျင်းအောလျှံသည် တဖြည်းဖြည်းသတိရလာလေသည်။

သူမ မျက်လုံးဖွင့်ကြည့်လိုက်သည်နှင့် ရှေ့သို့တက်နေသော ကျောက်ဂူတစ်ခု၏ ခေါင်မိုးကို တွေ့မြင်ရ၏။

အနည်းငယ်လှုပ်ရှားကြည့်သောအခါ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေပြီး ဦးခေါင်းများ လေးလံထိုင်းမှိုင်းနေသည်ကို သတိပြုမိ၏။

ကျင်းအောလျှံသည် လူးလိမ့်ထရန် ဟန်ပြင်လိုက်စဉ် စကားသံတစ်ခု နားထဲတိုးဝင်လာသည်ကို ကြားလိုက်ရလေသည်။

"အို… မထနဲ့ဦးလေ… ခင်ဗျားမှာ ဒဏ်ရာတွေရထားတယ်ဗျ… "

စကားသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်သောအခါ

www.burmeseclassic.com



အငွေ့တထောင်းထောင်း ထနေသော ပန်းကန်တစ်လုံးကိုင်ဆောင်ထားသူ လူတစ်ယောက် သူမထံသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရလေ၏။

ထိုလူမှာ ရုပ်ရည်သန့်ပြန့်ပြီး အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိမည်ဟု ထင်ရသော လူရွယ်တစ်ယောက် ဖြစ်နေသည်။

ကျင်းအော့လျှံသည် လူရွယ်ကိုကြည့်ရင်း...

"ရှင်... ကျွန်မကို ကယ်တင်ထားတာလား..."

သူမ ဒဏ်ရာများရရှိထားပြီး နာကျင်နေသဖြင့် တီးတိုးမေးမိသည်။

လူရွယ်ပြုံးသွားမိသည်။

"ကျုပ်က တမင်သက်သက် ကယ်တင်တာ မဟုတ်ပါဘူး... မမျှော်လင့်ဘဲ ခင်ဗျား သတိမေ့နေတာတွေ့လို့ ဒီကိုခေါ်လာတာပါ"

ကျင်းအော့လျှံက ပတ်ဝန်းကျင်ကို အကဲခတ်ရင်း...

"ဒီနေရာက ဘယ်လိုနေရာမျိုးလဲ..."

လူရွယ်က ပြန်ဖြေလိုက်သည်။

"ဒီနေရာဟာ ခင်ဗျား ပြုတ်ကျလာတဲ့ ချောက်ကမ်းပါးအောက်ဘက်က လိုဏ်ဂူတစ်ခုပါ..."

ကျင်းအော့လျှံက လူရွယ်ကို မယုံကြည်နိုင်စွာကြည့်ကာ...

"ရှင်က ဒီမှာနေတယ် ဟုတ်လား..."

"ဟုတ်ပါတယ်... ကျုပ် ဒီမှာနေရတာပျော်တယ်... ဒါကြောင့်တစ်ခါတလေမှ အိမ်ပြန်တယ်... ဒီမှာပဲ အနေများပါတယ်..."

ကျင်းအော့လျှံက ဆက်မေးလိုက်သည်။

"ရှင့်နာမည်က ဘယ်သူလဲ... ရှင့်အိမ်က ဘယ်မှာလဲ..."

"ကျုပ်နာမည်က ယွန်ရှောင်မွန်းလို့ ခေါ်တယ်... ကျုပ်အိမ်က ဝေးပါတယ်... ဒါနဲ့ ခင်ဗျားက ဘယ်သူလဲဆိုတာ ကျုပ် မသိရသေးဘူး... ငယ်ငယ်ရွယ်ရွယ်နဲ့ ချောက်ကမ်းပါးထဲကို ခုန်ချတာ အကြောင်းရှိလို့လား..."

ယွန်ရှောင်မွန်း မှားနေချေပြီ။ သူမ အဖြစ်အပျက်ကို သူမသိ၍ ဤသို့ပြောခြင်းဖြစ်သည်။

ကျင်းအော့လျှံက ခေါင်းခါယမ်းလိုက်ပြီး...

"အို... ချောက်ကမ်းပါးအောက်ကို ခုန်ချတာ မဟုတ်ပါဘူးရှင်..."

ယွန်ရှောင်မွန်းက မျက်မှောင်ကုတ်လိုက်ပြီး...

"ဒါဖြင့် ခင်ဗျားကို ဘယ်သူတွန်းချတာလဲ..."

"တွန်းချတာလည်း မဟုတ်ပါဘူး... ရန်သူနဲ့တိုက်ခိုက်ရင်း နောက်ဆုတ်လိုက်တာ ချောက်ကမ်းပါးရှိနေတာကို သတိမပြုမိဘဲ ခြေချော်ပြီး ကျလာတာပါရှင်..."

ယွန်ရှောင်မွန်း သဘောပေါက်သွားသည်။

"ဪ... ဒီလိုကိုး..."

ကျင်းအော့လျှံက ဆက်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနာမည်က ကျင်းအော့လျှံပါ... ဒါနဲ့ ရှင်က ဒီချောက်ထဲဘာလာလုပ်တာလဲရှင့်... "

ယွန်ရှောင်မွန်းသည် မျက်လုံးပြူးကျယ်သွားပြီး...

"ဗျာ... ကျင်းအော့လျှံ ဟုတ်လား... "

ကျင်းအော့လျှံက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်... "

ယွန်ရှောင်မွန်းသည် အတန်ကြာတိတ်ဆိတ်နေပြီးမှ...

"ကျုပ်က ဆေးမြစ်လာတူးတာပါ... "

"ဆေးမြစ်တူးတာ ဟုတ်လား... ရှင်က သမားတော်တစ်ယောက်ပေါ့... "

ယွန်ရှောင်မွန်က သက်ပြင်းချကာ...

"ကျုပ်က သမားတော်ဖြစ်လို့ စိတ်သိပ်ပြင်းပြခဲ့တယ်ဗျ... ကျုပ် ဘယ်တော့မှ သိုင်းပညာမသင်ဘူးလို့ ဆုံးဖြတ်ထားတယ်... ဒါပေမယ့် ကျုပ်အဖေက ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်စေချင်တဲ့ဆန္ဒရှိတယ်... ကျုပ် ဝါသနာမပါဘဲ သိုင်းပညာသင်ခဲ့ရတယ်... ကျုပ်အဖေက ဆုပုကြိမ်းမောင်းတဲ့အခါ ကျုပ် ဒီနေရာကိုလာပြီး ရှောင်နေတာပေါ့... ကျုပ်က သိုင်းပညာတတ်ထားပေမယ့် သမားတော်လုပ်ချင်တာဗျ... "

သူသည် ပွင့်လင်းရိုးသားစွာဖြင့် ပြောပြလေသည်။

"ရှင်... ဒီကိုဘယ်လိုလာတာလဲ... တောင်ထိပ်က ခုနဆင်



လာတာလား... "

ယွန်ရှောင်မွန်းက ခေါင်းခါယမ်းလိုက်ပြီး...

"မဟုတ်ပါဘူးဗျာ... တခြားလမ်းက လာတာပါ... "

"ဘယ်လမ်းကလဲရှင့်... "

ယွန်ရှောင်မွန်းက ကျင်းအော့လျှံကိုကြည့်ကာ...

"ခင်ဗျား ဒီကထွက်သွားတော့မလို့လား... "

"အခုတော့ မသွားသေးပါဘူး... ဒါပေမယ့် ကျွန်မ ဒီကထွက်သွားရမှာ သေချာတယ်မဟုတ်လား... တောင်ပေါ်တက်ဖို့လမ်းပြပေးမယ်ဆိုရင် ရှင့်ကို တစ်သက်လုံးကျေးဇူးတင်နေမှာပါ... "

ယွန်ရှောင်မွန်းက လက်ကာပြလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ... ကျုပ်က ကူညီလက်စနဲ့ ကူညီရမှာပေါ့"

ကျင်းအော့လျှံက ဝမ်းသာသွားသည်။

"ဒီလိုဆိုရင် ရှင် လမ်းပြပေးမယ် မဟုတ်လား... "

"ဟုတ်တယ်... "

ယွန်ရှောင်မွန်းသည် ပြုံးပြီးသည်နှင့် ရှေ့မှလျှောက်သွားလေသည်။

ကျင်းအော့လျှံသည် နောက်မှ ကပျာကယာ လိုက်သွားရလေတော့သည်။

ချောက်ကမ်းပါးအောက်ခြေ၊ တောင်နံရံကပ်လျက်တွင်မူ တစ်ယောက် ဝင်သာရုံအပေါက်တစ်ပေါက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအပေါက်အား ကျောက်တုံးတစ်တုံးဖြင့် ပိတ်ဆို့ထား၏။

ယွန်ရှောင်မွန်းက ထိုနေရာသို့ လျှောက်သွားကာကျောက်တုံးကို ဖယ်ပစ်လိုက်သည်။

"ဒီအပေါက်က အပေါ်ကိုတက်သွားပါ... တောင်ပေါ်ရောက်ပါလိမ့်မယ်... "

ကျင်းအော့လျှံက ယွန်ရှောင်မွန်းကိုကြည့်ကာ...

"ရှင်က ဒီမှာပဲနေခဲ့မယ် မဟုတ်လား... "

ယွန်ရှောင်မွန်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်... သားအဖတွေဖြစ်ပြီး သဘောထားချင်းမတိုက်ဆိုင်တော့ ကျုပ်အဖေနဲ့ မတွေ့ချင်ဘူး... ကျုပ်က ဖြူရင် သူက မဲတာဆိုတော့... မတွေ့တာဘဲ ကောင်းပါတယ်ဗျာ... "

ကျင်းအော့လျှံက သက်ပြင်းချလိုက်ပြီး...

"ကျွန်မကို တိုက်ခိုက်ခဲ့တဲ့ရန်သူက ကျွန်မ သေမသေသိရအောင် ချောက်ထဲဆင်းကြည့်မှာ သေချာတယ်... သူရောက်လာတဲ့အခါ ရှင့်ကိုတွေ့သွားရင် ချမ်းသာပေးမှာ မဟုတ်ဘူး... "

ယွန်ရှောင်မွန်းက မျက်နှာပျက်သွားပြီး...

"ခင်ဗျားရန်သူက ဘယ်သူလဲ... သူနဲ့ကျုပ်က ရန်ငြိုးမှမရှိတာ... "

"သူနာမည်က လုံရှည်တင်းစန်းပဲ... သူနဲ့ကျွန်မလည်း ရန်ငြိုးမရှိပါဘူးရှင်... ဒါပေမယ့် သူက တစ်ဖက်သတ်တိုက်ခိုက်တယ်... "



သူမသည် ချောက်ကမ်းပါးအောက်တွင် ယွန်ရှောင်မွန်းနေခဲ့မည်ကို စိတ်မချချေ။

ထို့ကြောင့်...

"ကျွန်မ ခရီးဆက်စရာရှိသေးတယ်... ဒါကြောင့် ရှင့်ရဲ့အကူအညီ ရဦးမယ်လို့ ထင်နေတာ... "

ထိုစကားကြားရလျှင် ယွန်ရှောင်မွန်းသည် အံ့ဩသွားကာ

"ဗျာ... ကျုပ်ရဲ့အကူအညီ လိုအပ်နေသေးတယ် ဟုတ်လား"

ကျင်းအော့လျှံက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဟုတ်ပါတယ်... ကျွန်မကို အနီးဆုံးမြို့တစ်မြို့ရောက်အောင် လမ်းပြပေးပါရှင်... အခုအချိန်ဆိုရင် တောင်ပေါ်မှာ ကျွန်မကိုစောင့်နေမယ့် ဆရာလည်း ရှိတော့မှာ မဟုတ်ဘူး... "

ယွန်ရှောင်မွန်းသည် အကူအညီတောင်းလာသောအခါ ငြင်းဆယ်ရန် ဝန်လေးနေသည်။

ကျင်းအော့လျှံက သူ့အားပြုံးကြည့်လိုက်ပြီး...

"ရှင် ကျွန်မကို ကူညီမှာလားဟင်... "

ယွန်ရှောင်မွန်းသည် သက်ပြင်းချလိုက်ကာ...

"ကျုပ် ကူညီပါ့မယ်ဗျာ... "

ထိုစကားကြားရလျှင် ကျင်းအော့လျှံ ဝမ်းသာသွားသည်။

သူတို့နှစ်ယောက်သည် တောင်နံရံအပေါက်မှတစ်ဆင့် အပေါ်ဘက်သို့ တက်လာခဲ့ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်နံရံ အပေါက်တွင်းသို့ ဝင်မိလျှင် လိုဏ်ခေါင်းလမ်း တစ်ခုဖြစ်သည်ကို တွေ့ရ၏။

ယွန်ရှောင်မွန်းက ရှေ့မှလျှောက်သွားသည်။

ကျင်းအော့လျှံက အနောက်မှလိုက်သွားသည်။

ထိုလိုဏ်ခေါင်းလမ်းမှာ တဖြည်းဖြည်းမြင့်တက်သွားသည်ကို ကျင်းအော့လျှံ သတိပြုမိလေ၏။

ထို့အပြင်...

အလင်းရောင်အားနည်းလာသည်ကို တွေ့ရ၍ ကျင်းအော့လျှံ စိတ်ပူသွားသည်။

သို့သော်...

တဖြည်းဖြည်းရှေ့ဆက်သွားသောအခါ မကြာမီ အရှေ့ဘက်မှအလင်းရောင်များ ထွက်ပေါ်နေသည်ကို တွေ့လိုက်ရတော့သည်။

လေများ တဟူးဟူးတိုက်ခတ်နေပြီး လိုဏ်ခေါင်းအတွင်းဘက်သို့တိုင် တိုးဝင်လာနေသည်။

နောက်ဆုံး၌ ကျင်းအော့လျှံနှင့် ယွန်ရှောင်မွန်းတို့သည် လိုဏ်ခေါင်းအပြင်ဘက်သို့ ရောက်သွားကြလေတော့၏။

ထိုအခါ...

တောင်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကျင်းအော့လျှံ တွေ့ရလေတော့သည်။

"ကျွန်မ နောက်ကိုလိုက်ခဲ့ပါ... တောင်အောက်မှာ ကျွန်မ



ဆရာ စောင့်နေတယ်... "

ကျင်းအော့လျှံမှာ ချက်ချင်းပင် တောင်ပေါ်မှပြေးဆင်းသွားသည်။

ယွန်ရှောင်မွန်းလည်း နောက်မှ ပြေးလိုက်ရသည်။ ကျင်းအော့လျှံသည် ချာယို့ဖုန်း စောင့်နေသောနေရာသို့ ရောက်ရှိသွားသည်။ သို့သော် ချာယို့ဖုန်း ရှိမနေတော့ပါ။

ယွန်ရှောင်မွန်းက သူ့မနောက်သို့ လိုက်လာပြီးလျှင်...

"ခင်ဗျားဆရာကို လိုက်ရှာတာလား... "

"ဟုတ်တယ်... "

ယွန်ရှောင်မွန်းက ဆက်မေးလိုက်သည်။

"သူ့ကို မတွေ့ဘူး မဟုတ်လား... "

"အင်း... သူလည်း ကျွန်မ ပျောက်သွားလို့ စိတ်ပူပြီးလိုက်ရှာနေရောပေါ့... ကျွန်မကို အနီးဆုံးမြို့တစ်မြို့ကို ပို့ပေးပါရှင်... "

သူတို့နှစ်ယောက်သည် လှင်ကီးခေါင်ကို ဖြတ်ကာ ရှေ့သို့ ခရီးနှင်သွားကြလေတော့သည်။

ချန်စီးမြို့...

ချန်စီးမြို့ကလေးမှာ သေးငယ်သောမြို့တစ်မြို့ဖြစ်၏။

ချန်စီးသို့ရောက်သောအခါ မိုးချုပ်သွားပြီဖြစ်၍ ကျင်းအော့လျှံနှင့် ယွန်ရှောင်မွန်းတို့ တည်းခိုရန်နေရာ လိုက်ရှာရာ မကြာမီ တည်းခိုခန်းတစ်ခုကို တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းသို့ရောက်လျှင် တခဏတာအပန်းဖြေပြီးနောက် စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်ကြ၏။

ညစာ စားသောက်ကြသောအခါ ကျင်းအော့လျှံနှင့် ယွန်ရှောင်မွန်းတို့ စကားလက်ဆုံကျမိကြသည်။

ယွန်ရှောင်မွန်းက ကျင်းအော့လျှံကို စိုက်ကြည့်ကာ…

"ကျင်းအော့လျှံဆိုတာ ခင်ဗျားအမှန်ပဲနော်… "

ကျင်းအော့လျှံသည် ယွန်ရှောင်မွန်းအား နားမလည်နိုင်စွာဖြင့် ကြည့်ကာ…

"ဟုတ်ပါတယ်… ဘာဖြစ်လို့လဲ… "

ယွန်ရှောင်မွန်းက သက်ပြင်းချလိုက်ပြီး…

"ခင်ဗျားအတွက် စိုးရိမ်မိလို့ပါ… "

"ရှင် ဘာကိုဆိုလိုတာလဲ… ရှင်ပြောတာ ကျွန်မ နားမလည်ဘူး ရှင်… "

ယွန်ရှောင်မွန်းက ဆက်ပြောလိုက်သည်။

"ဩော်… ကျုပ် ကြားသိသမျှတော့ မန်ချူးအာဏာပိုင်တွေနဲ့ အောက်လမ်းသိုင်းလောကသားတွေဟာ ကျင်းအော့လျှံနောက်ကို သဲကြီးမဲကြီး လိုက်နေကြတယ်… ကျင်းအော့လျှံဟာ မျိုးချစ်သိုင်းသမားမြို့စားကြီးကျင်းယို့စီးရဲ့သမီး ဖြစ်နေလို့… သူ့အဖေခြေရာကို နင်းမှာကြောက်ကြတယ်… အောက်လမ်းသိုင်းသမားတွေကတော့ ကျင်းအော့လျှံဆီမှာ သွေးသောက်ဓားရှိတယ်ဆိုလို့ လိုက်နေကြတာ… "



ကျင်းအော့လျှံသည် ယွန်ရှောင်မွန်းကို သတိထားရလေတော့၏။

"နေစမ်းပါဦး… ရှင်က သိုင်းပညာကို စိတ်မဝင်စားဘူးဆို… ဘာဖြစ်လို့ သိုင်းလောကအကြောင်း သိနေရတာလဲ… "

ယွန်ရှောင်မွန်းက သက်ပြင်းချလိုက်ပြီး…

"ဟုတ်တယ်… ကျုပ် ဘာကြောင့် သိသလဲဆိုတော့… ကျုပ်အဖေဟာ မန်ချူးသစ္စာခံတစ်ယောက်ဖြစ်နေလို့ပါ… "

ထိုစကား ကြားရသောအခါ ကျင်းအော့လျှံ၏ခန္ဓာကိုယ်ကလေးမှာ ဆတ်ခနဲတုန်ခါသွားလေ၏။

ယွန်ရှောင်မွန်းက ဆက်ပြောလိုက်သည်။

"ကျုပ်ကို မစိုးရိမ်ပါနဲ့ဗျာ… ကျုပ် ခင်ဗျားကို ဒုက္ခမပေးပါဘူး… "

ကျင်းအော့လျှံက မဲ့ပြုံးပြုံးကာ…

"ကျွန်မ နားလည်ပါတယ် ရှင်… ကျွန်မ အသက်ကို ကယ်ခဲ့ပြီး မန်ချူးတွေလက်ထဲ ရောင်းမစားပစ်ဘူးဆိုတာ… "

"စိတ်ချ… ခင်ဗျားကို ကျုပ် ဒုက္ခမပေးဘူး… မန်ချူးတွေကို အပ်ပေးဖို့ ခင်ဗျားကို ကူညီမယ်… "

ကျင်းအော့လျှံသည် မျက်လုံးပြူးသွား၏။

"ရှင်… တကယ်ပြောတာလား… "

ယွန်ရှောင်မွန်းက ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့။ ကျွန်ုပ် မလိမ်တတ်ဘူး…"

"ဝမ်းသာလိုက်တာရှင်…"

ကျင်းအောင့်လျှံမှာ ယွန်ရှောင်မွန်းက သူမအား ကူညီမျှ မန်ချူးများကို ကောင်းစွာဒုက္ခပေးနိုင်လိမ့်မည်ဟု ယုံကြည်မိသည်။

ထို့အပြင်…

သူမဖခင်အား သတ်ဖြတ်သွားသည့်တရားခံကို ရှာဖွေနိုင်မည် ဖြစ်သည်။

"ကျွန်မကို ကူညီမယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ် မန်ချူးတွေကို တော်လှန်ဖို့ မျိုးချစ်အင်အားစုတွေ ဖွဲ့စည်းနေကြ တယ်… ကျွန်မတို့က မန်ချူးတွေကို တတ်နိုင်သလောက် ဒုက္ခပေ မယ်… သူတို့ရဲ့လျှို့ဝှက်သတင်းတွေကို စုံစမ်းပြီး မျိုးချစ်တပ်ဖွဲ့ ဆီကို ပို့ပေးမယ်…"

ယွန်ရှောင်မွန်းက ခေါင်းညိတ်လိုက်ပြီး…

"သိပ်ကောင်းတဲ့အကြံပေါ့ဗျာ… ဒါနဲ့ ခင်ဗျား သွားလာ ရှုးလို့ လွယ်ကူအောင် ရုပ်ဖျက်ထားရင် ကောင်းမယ်… ခင်ဗျား မှတ်မိတဲ့လူတွေ တော်တော်များပြီ ထင်တယ်… ကျုပ်ပေးတဲ့အ ကြံ မကောင်းဘူးလား…"

ကျင်းအောင့်လျှံက ခေါင်းညိတ်လိုက်သည်။

သူမသည် ယန်ဟောင်ဖေး၊ ယူဖုံထင်း၊ ချာယို့ဖုန်း၊ တားမဲ့သိ သမားကွမ်းဟုန်အင်းနှင့် ချာယို့ဖုန်း၏ညီ ကုဝေးချန်းတို့ကို တွေ



သည်။ ရှာဖွေလိုသည်။

ယန်ဟောင်ဖေးနှင့် ယူဖုံထင်းသည် သူမ၏ကိုယ်ရေးကိုယ်တာ ပြဿနာကို ဖြေရှင်းရန် ကူညီနိုင်ပြီး ကွမ်းဟုန်အင်းနှင့် ကုဝေးချန်းတို့ မှာမူ မန်ချူးများအား ဒုက္ခပေးရာတွင် ကူညီနိုင်သူများဖြစ်သည်။

ယွန်ရှောင်မွန်းက ဆက်ပြောလိုက်သည်။

"ကျုပ်က မန်ချူးသတင်းတွေ စုံစမ်းပေးမယ်… ခင်ဗျားက သိုင်းပညာတတ်တော့ လိုက်ပြီးဒုက္ခပေးပေါ့…"

"ကောင်းတယ်… ဒါနဲ့ ရှင်က ဘယ်လိုစုံစမ်း လဲ…"

ယွန်ရှောင်မွန်းက ပြုံးကာ…

"လွယ်ပါတယ်ဗျာ… ကျုပ်အဖေက မန်ချူးတွေ လျှို့ဝှက်ကိစ္စ ရှိရင် အိမ်မှာဆွေးနွေးနေကျပဲဗျ… သူတို့ရဲ့ သတင်းကို လွယ်လွယ်နဲ့ ရနိုင်ပါတယ်… သိပ်ဒုက္ခမခံရပါဘူးဗျာ…"

ယွန်ရှောင်မွန်းသည် စကားဆုံးသွားသည့်အခါ ကဟားဟား ရယ်မောတော့သည်။

"ရှင့်အိမ်က ဘယ်မှာလဲ…"

"ရှန်းမြို့မှာပါ…"

ရှန်းမြို့ဟုကြားရလျှင် ကျင်းအောင့်လျှံ၏မျက်လုံးများ ဝင်းပက် တောက်ပသွားသည်။

ရှန်းမြို့သည် ပြည်မသို့ မန်ချူးများ ကျူးကျော်ဝင်လာပြီး နောက် မြို့တော်အဖြစ် ပြုပြင်ပြောင်းလဲထားသည့်မြို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မန်ချူးဘုရင်ခံနှင့် မူးကြီးမတ်ကြီးများရှိရာ မြို့တော်ဖြစ်သည်။ ကျွင်းအော့လျှံမှာ ယွန်ရှောင်မွန်းကို ယုံကြည်ရမည့်သူဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့်…

ဦးခေါင်းကို ဆတ်ခနဲညိတ်ကာ…

"ကောင်းပြီလေ… သွားကြတာပေါ့… "

❀ ❀ ❀

## အခန်း [ ၂၆ ]

## ရှန်းမြို့တွင်ဘောင်းကျွန်းသူ

ရှန်းမြို့… ။

ရှန်းမြို့မှာ အလွန်စည်ကားလှပသော မြို့တစ်မြို့ဖြစ်သည်။

ကျွင်းအော့လျှံသည် ထိုမြို့ကို အထင်မကြီးခဲ့ချေ။ သို့သော် တကယ်တမ်း တွေ့လိုက်ရသောအခါ သူမ၏အထင်မှားသွားပြီဖြစ်ကြောင်း သိလိုက်မိသည်။

ယွန်ရှောင်မွန်းမှာလည်း ခရီးထွက်လာရင်း လမ်းခရီး၌တွေးနေမိသည်။

သူ၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များလည်း ဖြစ်ပေါ်လာမိသည်။

ဤမိန်းကလေးမှာ သူ့အပေါ် ယခု ယုံကြည်စိတ်ချနေသော်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မုန်းတီးရွံရှာသွားနိုင်သည်ဟုလည်း တွေးမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ…

သူက ကျင်းအောင်လျှံတို့ ကညီရှန်ဆိုးဖြတ်လိုက်သည်။

ရှန်းမြို့သို့ရောက်လျှင် ကျင်းအောင်လျှံအတွက် အကောင်းဆုံး တည်းခိုခန်းမှ အခန်းတစ်ခန်းငှားရမ်းပေးလိုက်၏။

သူကိုယ်တိုင်မူ အိမ်သို့ပြန်သွားသည်။

သူတို့နှစ်ယောက် အရေးကြီးသည့်သတင်းရမှသာ ဆက်သွယ်ကြရန် တိုင်ပင်ထားကြသည်။

ရွှေမင်းသားစားသောက်ဆိုင်…

ရွှေမင်းသားစားသောက်ဆိုင်မှာ နာမည်နှင့်လိုက်အောင်ပင် ချမ်းသာကြွယ်ဝသူများသာ စားသောက်နိုင်ကြသည်။

စားသောက်ဖွယ်ရာများနှင့် တည်းခိုခန်းအတွက် အဖိုးနှုန်းမှာ အခြားဆိုင်များထက် သုံးဆခန့်မြင့်မားသည်။ ဈေးကြီးမည့်လေး စားသောက်ဖွယ်ရာများကလည်း အလွန်အရသာရှိသည်မဟုတ်ပါလား။

တည်းခိုခန်းများလည်း ကျယ်ပြန့်သန့်ရှင်းပြီး အဖိုးတန်ပစ္စည်းများဖြင့် မွမ်းမံတန်ဆာဆင်ထားသည်။

ကျင်းအောင်လျှံမှာ ရွှေမင်းသားစားသောက်ဆိုင်တွင် တည်းခိုနေသည်။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များက သူမအား သူဌေးသမီး တစ်ယောက်ဟု ထင်မှတ်ကာ ဖော်ဖော်ရွေရွေဧည့်ခံကြသည်။

ဤဆိုင်၌ တည်းခိုရန် စီစဉ်ပေးသည့် ယွန်ရှောင်မွန်းကို ကျင်



အောင်လျှံ ကျေးဇူးတင်မိသည်။

ရွှေမင်းသားစားသောက်ဆိုင်သို့ ရောက်လာကြသောမန်ချူး အာဏာပိုင်များ ကုန်သည်ကြီးများနှင့် စကားဝိုင်းဖွဲ့ ပြောခြင်းဖြင့် သတင်းထူးများ ရနိုင်သည်ကို ကျင်းအောင်လျှံ သိသည်။ ထို့ကြောင့် သတင်းရနိုင်သည့် နည်းလမ်းများကို ကျင်းအောင်လျှံ စဉ်းစားရပေ သည်။

ရှန်းမြို့၏နံနက်ခင်းမှာ ထမူထူးခြား၍ သာယာလှပနေသည်။

လမ်းမများပေါ်တွင် သွားလာလှုပ်ရှားသူများဖြင့် ပြည့်နှက် နေ၏။

ဈေးဆိုင်များ၊ အထည်ဆိုင်များနှင့် ကုန်ပစ္စည်းရောင်းချသော ဆိုင်များဖြင့် ပြည့်နှက်နေပြီး ဝယ်ယူသူလည်းများပြားသည်။

လမ်းဘေးဆိုင်များတွင်လည်း လူအများဖြင့် စည်ကားနေ သည်။

ယနေ့နံနက် ရှန်းမြို့တွင် ထူးခြားသော သတင်းတစ်ပုဒ် ထွက် ပေါ်လာသည်။

မန်ချူးလူမျိုးကုန်သည်တစ်ဦး၏အိမ်တွင် ဓားပြတိုက်ခံရသည့် သတင်းဖြစ်သည်။

ထိုလူသည် ပြည်မမှ မန်ချူးတို့ သိမ်းပိုက်ထားသော ရွှေငွေ ရတနာပစ္စည်းတို့ကို လက်ခံယူကာ မန်ချူးသို့ သယ်ဆောင်ပေးသူဖြစ် ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူခရီးသွားရန် ရွှေငွေရတနာပစ္စည်းများ ထုပ်ပိုးထားစဉ် ဓားပြတိုက်ခံရကာ ပစ္စည်းများဆုံးရှုံးသွားခြင်း ဖြစ်လေတော့သည်။

မန်ချူးအာဏာပိုင်များက ရတနာများအား ဓားပြတိုက်သွားသူကို ပိုက်စိပ်တိုက်ကဲ့ရှာဖွေနေကြသည်။

သို့သော်...

ဓားပြမှာ လွတ်မြောက်သွားသည်။

ရှန်းမြို့မှလူအများစုကမူ ဓားပြတိုက်ပုံ့သူကို သူရဲကောင်းအဖြစ် သတ်မှတ်ထားကြသည်။ ရှန်းမြို့တွင် မန်ချူးများသော ကြီးစိုးနေသည့်မဟုတ်ပါလော။ ဤမန်ချူးနှင့် ပတ်သက်သူကို ဓားပြတိုက်ပုံသူမှာ အလွန်သွေးကောင်းသူဖြစ်သည်။

မန်ချူးများကမူ ထိုသူကို အမိအရဖမ်းဆီးလိုကြလေ၏။

ထိုဓားပြမှုမှာ အလွန်ထူးဆန်း၏။ ဓားပြတိုက်မှုအပြီးတွင် ဓားပြအတိုက်ခံရသည့် အိမ်၏နံရံ၌ ကျင်းအော့လျှံ၏ နာမည်ကို ရေးသားထားသည်။

ကျင်းအော့လျှံ၏လက်ထဲတွင် သံသေတ္တာကလေးတစ်ခုရှိ၏။

ထိုသေတ္တာထဲတွင် မန်ချူးကုန်သည်၏အိမ်မှ ပျောက်ဆုံးသွားသော ရတနာများ ရှိနေသည်။

❋ ❋ ❋



ဆယ်ငါးရက်...

ဆယ့်ငါးရက်ဟူသော အချိန်မှာ ကြာမြင့်လှသည့်အချိန် မဟုတ်ပါ။

ဆယ့်ငါးရက်အတွင်း ကျင်းအော့လျှံက ရှန်းမြို့တစ်မြို့လုံးအား စိတ်ထင်တိုင်းမွှေနှောက်ခဲ့သည်။

ရှန်းမြို့အတွင်းရှိ မန်ချူးတို့နှင့် ပတ်သက်နေသူမှန်သမျှ ဓားပြတိုက်ခံနေရပြီး ပစ္စည်းများလုယူခြင်းခံနေရသည်။

ယွန်ရှောင်မွန်းသည် ရှန်းမြို့၌ မွှေနှောက်ကာ သောင်းကျန်းနေသော သူမှာ မည်သူမည်ဝါဖြစ်ကြောင်း သိရှိထားပါသည်။

သို့သော်...

သူက ရှောင်နှုတ်ပိတ်နေခဲ့၏။

အစာင့်ရဲလှသော ကျင်းအော့လျှံအတွက် စိုးရိမ်ပူပန်မိသည်။

မန်ချူး၏ ထောက်လှမ်းရေးမှူးများမှာလည်း ခေသူများ မဟုတ်ကြပါ။

ဤအတိုင်းသာ ကျင်းအော့လျှံက ဆက်ပြီးလှုပ်ရှားနေမည် ဆိုလျှင် တစ်ချိန်ချိန်တွင်အဖမ်းအဆီးခံရပေလိမ့်မည်။

ယွန်ရှောင်မွန်းသည် မကြာသေးမီက ထူးခြားသော သတင်း တစ်ခုရခဲ့၏။

သူ ကြားသိခဲ့ရသောသတင်းမှာ ကျင်းအော့လျှံအား ဖမ်းဆီး

www.burmeseclassic.com

www.burmeseclassic.com



ရန် မန်ချူးများက လက်ရွေးစင်သိုင်းသမားတချို့ ခေါ်ယူလိုက်သည့် သတင်းပင်ဖြစ်သည်။

ထိုသတင်းကို ကျွင်းအော့လျှံအား အသိပေးရမည်ဟု ယွန်ရှောင်မွှန်း နားလည်ထားသည်။

သို့သော်...

အခွင့်မသာသေး၍ ကျွင်းအော့လျှံထံသို့ မသွားခဲ့ပါ။

အခွင့်အရေးရလျှင်ရချင်း ကျွင်းအော့လျှံထံသို့သွား၍ သတင်းပို့ရန် ဆုံးဖြတ်ထားပါသည်။

သို့သော် ယခုတော့ မဆက်သွယ်၍ မဖြစ်တော့ပါ။

❀ ❀ ❀

"ဒေါက်... "

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် ကျွင်းအော့လျှံ သတိဝင်လာ၏။

အသံထွက်ပေါ်လာရာသို့ သတိပြုကြည့်လိုက်သောအခါ ဖွင့်ထားသော ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ ခဲလုံးတစ်လုံးကျလာသည်ကို တွေ့ရ၏။

ကျွင်းအော့လျှံသည် ချက်ချင်းပြတင်းပေါက်အနီး ပြေးသွားကာ အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။



ထိုအခါ...

အောက်ဘက်တွင် လူတစ်ယောက်ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူအား တွေ့ရလျှင် ကျွင်းအော့လျှံက ဝမ်းသာသွား၏။

ထိုလူမှာ ယွန်ရှောင်မွှန်းဖြစ်နေသည် မဟုတ်ပါလား။

ညကြီးအချိန်မတော် ယွန်ရှောင်မွှန်းလာတွေ့သဖြင့်အကြောင်းထူးရှိရမည်ဟု သဘောပေါက်မိ၏။

ထို့ကြောင့်...

ချက်ချင်းပင် ပြတင်းပေါက်အပြင်ဘက်သို့ ခုန်ထွက်လိုက်လေ၏။

ယွန်ရှောင်မွှန်းမှာ ကျွင်းအော့လျှံကို အဆင်သင့်တွေ့ရသဖြင့် ဝမ်းသာသွား၏။

ကျွင်းအော့လျှံသည် သူ့အနီးသို့ရောက်လာလျှင်...

"တော်သေးတာပေါ့... ဒီည ခင်ဗျားသာ အပြင်ထွက်နေရင် ကျုပ်တော့ဒုက္ခပဲ... "

ကျွင်းအော့လျှံသည် မျက်မှောင်ကြုတ်ကာ...

"ဘာဖြစ်လို့လဲ... "

"ခင်ဗျားကို ပြောစရာစကားရှိလို့ပေါ့... "

ကျွင်းအော့လျှံသည် စိတ်ဝင်စားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာတွေပြောချင်လို့လဲ... "

ယွန်ရှောင်မွန်းက မကျေမနပ်ဖြင့်...

"ခင်ဗျား ဘာတွေလျှောက်လုပ်နေတာလဲ... ဒီမြို့မှာ သောင်းကျန်းနေတာဟာ အတင့်ရဲလွန်းတယ်... "

ကျင်းအောလျှံက ပြုံးကာ...

"ဘာလဲ... ရှင်က သဘောမကျဘူးလား... "

ယွန်ရှောင်မွန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"သဘောမကျလို့ မဟုတ်ပါဘူး... ခင်ဗျားအတွက် စိုးရိမ်လို့ပါ... "

"စိတ်မပူပါနဲ့ရှင်... သူတို့ ကျွန်မကို မိအောင်မဖမ်းနိုင်ပါဘူး"

ယွန်ရှောင်မွန်းက ခေါင်းခါယမ်းလိုက်သည်။

"မထင်နဲ့ဗျူ... အခု သူတို့ ခင်ဗျားကို ဖမ်းဖို့ အစီအစဉ်လုပ်နေပြီ... "

ကျင်းအောလျှံ၏မျက်နှာတွင် ထူးခြားသော အရိပ်အယောင်များ ထွက်ပေါ်လာ၏။

"ကျွန်မကို ဖမ်းဖို့ အစီအစဉ်ဟုတ်လား... ရှင် ဘယ်လိုလုပ်သိလာတာလဲ... "

ယွန်ရှောင်မွန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"သူတို့တိုင်ပင်နေတာ ကျုပ် ကြားလို့ပေါ့... "



ကျင်းအောလျှံက မဲ့ပြုံးပြုံးကာ...

"ကျွန်မ သူတို့ကို မှုမယ်ထင်သလား... "

"ခင်ဗျား သူတို့ကို မမှုဘူးဆိုတာ ကျုပ် သိပါတယ်... ဒါပေမယ့် ခင်ဗျားကို ဖမ်းဖို့ စောင့်နေတဲ့လူတွေထဲမှာ လုံ့ရှည်တင်းစန်းလည်း ပါတယ်ဆိုတာ ခင်ဗျား သိထားဖို့ လိုမယ်ထင်တယ်... "

ထိုစကားကြားရလျှင် ကျင်းအောလျှံ ရင်ထိတ်သွားသည်။

လုံ့ရှည်တင်းစန်းအား သူမ အနိုင်ရလိမ့်မည် မဟုတ်ချေ။

ကျင်းအောလျှံက မျက်မှောင်ကုတ်ကာ...

"လုံ့ရှည်တင်းစန်းက ဒီကိုဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

ယွန်ရှောင်မွန်းက ဆက်ပြောလိုက်သည်။

"သူ့ကို မန်ချူးတွေ ဖိတ်ခေါ်လိုက်တာပေါ့... "

"လုံ့ရှည်တင်းစန်းအပြင် တခြားဘယ်သူပါသေးလဲ... "

ယွန်ရှောင်မွန်းက အနည်းငယ်စဉ်းစားလိုက်ပြီး...

"ကျော်ကြားတဲ့ သိုင်းသမားတွေပါလာမှာ ကျိန်းသေတယ်ဗျူ... ကျုပ်က တင်းစန်းရဲ့အမည်ကိုပဲ ကြားခဲ့ရတာ... ခင်ဗျားအခြေအနေ မကောင်းဘူး... ဒီမြို့က အမြန်ဆုံးထွက်သွားရင် ကောင်းလိမ့်မယ်... "

ကျင်းအောလျှံက ပြုံးပြလိုက်ပြီး...

"ရှင်... အခုလို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ရှင်… ”

ယွန်ရှောင်မွန်းက ဝမ်းသာသွားလေသည်။

“ခင်ဗျား… ဒီမြို့က ထွက်သွားတော့မယ်ပေါ့… ”

ကျင်းအော့လျှံက သက်ပြင်းချလိုက်ပြီး…

“အခု… မန်ချူးတွေ ခြေရှုပ်နေတုန်း ထွက်သွားလို့မဖြစ်သေးဘူး… အခြေအနေ ငြိမ်သက်သွားမှ ထွက်သွားမယ်… ”

ယွန်ရှောင်မွန်းက ဘာဝင်မကျနိုင်ပါချေ။

ကျင်းအော့လျှံအတွက် စိုးရိမ်ပူပန်မိသဖြင့် ရှန်းမြို့မှာအမြန်ဆုံးထွက်သွားစေလိုသည်။

မည်သို့ဆိုစေ…

ကျင်းအော့လျှံအား အတင်းအကျပ်ပြော၍ ရမည်မဟုတ်၍ ထွက်သွားမည့်စကား ကြားရခြင်းကပင် ကံကောင်းသေးသည်ဟု ထင်မိသည်။

ကျင်းအော့လျှံအား တစ်ချက်စိုက်ကြည့်ကာ…

“ကောင်းပြီလေ… ခင်ဗျား ဒီမြို့က ထွက်သွားရင် ကျုပ်ကို မမေ့ပါနဲ့… ကျုပ်လည်း ခင်ဗျားကို တစ်သက်လုံး မမေ့ဘူးဆိုတာ မှတ်ထားပါ… ”

သူသည် စကားဆုံးသည်နှင့် ချာခနဲလှည့်ကာထွက်ခွာသွားလေတော့သည်။



ကျင်းအော့လျှံက ကြောင်အမ်းအမ်းဖြစ်သွားသည်။

ယွန်ရှောင်မွန်း၏စကားကြောင့် သူမ၏ရင်ထဲ၌ လှုပ်လှုပ် ရှားရှားဖြစ်သွားသည်။

တစ်ခဏအတွင်းပင် ယွန်ရှောင်မွန်းမှာမြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

ကျင်းအော့လျှံသည် သက်ပြင်းချကာ အခန်းဆီသို့ ပြန်လာခဲ့ရလေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၂၇ ]

## အဝေးသို့ခရီး

ချာယို့ဖုန်းသည် မြင်းတစ်ကောင်ဖြင့် ခရီးထွက်လာ၏။ သူသည် ကျင်းအော့လျှံ ဒုက္ခရောက်သွားပြီဟု ယုံကြည်ထားရာမှ ကျင်းအော့လျှံ၏သတင်းကို ကြားလာရသည်။

ထို့ကြောင့် ကျင်းအော့လျှံ၏သတင်း ထွက်ပေါ်လာရာ ရှန်းမြို့ဆီသို့ ဦးတည်ကာ ခရီးထွက်လာခြင်းဖြစ်သည်။

ရှန်းမြို့သို့မရောက်မီ လမ်းခရီးတွင် တရုတ်ဘုန်းတော်ကြီးတစ်ပါးနှင့် ဆုံမိကြလေ၏။ ထိုဘုန်းတော်ကြီးမှာ အခြားမဟုတ်ချေ

ထိုက်စန်းတောင်မှ တရုတ်ဘုန်းတော်ကြီးဟွေကျန့် ပင်ဖြစ်တော့သည်။

"ဆရာတော်ကို အခုလို ကျန်းကျန်းမာမာ တွေ့ရတာ ဝမ်းသာပါတယ်... "



တရုတ်ဘုန်းတော်ကြီးဟွေကျန့်က ပြုံးလိုက်ပြီး...

"ကျုပ်လည်း ဒကာကြီးဆီ လာမလို့ဘဲ... အခုလမ်းမှာတွေ့ရတာ အတော်ပါပဲ... ဒါနဲ့ အခု ဒကာကြီးက ဘယ်သွားဦးမလို့လဲ... "

ချာယို့ဖုန်းက ပြန်ဖြေလိုက်သည်။

"ရှန်းမြို့ကို သွားမလို့ပါ... "

"ဘာကိစ္စနဲ့ သွားမှာလဲ... ရှန်းမြို့က အန္တရာယ်ကြီးတယ်နော်... "

"တပည့်တော်ရဲ့တပည့်မလေး ကျင်းအော့လျှံကို သွားရှာမလို့ပါ... "

သူသည် ထိုက်စန်းတောင်ပေါ်မှ ထွက်လာပြီးနောက် ကျင်းအော့လျှံ ပျောက်ဆုံးသွားပုံကို ပြောပြလိုက်သည်။

ချာယို့ဖုန်းက ဟွေကျန့်ကိုကြည့်ကာ...

"ဆရာတော် တပည့်တော်ဆီကိုလာတာ သိုင်းပညာယှဉ်ပြိုင်မလို့ဟုတ်လား... "

ဆရာတော်ဟွေကျန့်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး ဒကာကြီး... "

"ဒါဖြင့် ဘာကိစ္စလဲ... "

"ဒကာကြီးရဲ့ညီ ကုဝေးချန်းကို တွေ့ချင်လို့ပါ... "

www.burmeseclassic.com

www.burmeseclassic.com



ချာယို့ဖုန်းက မျက်မှောင်ကြုတ်သွားကာ…

"ဘာဖြစ်လို့လဲ… အကြောင်းရှိလို့လား…"

ဆရာတော်ဟွေကျန့်က တည်ကြည်သောမျက်နှာထားဖြင့်

"ကျုပ်ဟာ အများသူငါတွေ ဒုက္ခရောက်မှာ စိုးရိမ်လို့…မန်ချူး နောက်လိုက်တွေရဲ့ လုပ်သမျှ ငြိမ်ခံနေခဲ့ပေမယ့်… မထူးခြားဘူး… သူတို့က ထင်တိုင်းကြဲနေကြတာ… ကြာတော့ ကျုပ်သည်းမခံနိုင်တော့ဘူး… မျိုးချစ်အဖွဲ့နဲ့ ပူးပေါင်းမယ်… ကျုပ် တတ်မြောက်ထားတဲ့ သိုင်းပညာ အသုံးပြုပြီး မန်ချူးတွေကို တိုက်ခိုက်မယ်လို့ ဆုံးဖြတ်လိုက်တယ်"

ထိုစကား ကြားလိုက်ရသော ချာယို့ဖုန်းမှာ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။

"ဝမ်းသာလိုက်တာ ဆရာတော်ရယ်…"

ချာယို့ဖုန်းသည် အကြိမ်ကြိမ်ဦးညွတ်ရှိခိုးလေ၏။

ဟွေကျန့်က ဆက်ပြောလိုက်၏။

"အရေးကြီးတာက ကွမ်းဟုန်အင်းနဲ့ ကုဝေးချန်းတို့ကို ရှာရမယ်… သူတို့နဲ့တွေ့မှ မျိုးချစ်အဖွဲ့နဲ့ အဆက်အသွယ်ရနိုင်မယ်…"

ချာယို့ဖုန်းက အားတက်သွားသည်။

"မှန်ပါတယ်… တပည့်တော်တို့ ရှန်းမြို့ကိုသွားရင်း ကုဝေးချန်းနှင့် ကွမ်းဟုန်အင်းတို့ရဲ့ သတင်းကို စုံစမ်းရမယ်…"

ဟွေကျန့်က…



"ဒကာကြီး… ရှန်းမြို့ကို သွားမယ်လို့ စောစောက ပြောခဲ့တယ် မှတ်တယ်…"

ချာယို့ဖုန်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး…

"တင်ပါ့… တပည့်တော်ကိစ္စ အရင်ရှင်းလိုက်ရပါဦးမယ်"

"ကောင်းပြီ… ရှန်းမြို့ကို ကျုပ်လည်း လိုက်ခဲ့မယ်… ကျုပ်တို့ နှစ်ယောက်သွားရင် နှစ်ယောက်စလုံးအတွက် အကောင်းဆုံးဖြစ်မယ်လို့ ထင်တယ်…"

"ဟား… ဟား… ဟား… အကောင်းခ[illegible] ! ဆရာတော်ရယ်…"

ဟွေကျန့်က ရယ်မောလိုက်သည်။

သူတို့နှစ်ယောက် မြင်းကိုယ်စီဖြင့် ရှန်းမြို့သို့ ဦးတည်ထွက်ခွာသွားလေတော့သည်။

ကျင်းအော့လျှံ ငြိမ်နေသည့်ကာလအတွင်း ချာယို့ဖုန်းနှင့် ဟွေကျန့်တို့ ရှန်းမြို့သို့ ရောက်လာကြသည်။

သူတို့သည် လူစည်ကားသောနေရာများ၌ လှည့်လည်ယောင်ပြကာ လှုပ်ရှားကြသည်။

ကျင်းအော့လျှံက သူတို့အား လာ၍ ဆက်သွယ်လိမ့်မည်ဟု ယူဆထားသည်။

သို့သော်…

www.burmeseclassic.com

www.burmeseclassic.com



ရှန်းမြို့တွင် သုံးရက်တိတိနေထိုင်ပြီးသည့်တိုင် ကျင်းအောလျှံ လာရောက်ဆက်သွယ်ခြင်း မရှိသေးချေ။

သူတို့ ရှန်းမြို့တွင် လှုပ်ရှားနေသည့် အတောအတွင်း အောက်လမ်းသိုင်းသမား အတော်များများ ရောက်နေကြသည်ကိုလည်း သတိပြုမိကြ၏။

အောက်လမ်းသိုင်းသမားများသည် လူစည်ကားသောနေရာတွင်လည်းကောင်း၊ မန်ချူးအာဏာပိုင်များ၊ ကုန်သည်များ၏နေအိမ်အနီးတစ်ဝိုက်တွင် လည်းကောင်း မသိမသာ စောင့်ကြပ်အကဲခတ်ကြည့်နေကြကြောင်း တွေ့ရ၏။

ထိုလူများသည် ကျင်းအောလျှံလှုပ်ရှားလာမည့်အချိန်ကို စောင့်၍ ဖမ်းဆီးရန် စောင့်ဆိုင်းနေကြခြင်းဖြစ်ကြောင်း သူတို့ရိပ်မိကြသည်။

ချာယို့ဖုန်းနှင့် ပေ့ကျန့်တို့မှာ ကျင်းအောလျှံအတွက် စိတ်ပူလာသည်။

ထိုအတောအတွင်း ရှန်းမြို့သို့ လူတစ်သုတ် ထပ်မံရောက်ရှိလာကြပြန်သည်။

ထိုလူများကို တွေ့သောအခါ ချာယို့ဖုန်းနှင့် ပေ့ကျန့်တို့ ရင်ထိတ်သွားကြ၏။

ထိုလူများသည် သိုင်းလောကတွင် ကျော်ကြားနေသော ဖြိုင်



ဘက်ကင်းသိုင်းသမားများ ဖြစ်နေကြသည် မဟုတ်ပါလား။

ကျင်းအောလျှံသည် မန်ချူးများ၏လက်မှ လွတ်မြောက်နိုင်ပါမည်လော။

မန်ချူးတို့၏ မရဏာလက်တံသည် ပို၍ပို၍ရှည်လာခဲ့ပြီ။ မန်ချူးတို့၏မရဏာပိုက်ကွန်သည် ပို၍ ပို၍ကြီးမားကျယ်ပြန့်လာခဲ့ချေပြီ။

"ဒေါက်... ဒေါက်... "

ကျင်းအောလျှံ၏ အခန်းတံခါးခေါက်သံ ထွက်ပေါ်လာသည်။

ကျင်းအောလျှံမှာ ညက ရှန်းမြို့ထဲ၌ မန်ချူးများ၏ သတင်းကို စုံစမ်းခဲ့၍ အိပ်ရေးပျက်နေသည်။

နံနက်မိုးစင်စင်လင်းလာသော်လည်း အိပ်ရာမှ မနိုးသေးချေ။

ရုတ်တရက်...

တံခါးခေါက်သံ ထွက်ပေါ်လာမှ လန့်နိုးလာ၏။

ကျင်းအောလျှံက မျက်မှောင်ကြုတ်သွား၏။

သူ့ထံသို့ မည်သည့်ဧည့်သည်မှ ရောက်လာရန် အကြောင်းမရှိချေ။

နံနက်စော လာပို့သည့် ဆိုင်လုလင်ဖြစ်ရမည်ထင်ကာ စိတ်အေးသွားသည်။

သို့သော်...

ပို၍သေချာစေရန်...

www.burmeseclassic.com

"ဘယ်သူလဲ... "

"ဆိုင်လုလင်ပါ... ညွှန့်သည်တစ်ယောက်က အစ်မကို တွေ့ချင်လို့တဲ့... "

ကျင်းအောလျှံက အိပ်ရာပေါ်တွင် ငေါက်ခနဲထထိုင်မိ၏။

ထို့နောက်...

အဝတ်အစားများ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်ပြီးမှ တံခါးဖွင့်ပေးလိုက်သည်။

အခန်းအပြင်တွင် ဆိုင်လုလင်နှင့်အတူ လူတစ်ယောက်ရပ်နေလေ၏။

"ဝင်ပါ... အတွင်းခန်းကို ဝင်ပါ... "

သူမက ညွှန့်သည်ကို ဖိတ်ခေါ်လိုက်၏။

ထိုလူမှာ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသော အဝတ်အစားများ ဝတ်ဆင်ထားပြီး အရပ်အလွန်ရှည်သူတစ်ယောက်ဖြစ်၏။

ထိုလူသည် တစ်ခန်းလုံး ဝေ့ကာ အကဲခတ်ကြည့်နေသည်။ သူသည် တစ်စုံတစ်ခုသော ပစ္စည်းကို ရှာဖွေနေဟန်ရှိလေ၏။

ကျင်းအောလျှံက ထိုင်ခုံကို ညွှန်ပြကာ...

"ထိုင်ပါရှင်... "

ဆိုင်လုလင်ကတော့ ကျင်းအောလျှံနှင့် ညွှန့်သည်တို့ တွေ့ဆုံသွားပြီဖြစ်၍ သူ့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်သွားလေပြီ။



ကျင်းအောလျှံက ထိုလူကိုကြည့်ကာ...

"ဘာကိစ္စများ ရှိနေလို့လဲရှင်... "

ထိုလူက ပြုံးလိုက်ပြီး...

"မြို့တော်ဝန်ကိုယ်စား ခင်ဗျားကို ကျေးဇူးတင်စကားလာပြောတာပါဗျာ... "

ကျင်းအောလျှံသည် အံ့ဩသွား၏။

"ဘာကိစ္စ ကျေးဇူးတင်ရတာလဲရှင်... "

"ခင်ဗျားက ဒုက္ခသည်တွေကို အကူအညီပေးခဲ့တယ် မဟုတ်လား... ဒါကြောင့် ကျုပ်တို့လုပ်ရမယ့်အလုပ်ကို ခင်ဗျားက စေတနာအလျောက် ကူညီခဲ့တယ်ဆိုတော့... ကျုပ်တို့ကိုလည်း ကူညီရာရောက်ပါတယ်... ဒါကြောင့် ခင်ဗျားကို ကျေးဇူးတင်တာပါ... "

ကျင်းအောလျှံ၏ရင်ထဲ၌ အနည်းငယ် စိတ်သက်သာရာရသွားသည်။

ထိုလူက ဆက်ပြောလိုက်ပြန်သည်။

"ခင်ဗျားဟာ တော်တော်ရက်ရောတဲ့လူ တစ်ယောက်ပဲ... အများအတွက်ငွေအမြောက်အမြား လှူဒါန်းတာ ချီးကျူးစရာကောင်းပါတယ်ဗျာ... ဒါနဲ့ ခင်ဗျားရဲ့မိဘတွေက ဘယ်သူတွေလဲဗျ... "

ရုတ်တရက်...

www.burmeseclassic.com

www.burmeseclassic.com



ကောက်ကာငင်ကာ မေးလိုက်သောမေးခွန်းကြောင့် ကျင်းအောင့်လျှံ့အဖြေမပေးနိုင်ဘဲ ဖြစ်သွားသည်။ သူက အငိုက်ဖမ်း၍မေးလိုက်ခြင်းဖြစ်သည်။

ကျင်းအောင့်လျှံ့ ငိုင်သွားသည်ကို ထိုလူက သတိပြုမိ၏။

သူမသည် တွေဝေငေးငိုင်နေလျှင် သူမအား သင်္ကာမကင်းဖြစ်လာမည်ကို စိုးရိမ်သောကြောင့် ပါးစပ်မှ တွေ့ကရာပြောချလိုက်သည်။

“ကျွန်မမိဘတွေ ဘယ်သူမှန်းမသိရပါဘူးရှင်… ကျွန်မကို တရုတ်ဘုန်းတော်ကြီးတစ်ပါးက မွေးစားခဲ့တာပါ… ”

ထိုလူက မျက်မှောင်ကြုတ်ကာ…

“တရုတ်ဘုန်းတော်ကြီးက ဘယ်သူလဲဗျ… ”

“တရုတ်ဘုန်းတော်ကြီးဟွေကျန့်ပါ… ”

“ဗျာ… တရုတ်ဘုန်းတော်ကြီးဟွေကျန့်… ထိုက်စန်းတောင်ပေါ်က မဟုတ်လား… ”

ထိုလူမှာ ထိုက်စန်းတောင်ပေါ်မှ တရုတ်ဘုန်းတော်ကြီး ဟွေကျန့်ကို သိထားသောကြောင့် ကျင်းအောင့်လျှံ့ ထိတ်လန့်သွားသည်။

သူမပြီးစလွယ်ပြောလိုက်သော စကားတစ်ခွန်းသည် သူမအား ဆိုးကျိုးပေးတော့မည်လား။ သူမ စိတ်မာတက်ကျသွားသော်လည်း ဟန်ကိုယ့်ဖို့ မန်သူ့ဖို့ဆိုသည့် စကားအတိုင်း သူမ၏စကားကို ဆက်တင်



လေတော့၏။

ထိုလူက ကျင်းအောင့်လျှံ့အား မျက်မှောင်ကုတ်ကြည့်ကာ…

“ကျုပ်တို့ဘုန်းတော်ကြီးဟွေကျန့်ကို သိပါတယ်… သူဟာ တောင်ပေါ်မှာ ဆင်းဆင်းရဲရဲနဲ့ နေနေသူဖြစ်ပါတယ်… ခင်ဗျားကျတော့ ဘာဖြစ်လို့ သုံးမကုန်အောင် ချမ်းသာနေရတာလဲ… ”

ကျင်းအောင့်လျှံ့က အနည်းငယ်စဉ်းစားလိုက်ပြီးမှ ရယ်မောကာ…

“အမှန်ပြောရရင်… တရုတ်ဘုန်းတော်ကြီး ဟွေကျန့်ဟာ ချမ်းသာကြွယ်ဝပါတယ်ရှင်… သူက ငွေတွေစုဆောင်းထားပြီး အများရဲ့ဒုက္ခကို ကယ်တင်ဖို့ ဆုံးဖြတ်ထားတယ်… ”

ထိုလူက မဲ့ပြုံးပြုံးလိုက်ပြီး…

“ဒီမှာမိန်းကလေး… ကျုပ် ရှင်းရှင်းမေးမယ်… မင်းဘယ်သူလဲ… ဟွေကျန့်ဟာ ဘယ်တုန်းကမှ မချမ်းသာခဲ့ဘူး… ကျုပ်တို့က မင်းအကြောင်းကို စုံစမ်းပေမယ့် ဘာမှ ရေရေရာရာ သတင်းမရဘူး… မင်းဟာ နောက်ကြောင်းကို လျှို့ဝှက်ထားတဲ့အတွက် မကောင်းမှုကြံစည်ပြီး ဒီမြို့ကိုရောက်လာတာပဲ ဖြစ်မယ်… ”

ကျင်းအောင့်လျှံ့မှာ ထိုလူကို လိမ်ညာ၍ မရမှန်းသဘောပေါက်သွားသည်။

ထို့ကြောင့်…

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားတင်းတင်းဖြင့်...

"ရှင် ဒီလိုမတရားစွပ်စွဲဖို့မကောင်းဘူး... အခုချက်ချင်း ဒီ အခန်းထဲက ထွက်သွားပါ... "

ထိုလူက ခေါင်းခါယမ်းလိုက်ပြီး...

"ကျုပ် ထွက်မသွားနိုင်ဘူး... ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ သိရမှ သွားမယ်... "

ကျင်းအောလျှံက အံကြိတ်လိုက်ပြီး...

"ရှင်တို့စော်ကားသမျှ ခေါင်းငုံခံနေမယ် ထင်သလား... ရှင် အခုထွက်သွားပါ... "

ထိုလူက မဲပြုံးပြုံးလိုက်ပြီး...

"မင်းဟာ ခေတ်တဲ့လူတစ်ယောက် မဟုတ်ဘူးဆိုတာ ကျုပ် သိပါတယ်... မှန်မှန်ပြောစမ်း... ကျင်းအောလျှံဆိုတာ မင်းပဲမဟုတ်လား... "

ကျင်းအောလျှံက မျက်နှာပျက်သွားသည်။

ထိုလူမှာ သူမကို အလွတ်ပေးတော့မည်မဟုတ်ကြောင်း သဘောပေါက်လိုက်၏။

ထို့ကြောင့်...

အခန်းတံခါးဝဆီသို့ ခပ်တည်တည်လျှောက်သွားသည်။

ထိုလူက မျက်မှောင်ကြုတ်ကာ...



"ရပ်လိုက်စမ်း... မင်းထွက်ပြေးလို့မရဘူး... "

ပြောရင်း ခုန်အုပ်ဟန့်တားရန် ဟန်ပြင်လိုက်၏။

ကျင်းအောလျှံက ထွက်ပြေးခြင်းမရှိပါ။

"ရှင့်နာမည် ဘယ်သူလဲ... "

"ဝမ်းကြီ... "

ကျင်းအောလျှံသည် ထိုနာမည်ကို ကြားလိုက်သည်နှင့် သူရဲ ကောင်းငါးယောက်ထဲမှ တစ်ယောက်အပါအဝင်ဖြစ်ကြောင်း သိလိုက် သည်။

"မိန်းကလေး... မင်းဟာ ကျင်းအောလျှံ ဖြစ်တယ်ဆိုတာ ကျုပ် သိထားပြီးပြီ... မင်း အသက်ချမ်းသာချင်ရင် သွေးသောက်ဓား ကျုပ်ကို ပေးပါ... "

ကျင်းအောလျှံက ခေါင်းခါယမ်းလိုက်ပြီး...

"ကျင်းအောလျှံဆိုတာ ကျွန်မ မဟုတ်ဘူး... ရှင်ပြောမှ ကျွန်မ ကြားဖူးတာပါ... ကျင်းအောလျှံကို ကျွန်မ တွေ့ချင်ပါသေးတယ်... "

ဝမ်းကြီက ဒေါသထွက်သွားသည်။

"မလိမ်နဲ့... မန်ချူးတွေဟာ မင်းကို တွေ့ရာသင်္ချိုင်း ဓား ခဆိုင်းဘဲ ရှာနေကြတယ်... မင်းကို သူတို့ဖမ်းမိရင် အမှုန့်ချေကြမှာပါ... ဓါကို သွေးသောက်ဓားအပ်ပါ... မင်းကို ကျုပ် ဘာမှမလုပ်ဘူး... လွှတ် ပေးလိုက်မယ်... "

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘာမှမသိပါဘူးရှင်... ရှင်ပြောတာတွေ ဘာမှနားမလည်ပါဘူး... "

ဝမ်းကြီး၏မျက်နှာတွင် ကောက်ကျစ်စဉ်းလဲသော အရိပ်အရောင်များ ထွက်ပေါ်လာလေ၏။

"ကောင်းပြီလေ... မင်းလိမ်ပြောတော့... ကျုပ် အဆိုးမဆိုနဲ့... မင်းဟာ ကျင်းအော့လျှံဆိုတာ ကျုပ် ဖော်ထုတ်ပြမယ်... "

စကားဆုံးသည်နှင့် သူသည် ထိုင်ရာမှ ထလိုက်သည်။

ကျင်းအော့လျှံသည် သတိကြီးစွာထားနေရသည်။ သူ တိုက်ခိုက်တော့မည် မဟုတ်ပါလား။

ရုတ်တရက်...

ဝမ်းကြီးသည် ကျင်းအော့လျှံအနီးသို့ ချဉ်းကပ်သွားကာ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေ၏။

ကျင်းအော့လျှံ ရင်ထိတ်သွားကာ...

"ရှင် ဘယ်လိုလုပ်တာလဲ... "

"မင်းကို ဖမ်းမလို့လေ... "

ပြောရင်း လက်ချောင်းဆယ်ချောင်းဖြင့် ကျင်းအော့လျှံ၏ ပခုံးကို တုတ်ဆွဲလိုက်၏။

ကျင်းအော့လျှံသည် ခြေတစ်ချက်ဆောင့်ကာ ခုန်ထွက်လိုက်ရ၏။



ထိုစဉ်...

ဝမ်းကြီးမှာ လေပွေတစ်ခုပမာ သူမအနီးသို့ ရောက်ရှိလာပြီး တိုက်ခိုက်လိုက်ပြန်သည်။

သူမသည် ဝမ်းကြီးအား အနိုင်မရနိုင်ကြောင်း ရိပ်မိသည်။ သိုင်းပညာ အတွေ့အကြုံပါ ဝမ်းကြီးက သာသည်ကို သူမ သိရှိသည်။ ထို့ကြောင့် ထွက်ပြေးရန်ဆုံးဖြတ်လိုက်ရသည်။

အခြေအနေအရ သူမ ထွက်ပြေးရပေတော့မည်။

သို့သော်...

အခန်းအပြင်ဘက်သို့ ရောက်သည်နှင့် ဝမ်းကြီး၏လက်မှ လွတ်မည်မဟုတ်ကြောင်း သိရှိလိုက်ရလေတော့၏။

အဘယ်ကြောင့်ဆိုသော်...

အခန်းအပြင်ဘက်တွင် မန်ချူးစစ်သားများ ဝိုင်းရံထားသည်ကို တွေ့ရသည် မဟုတ်ပါလား။

မန်ချူးစစ်သားများသည် လေးမြားကိုယ်စီကိုင်ဆောင်ထားကြပြီး ပစ်ခတ်ရန် အသင့်ချိန်ရွယ်ထားပြီး ဖြစ်နေကြသည်။

ကျင်းအော့လျှံသည် မျက်လုံးပြူးသွားပြီး နေရာတွင် မလှုပ်ရှားဝံ့ဘဲ ရပ်လိုက်ရတော့သည်။

ထိုစဉ်...

ဝမ်းကြီးက သူမအနီးသို့ ရောက်ရှိလာပြီဖြစ်၍ သူမအား တိုးတိုးပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသား ကျူပ်ကို သွေးသောက်စားပေးရင် အခုလို အဖမ်းခံရမှာ မဟုတ်ဘူး..."

"ဟင်း... ဟင်း... ဟင်း... ကျွန်မက ကျင်းအော့လျှံမှ မဟုတ်တာ..."

ဝမ်းကြို့က လက်ဖှေ့ယမ်းပြလိုက်သည်။

မန်ချူးစစ်သားများက ချက်ချင်းပင် ကျင်းအော့လျှံအား ဖမ်းဆီးလိုက်ကြလေတော့သည်။

❀ ❀ ❀

## အခန်း [ ၂၀ ]

## အမျိုးသစ္စာတော်

ကျင်းအော့လျှံ အဖမ်းခံရသောသတင်းသည် တစ်မဟုတ်ချင်း သိုင်းလောကတစ်ခုလုံးသို့ ဂယက်ရိုက်သွားသည်။

သိုင်းလောကမှ မျိုးချစ်သိုင်းသမားများမှာ ကျင်းအော့လျှံက မန်ချူးများထံမှ ပစ္စည်းများလုယက်ပြီး ဒုက္ခရောက်နေသူများကို ပေးကမ်းစွန့်ကြဲကြောင်း သိထား၏။

ထို့ကြောင့်...

ကျင်းအော့လျှံ ဒုက္ခရောက်နေချိန်တွင် ကယ်တင်ရန် ဆုံးဖြတ်ကြသည်။

အနယ်နယ်အရပ်ရပ်မှ မျိုးချစ်သိုင်းသမားများသည် ရှန်းမြို့သို့ ပြောင်ကျကျဝင်ရောက်လာခြင်းဖြင့်လည်းကောင်း၊ တိတ်တဆိတ်ခိုးဝင်လာခြင်းဖြင့်လည်းကောင်း၊ နည်းအမျိုးမျိုးဖြင့် ကျင်းအော့လျှံကိုကယ်

www.burmeseclassic.com



တင်ရန် ရောက်ရှိလာကြသည်။

အကယ်၍သာ မျိုးချစ်သိုင်းသမားများသည်လည်း ရှန်းမြို့တော်ဝန်၏ကောက်ကျစ်စဉ်းလဲသော အကြံအစည်ကို သိလျှင် ရှန်းမြို့သို့ ရောက်လာကြလိမ့်မည် မဟုတ်ချေ။

ရှန်းမြို့တော်ဝန်မှာ ကျင်းအော့လျှံအား ကယ်တင်ရန် ရောက်လာကြသော မျိုးချစ်သိုင်းသမားများကို ဖမ်းဆီးရန် ထောင်ချောက်ဆင်ထားသည် မဟုတ်ပါလား။

သူသည် အကြံကြီးသူဖြစ်သည်။ ကျင်းအော့လျှံကို ငါးစာလုပ်ပြီး ကျန်သည့် တရုတ်ပြည်မှ သိုင်းသမားများကို ငါးမျှားလိုက်ခြင်းဖြစ်ပေသည်။

ထိုအချိန်တွင် ရှန်းမြို့သို့ လူနှစ်ယောက်ရောက်ရှိလာကြဖြန်သည်။

ထိုလူနှစ်ယောက်မှာ ရှန်းမြို့သို့ ရောက်လျှင်ရောက်ချင်း မန်ချူးမြို့တော်ဝန်အိမ်သို့ ရှေ့ရှုသွားကြသည်။

ထိုလူနှစ်ယောက်မှာ ကျော်ကြားလှသော နှင်းတောင်အဘိုးအို ကျူးရဲ့နှင့် ကျန်းလုရယ်ဆိုသူတို့ပင် ဖြစ်ပါတော့သည်။

❀ ❀ ❀



ည…

ရှန်းမြို့မှာ ညအမှောင်ထုအောက်တွင် အိပ်မောကျနေပြီဖြစ်လေသည်။

လမိုက်ညဖြစ်၍လည်း ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည်။

သို့သော်…

ရှန်းမြို့၏တောင်ဘက်ရှိ ကြီးမားသော သစ်သားအိမ်တစ်လုံးတွင်မူ မီးရောင်များဖြင့် ထိန်ထိန်ညီးနေလေသည်။

ထိုအိမ်မှာ ယွန်ဖေးဟုန်၏စံအိမ်ပင် ဖြစ်သည်။ ယွန်ဖေးဟုန်ကို မန်ချူးတို့က အကြီးအကျယ် ချီးမြှောက်ထားသည်။ ယခု မီးထိန်ထိန်ညီးနေခြင်းမှာ ယွန်ဖေးဟုန်၏စံအိမ်သို့ ရောက်ရှိလာသော နှင်းတောင်အဘိုးအိုကျူးရဲ့နှင့် ကျွန်းလုရယ်တို့ကို ဂုဏ်ပြုဧည့်ခံပွဲကျင်းပနေသောကြောင့် ဖြစ်သည်။

သူတို့သည် ရှန်းမြို့သို့ တဖွဲဖွဲရောက်လာသည့် မျိုးချစ်သိုင်းသမားများကို ချေမှုန်းပစ်ရန်တိုင်ပင်နေကြသည်။

အဆောက်အအုံ၏ အလယ်တွင် ကြီးမားသောဧည့်ခန်းရှိသည်။

ဧည့်ခန်းရှေ့မှ အစောင့်အကြပ်များ စောင့်ကြပ်လျက်ရှိသည်။

ဧည့်ခန်းအတွင်း၌ ဝမ်းကြို၊ လုံရှုညီတင်းစန်း၊ နှင်းတောင်

www.burmeseclassic.com

www.burmeseclassic.com



အတိုးအိုကျူးရဲ့နှင့် ကျွန်းလုရေယ်ကို ရုံဖုံညီညီရောက်ရှိနေကြသည်။

သူတို့အပြင် မန်ချူးအာဏာပိုင်အချို့နှင့် အိမ်ရှင်ယွန်ဖေးဟုန် လည်း ရှိနေပါသည်။

လူစုံလျှင် ယွန်ဖေးဟုန်က ကျင်းအော့လျှံအား ကယ်တင်ရန် ရောက်လာကြသော သိုင်းသမားများကို ထောင်ချောက်ဆင်ဖမ်းဆီး မည်ဖြစ်ကြောင်း ရှင်းပြသည်။ သူ့အစီအစဉ်ကတော့ ချေပက်မဝင်သော အစီအစဉ်ဖြစ်သည်။

မန်ချူးအာဏာပိုင်များမှာ ယွန်ဖေးဟုန်၏အကြံအစည်ကို အလွန်သဘောကျသွား၏။ အစီအစဉ်ကလည်း ကောင်းလှသည်ကိုး။

မျိုးချစ်သိုင်းသမားများကို ဖမ်းဆီးနိုင်လျှင် ယွန်ဖေးဟုန်ကို ရာထူးပေးမည့်အပြင် ဆုလာဘ်များချီးမြှင့်မည်ဖြစ်ကြောင်း ကတိပေး ပြောကြလေသည်။

ညဉ့်နက်လာသောအခါ သူတို့၏ဂုဏ်ပြုပွဲနှင့် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်၏။

ထို့နောက်...

ယွန်ဖေးဟုန့်အိမ်မှ အသီးသီးထွက်ခွာသွားကြလေတော့ သည်။

ယွန်ဖေးဟုန်သည် လှိုက်လှိုက်လှဲလှဲ ပြုံးနေမိသည်။ သူ့သည် အလကားနေရင်း ပြုံးနေသူမဟုတ်ပါ။



ဆယ်နှစ်တာ ကာလအတွင်း ဒုတိယအကြိမ် အားရပါးရပြုံးမိ ခြင်းဖြစ်ပါသည်။

ပထမအကြိမ်အပြုံးမှာ မြို့စားကြီးကျင်းယို့စီးကို ဖမ်းမိခဲ့စဉ်က ဖြစ်သည်။

ထိုစဉ်...

အခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်။ ထိုသူကား ယွန် ရှောင်မွန်းပေတည်း။ အလွန်အံ့ဩစရာကောင်းသည့် ဆက်နွယ်မှုမှာ ယွန်ရှောင်မွန်းသည် ယွန်ဖေးဟုန်၏သား ဖြစ်ခြင်း... သည်း။

ယွန်ဖေးဟုန်က...

"သား... မင်းမှာပြောစရာ ရှိနေလို့လား... "

ယွန်ရှောင်မွန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဖေဖေ... "

"ကဲ... တို့နှစ်ယောက် အေးအေးဆေးဆေး စကားမပြောရ တာကြာပြီ... မင်းမှာ ဘာတွေများ ပြောစရာရှိနေလဲ... "

ယွန်ရှောင်မွန်းက ဝတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက် သည်။

လူသူတစ်စုံတစ်ယောက်မျှမရှိဘဲ သူတို့နှစ်ယောက်တည်းရှိ နေသည်ကို တွေ့ရမှ စိတ်ချသွားပုံရလေသည်။

ယွန်ဖေးဟုန်အားကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ရင်ထဲမှာ မရှင်းတဲ့ကိစ္စလေးတွေ ရှိနေလို့ ဖေဖေ့ကို မေးချင်ပါတယ်… "

ယွန်ဖေးဟုန်သည် အံ့သြသွား၏။

သူ့ မန်ချူးများလက်အောက်သို့ ခိုလှုံခဲ့ချိန်မှစ၍ ယွန်ရှောင်မွန်းက သူ့အားရှောင်နေခဲ့လေသည်။

ယွန်ရှောင်မွန်းသည် အိမ်မှာနေသည်မရှိဘဲ များသောအားဖြင့် သမားတော်တစ်ယောက် ဖြစ်ရန် ဆေးပညာလေ့လာခြင်းနှင့် ဆေးဘက်ဝင်သည့် သန်သီးသစ်ဖုဆေးမြစ်များ ရှာဖွေခြင်းဖြင့်သာ အချိန်ကုန်နေခဲ့သည်။

"သားက ဘာမေးချင်လို့လဲ… "

ယွန်ရှောင်မွန်းက စိတ်ဝင်စားစွာဖြင့်…

"ဖေဖေ ကျင်းအော့လျှံကို ဖမ်းမိထားပြီမဟုတ်လား… "

ယွန်ဖေးဟုန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး…

"ဟုတ်တယ်လေ… အဲဒါဘာဖြစ်လဲ… "

ယွန်ရှောင်မွန်းက မဝံ့မရဲလေသံဖြင့်…

"ဖေဖေဟာ ကျင်းအော့လျှံကို မုန်းတီးနေပုံရတယ်… ဘာဖြစ်လို့လဲဆိုတာ ပြောပြပါလား… "

ထိုစကားကြားရလျှင် ယွန်ဖေးဟုန်၏မျက်နှာ မည်းမှောင်သွားသည်။



ရုတ်တရက်စကားမပြောနိုင်ဘဲ ဖြစ်သွား၏။

ယွန်ရှောင်မွန်းသည် ဖခင်စိတ်ဆိုးသွားပြီဟု ထင်လိုက်မိသည်။ သို့သော် သူသည် ဖခင်စိတ်ဆိုးသည်ကိုမမှုပါ။

သူသိလိုသော အကြောင်းအရာများကို ဆက်တိုက်မေးရန် ကြံစည်ထားသည်။

ယွန်ဖေးဟုန်က စကားမပြောဘဲ တိတ်ဆိတ်နေပြန်သည်။ အတန်ကြာမှ လေပူတစ်ချက်မှုတ်ထုတ်ကာ…

"ဖေဖေနဲ့ ကျင်းယို့စီးတို့ ပတ်သက်ခဲ့တဲ့အဖြစ်အပျက်တွေကို သိရင် ကျင်းအော့လျှံကို ဖေဖေ ဘာကြောင့်မုန်းရတယ်ဆိုတာ သဘောပေါက်လာမှာပါ… "

ယွန်ရှောင်မွန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့… ဖေဖေတို့အကြောင်းတွေကို ပြောပြပါလား…"

ယွန်ဖေးဟုန်က ယွန်ရှောင်မွန်းကိုစိုက်ကြည့်ကာ…

"သား… မင်း တကယ်သိချင်တာလား… "

ယွန်ရှောင်မွန်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့… "

"ဒီလိုဆိုရင် ဘာဖြစ်လို့ သိချင်တာလဲလို့ ဖေဖေပြန်မေးရလိမ့်မယ်… "

ယွန်ရှောင်မွန်းက ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အပြုံးမှာ အဓိပ္ပာယ်များစွာ ပါဝင်နေသည်။

“ရှင်းပါတယ်… ဖေဖေဟာ ကျောင်းယို့စီးကို သုတ်သင်ဖို့ မန်ချူး တွေနဲ့ လက်တွဲလိုက်တယ်လို့ ကျွန်တော် ထင်ပါတယ်… နယ်ချဲ့ မန်ချူး တွေနဲ့လက်တွဲရတဲ့အထိ ဖြစ်ရတာဟာ ကျောင်းယို့စီးကို မုန်းတီးနာကြည်း လွန်းလို့ပေါ့… ကျောင်းယို့စီးဆိုတဲ့လူက ဖေဖေ့ကို ဘယ်လိုဒုက္ခပေးသွား လဲဆိုတာ သိချင်တဲ့ဆန္ဒဖြစ်လာလို့ပါ… ”

ယွန်ဖေးဟုန်မှာ သားဖြစ်သူကိုကြည့်ရင်း သဘောကျစွာ ပြုံး လေသည်။

“အင်း… သားသိချင်မှတော့ ဖေဖေပြောပြရမှာပေါ့… ဒီကိစ္စ ကို ပြန်ပြောရရင် လွန်ခဲ့တဲ့နှစ်ဆယ့်ငါးနှစ်လောက်ကို ပြန်ကောက်ရ မယ်ကွဲ့… ”

“ဟုတ်ကဲ့… ”

ယွန်ဖေးဟုန်၏မျက်လုံးအစုံတွင် ရီဝေနေလေသည်။

“လွန်ခဲ့တဲ့နှစ်ဆယ့်ငါးနှစ်လောက်က ဖေဖေနဲ့ကျောင်းယို့စီးတို့ ဟာ ညီရင်းအစ်ကိုလို ချစ်ကြတဲ့မိတ်ဆွေတွေပေါ့… တို့နှစ်ယောက်ဟာ သွေးသောက်ညီအစ်ကိုအဖြစ် ကတိပြုထားကြတယ်… ”

ယွန်ရှောင်မွန်းက မျက်မှောင်ကြုတ်ကာ…

“ညီရင်းအစ်ကိုလိုချစ်ကြတဲ့ သူငယ်ချင်းနှစ်ယောက် ဘာ ကြောင့်များ တစ်ယောက်ကိုတစ်ယောက် ရန်သူလိုအမုန်းကြီးမုန်းသွား ရတာလဲ ဖေဖေ… ”



ယွန်ဖေးဟုန်၏မျက်နှာတွင် ဆွေးမြည့်သည့်အရိပ်အရောင် များ ပေါ်လာလေသည်။

သူ၏အသံမှာလည်း ပျော့ပျောင်းလာ၏။

ရီဝေသောမျက်လုံးအစုံဖြင့် မမြင်ရသောအတိတ်ကိုမျှော် ကြည့်နေသလိုဖြင့် ဆက်ပြောလိုက်လေသည်။ သူ့အသံက တဖြည်း ဖြည်း တုန်ရီလာသည်။

“တို့နှစ်ယောက်ဟာ ယွဲ့အော့မေဆိုတဲ့ မိန်းကလေးတစ် ယောက်ကို ပြိုင်တူမေတ္တာသက်ဝင်မိကြတယ်… တို့နှစ်ယောက်ဟာ ယွဲ့ အော့မေနဲ့ပတ်သက်ပြီး ရန်သူ့ဘဝရောက်ခဲ့ကြတာပေါ့… ”

ယွန်ရှောင်မွန်းသည် တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေ သည်။

ယွန်ဖေးဟုန်က ဆက်ပြောလိုက်သည်။

“ယွဲ့အော့မေဟာ ယဉ်ကျေးသိမ်မွေ့ပြီး အင်မတန်ချောလှတဲ့ မိန်းကလေးတစ်ယောက်ပဲ… သူဟာ ဖေဖေတို့နှစ်ယောက်ကို သူ့ တကာတွေထက် အခွင့်အရေးပေးခဲ့တယ်… သူ့ရဲ့မေတ္တာကို ဖေဖေတို့ နှစ်ယောက်ထဲက တစ်ယောက်ရမှာ သေချာတယ်… ”

ယွန်ရှောင်မွန်းက ကြားဖြတ်မေးလိုက်သည်။

“သူက ဘယ်သူ့ကိုရွေးလိုက်သလဲ… ”

www.burmeseclassic.com

www.burmeseclassic.com



ယွန်ဖေးဟုန်က အံကြိတ်လိုက်ပြီး…

"သူက ကျင်းယို့စီးကိုရွေးလိုက်တယ်… "

ယွန်ရှောင်မွန်းက စိတ်ဝင်စားစွာဖြင့်…

"ဘာဖြစ်လို့လဲ… "

"တကယ်တော့ ဖေဖေ့ဘက်ကို ပိုပြီးအလေးသာပါတယ်… ဒါပေမယ့် ကျင်းယို့စီးရဲ့ လိမ်လည်ပြောဆိုမှုကြောင့် ဖေဖေ့ကို လူယုတ်မာတစ်ယောက်လို့ထင်သွားတယ်လေ… ဖေဖေ့ကို အမုန်းကြီးမုန်းသွားပြီး ကျင်းယို့စီးရဲ့ မေတ္တာကို လက်ခံလိုက်တာပေါ့… "

ယွန်ရှောင်မွန်းက မျက်မှောင်ကုတ်ကာ…

"ကျင်းယို့စီးက ဘာတွေများ လိမ်ညာပြောခဲ့လို့လဲ… "

ယွန်ဖေးဟုန်က နှာခေါင်းရှုံ့လိုက်သည်။

"သူက ဖေဖေ့ကို မိတ်ဆွေအချင်းချင်း သစ္စာဖောက်တဲ့လူယုတ်မာတစ်ယောက်ဖြစ်တယ်လို့ ယွဲ့အော့မေကို လှည့်ဖြားပြီး အယုံသွင်းနိုင်ခဲ့တယ်လေ… သူပြောတဲ့စကားကို ယွဲ့အော့မေက ယုံသွားတယ်… အမှန်တော့ ဖေဖေက သူတို့အပေါ် သစ္စာမဖောက်ခဲ့ပါဘူး… မထင်မှတ်တဲ့ကိစ္စတစ်ခုကြောင့် အခက်ကြုံနေရတဲ့အချိန်မှာ အဆင်ပြေသွားအောင်လုပ်ခဲ့မိတာပါ… ဖေဖေ ဒီလိုလုပ်မိလို့ နောက်ပိုင်းမှာ ယွဲ့အော့မေ အထင်လွဲပြီး ကျင်းယို့စီးရဲ့ စကားကို ယုံကြည်သွားတာပေါ့"

ယွန်ရှောင်မွန်းသည် စိတ်ဝင်စားစွာဖြင့်…



"ဖေဖေ ဘာများလုပ်ခဲ့မိလို့လဲ… "

ယွန်ဖေးဟုန်က သက်ပြင်းတစ်ချက်ချလိုက်ပြီး တစ်လုံးချင်း ပြောလိုက်လေတော့သည်။ သူသည် ဤအကြောင်းများကို ပြန်မပြောချင်ပါ။ ယခုတော့ အားလုံးကို ဖွင့်ပြောပြရတော့မည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၉ ]
## အထိတ်တံ့အချိန်

သာယာလှပသောနေ့တစ်နေ့ ဖြစ်ပါသည်။

ပတ်ဝန်းကျင်တစ်ခုလုံးသို့ နေရောင်ခြည်များ ဖြာကျနေပြီး သဘာဝအလှများကို ပိုမို၍ထင်ရှားလာစေရန် ဖန်တီးပေးသည်။ တောင်ကုန်းတစ်ခု၏ တောင်နံရံတွင် ဇလပ်ပန်းများ ပွင့်နေ၏။

ဤတောင်ကုန်းပေါ်သို့ ပန်းခူးရန် လူသုံးယောက်ရောက်ရှိလာကြ၏။

ထိုလူသုံးယောက်မှာ ယွန်ဖေးဟုန်၊ ကျင်းယို့စီးနှင့် ယွဲ့အော့မေတို့ ဖြစ်ပါသည်။

သူတို့သည် အသက်နှစ်ဆယ်ကျော်အရွယ်နှပျို့သော လူရွယ်များဖြစ်ကြ၏။

ကျင်းယို့စီးနှင့် ယွန်ဖေးဟုန်တို့မှာ ရုပ်ရည်ချောမောယောက်ျား



ပီသပြီး သိုင်းပညာအသင့်အတင့်တတ်မြောက်ထားကြသဖြင့် မိန်းမပျိုလေးများ၏ အရေးပေးမှုကို ခံကြရသည်။

သို့သော်...

သူတို့နှစ်ယောက်သည် မည်သူ့ကိုမှ စိတ်မဝင်စားမိချေ။

သူတို့နှစ်ယောက်သည် သူတို့အား သိုင်းပညာသင်ပေးသော ဆရာယွဲ့ကျဲမု၏တစ်ဦးတည်းသောသမီး ယွဲ့အော့မေကို တစ်ပြိုင်နက်တည်း စိတ်ဝင်စားမိကြ၏။

ညီအစ်ကိုရင်းပမာဖြစ်နေကြ၍နှစ်ယောက်စလုံး အမှန်အတိုင်းဖွင့်ဟဝန်ခံကြသည်။

သူတို့နှစ်ယောက်စလုံး ယွဲ့အော့မေနှင့်ပတ်သက်၍ ရတက်မအေးနိုင်ကြချေ။

နောက်ဆုံး၌ ယွဲ့အော့မေကို မည်သူကပင်ရစေ တစ်ယောက်နှင့်တစ်ယောက် အခင်အမင်မပျက်စေရဟု ကတိကဝတ်ပြုကြလေ၏။

ယွဲ့အော့မေကိုလည်း နှစ်ယောက်စလုံးက မေတ္တာတောင်းခံကြသည်။

ယွဲ့အော့မေမှာမူ မျက်နှာပန်းပွင့်လှသည့်မိန်းကလေးတစ်ယောက်ဖြစ်သော်လည်း အခြားသူများကို မစဉ်းစားဘဲ ယွန်ဖေးဟုန်နှင့် ကျင်းယို့စီးတို့ နှစ်ယောက်ကိုသာ စိတ်ဝင်စားမိသည်။

သို့သော် မည်သူ့အပေါ် မေတ္တာတုံ့ပြန်ရမည်ကိုလည်း ဝေခွဲရသဲဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့...

ယွဲ့အော့မေက ပန်းခူးလိုသည်ဆိုသောကြောင့် ကျင်းယို့စီး နှင့် ယွန်ဖေးဟုန်တို့က လိုက်ပို့ကြသည်။

သူတို့သည် သာယာလှပသော တောင်ကုန်းပေါ်သို့ရောက်လျှင် လှုငယ်တို့သဘာဝကြည်နူးပျော်ရွှင်လာကြသည်။

ယွဲ့အော့မေမှာ သာယာလှပသောရောင်စုံပန်းခင်းအတွင်း လှည့်ပတ်ကာ ပန်းများခူးနေသည်။

ယွန်ဖေးဟုန်နှင့် ကျင်းယို့စီးမှာမူ အရိပ်ရသော သစ်ပင်တစ်ပင်အောက်တွင် ထိုင်ကာ ယွဲ့အော့မေကို စောင့်ကြည့်နေကြ၏။

ယွန်ဖေးဟုန်က ယွဲ့အော့မေအား ငေးကြည့်ရင်း...

"အင်း...ယွဲ့အော့မေကို ပိုင်ဆိုင်ရတဲ့လူတော်တော်ကံကောင်းမှာပဲ... "

သူ၏စကားကို ကျင်းယို့စီးက ထောက်ခံသည်။

"ဟုတ်တယ်... "

ယွန်ဖေးဟုန်က ကျင်းယို့စီးကိုကြည့်ကာ...

"ဒါနဲ့ တို့နှစ်ယောက်စလုံးကို သူအဖြေမပေးသေးဘူးနော်..."

ကျင်းယို့စီးက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"အေး... တို့တွေကို အချိန်ဆွဲထားတာ ဘာသဘောလဲမသိဘူး... "

"သူ ပြတ်ပြတ်သားသားဆုံးဖြတ်လို့မရသေးဘူး ထင်တယ်"



ကျင်းယို့စီးက မျက်မှောင်ကုတ်သွားပြီး...

"သူက တို့နှစ်ယောက်စလုံးကို စိတ်ဝင်စားတယ်လို့ မင်း ထင်နေသလား... "

ယွန်ဖေးဟုန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... "

ကျင်းယို့စီးက ခေါင်းခါလိုက်သည်။

"ဟာ... မဖြစ်နိုင်တာ... "

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ... တို့နှစ်ယောက်စလုံးကို စိတ်ဝင်စားပေမယ့်...သူက တစ်ယောက်ကိုပဲ လက်ခံနိုင်မယ်မဟုတ်လား... ဒါကြောင့် လောလောဆယ်မဆုံးဖြတ်နိုင်သေးဘဲ အချိန်ယူပြီး စဉ်းစားနေတာဖြစ်ရမယ်... တို့ကိုစောင့်ကြည့်နေတာပေါ့... "

ကျင်းယို့စီး၏မျက်နှာမသာမယာဖြစ်သွားသည်။

သူသည် ယွဲ့အော့မေအား အလွန်ချစ်မြတ်နိုးမိသည်။

ထို့ကြောင့်...

ယွဲ့အော့မေအား စွန့်လွှတ်ရမည့်အရေး တွေးပူနေမိသည်။

အကယ်၍သာ ယွဲ့အော့မေက ယွန်ဖေးဟုန်ကို လက်ခံလိုက်ပါလျှင် ကျင်းယို့စီးသည် ရှေ့ဆက်မတွေးဝံ့တော့ချေ။ သူ့အသွေး၊ အသက်၊ ကမ္ဘာသည် ယွဲ့အော့မေသာ ဖြစ်ပါလေ၏။

ထိုစဉ်...

ယွန်ဖေးဟုန်က ပြောလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့တစ်တွေကလည်း အချိန်မစောင့်နိုင်ကြတော့ဘူး… ဒါကြောင့် ဒီကနေ့ ဖွင့်မေးကြည့်ရင် မကောင်းဘူးလား… "

ကျင်းယို့စီးက ရင်ထိတ်သွား၏။

သို့သော်…

ဦးခေါင်းဆတ်ခနဲညိတ်ကာ…

"သိပ်ကောင်းတာပေါ့… အဖြေတစ်ခုခုပြတ်ပြတ်သားသား သိရမှ ဖြစ်မှာ… တို့နှစ်ယောက်ထဲက တစ်ယောက်က ကံကောင်းပြီး တစ်ယောက်က ကံဆိုးမှာသေချာတယ်… "

ယွန်ဖေးဟုန်က လေပူမှုတ်ထုတ်လိုက်၏။

"ဟုတ်တယ်… တို့တတွေထားခဲ့တဲ့ ကတိအတိုင်း ကံဆိုးတဲ့လူက ကံကောင်းတဲ့လူအပေါ် အခင်အမင်မပျက်ရဘူးနော်… "

ကျင်းယို့စီးက ယွန်ဖေးဟုန်ကို လှမ်းကြည့်လိုက်လေသည်။

"ဟော… သူငယ်ချင်း… မင်း ကံကောင်းသူဖြစ်မယ်လို့များ ထင်နေလား… "

ယွန်ဖေးဟုန်က ပြုံး၍…

"သိပ်မှန်တာပေါ့… ကျုပ်ပဲ ကံကောင်းရမှာပေါ့… "

ကျင်းယို့စီးက မျက်မှောင်ကုတ်လိုက်ပြီး…

"ဘာဖြစ်လို့လဲ… "

"ယွဲ့အောမေက ကျုပ်ကိုစိတ်ဝင်စားနေပြီလို့ ထင်တယ်…"

ကျင်းယို့စီးက လက်ကာပြရင်း…



"ဟော… မင်းကိုမဟုတ်ဘူး… ကျုပ်ကို စိတ်ဝင်စားတာ… "

သူတို့နှစ်ယောက်သည် ငြင်းခုန်နေကြ၏။

ထို့နောက်…

သဘောကျစွာ တဟားဟားရယ်မောလိုက်သည်။

အတန်ကြာသောအခါ ယွန်ဖေးဟုန်က ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ပြီး…

"ယွဲ့အောမေက ဒီမှာတစ်နေကုန်အောင် နေလိမ့်မယ်ထင်တယ်… "

"ဟုတ်တယ်… သူတော်တော်ပျော်နေပုံရတယ်… နေပါဦးကွာ… တို့လည်း အားနေတာပဲမဟုတ်လား… သူပျော်ရင် တို့ကျေနပ်ရမှာပေါ့… "

ယွန်ဖေးဟုန်က ဆက်ပြောလိုက်ပြန်သည်။

"အားတာကဟုတ်ပါပြီ… ဗိုက်ဆာတာက ခက်တယ်… "

ကျင်းယို့စီးက အားရပါးရပြုံးကာ…

"မပူပါနဲ့… ဒီတောင်ကုန်းပေါ်မှာ ယုန်တွေပေါတယ်ပြောသံကြားတယ်… လိုက်ဖမ်းကြတာပေါ့… ယုန်သားမီးကင်ကို ယွဲ့အောမေလည်း ကြိုက်မှာသေချာတယ်… "

ကျင်းယို့စီးနှင့် ယွန်ဖေးဟုန်တို့ ထိုင်ရာမှထလိုက်ကြ၏။

ထို့နောက်…

ယွဲ့အောမေကို အသိမပေးဘဲ ပန်းခင်းတစ်ဖက်ရှိ တောအုပ်

www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ လှမ်းသွားကြလေတော့သည်။

ဟိုမှာဘက်တွင် စိမ်းလန်းစိုပြေသော သစ်တောတစ်ခုရှိသည်။

သစ်တောအတွင်းဘက်သို့ ဝင်မိလျှင် သစ်ကိုင်းချင်းယှက်မျှ နီးကပ်စွာပေါက်နေသော သစ်ပင်များကိုတွေ့ရ၏။

အစိမ်းရောင်အရွက်ဖားဖားများဖြင့် နေခြောက်ပင် တိုးမဝင်နိုင်ချေ။

သာယာသော တေးကိုသီကြွေးနေသည့် ကျေးငှက်သာရကာများကိုလည်း တွေ့ရသည်။

သူတို့နှစ်ယောက်သည် မျက်စိလျှင်လျှင်ထားကာ ခြေသံလုံလုံနင်းရင်း တောအုပ်အတွင်း၌ ယုန်ကလေးများလိုက်လံရှာဖွေကြလေ၏။

သို့သော် တောအုပ်အတွင်းပိုင်းသို့ရောက်သည့်တိုင် တိရစ္ဆာန်များနှင့် ယုန်လေးများကို မတွေ့ရချေ။

ယွန်ဖေးဟုန်က ကျင်းယို့စီးကိုကြည့်ကာ…

"သူငယ်ချင်း… ဒီတောထဲမှာ ယုန်တွေပေါတယ်ဆို… အခုထိ တစ်ကောင်မှ မတွေ့ရသေးပါလား… "

ကျင်းယို့စီးက ပြုံးရင်း…

"မပူပါနဲ့ကွာ… တောအုပ်တစ်ဖက်မှာ မြက်ခင်းရှိတယ်… အဲဒီမှာ ယုန်လေးတွေရှိတယ်ကွ… "

ယွန်ဖေးဟုန်က ပါးစပ်ပိတ်ထားလိုက်၏။



သူတို့နှစ်ယောက်သည် ရှေ့သို့ခပ်သွက်သွက်လှမ်းသွားကြပြန်သည်။

အတော်ဝေးဝေးသို့ရောက်သည့်တိုင် တောအုပ်အတွင်းမှ ထွက်နိုင်ခြင်း မရှိကြသေးချေ။

ယွန်ဖေးဟုန်မှာ တစ်ယောက်တည်းကျန်ရစ်ခဲ့သော ယွဲ့အော့မေအတွက် စိတ်ပူလာသည်။

ထို့ကြောင့်…

"သူငယ်ချင်း… တို့ပြန်မှဖြစ်မယ်ထင်တယ်… တော်တော်ကြာ ယွဲ့အော့မေ တို့ကိုစိတ်ပူနေဦးမယ်… "

ကျင်းယို့စီးက ပြုံးကာ…

"ယွဲ့အော့မေအတွက် မပူစမ်းပါနဲ့ကွာ… သူ ပန်းခင်းထဲမှာ ပျော်မွေ့နေတာတွေ့တယ်မဟုတ်လား… ဒီတောင်ကုန်းပေါ်မှာ တစ်နေကုန်နေကြမှာပဲ… တို့ပြန်လာမယ်ဆိုတာ သူသိမှာပေါ့… "

ကျင်းယို့စီးက ရှေ့ဆက်သွားရန် စိတ်အားထက်သန်နေသည်ကို တွေ့ရသောအခါ ယွန်ဖေးဟုန်လည်း မတတ်နိုင်တော့ချေ။

"ကောင်းပြီလေ… ရှေ့ဆက်သွားကြတာပေါ့… "

နှုတ်ကပြောလိုက်သော်လည်း စိတ်ထဲမှမပါဘဲ ရှေ့ဆက်သွားခဲ့ရလေသည်။

အတန်ကြာ လျှောက်သွားပြီးလျှင် တောအုပ်၏တစ်ဖက်သို့ ရောက်သွားကြလေတော့သည်။ သူတို့သည် တောအုပ်ကြီးသို့ ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



သန်းလာပြီးခဲ့ချေပြီ။

ယွန်ဖေးဟုန်နှင့် ကျင်းယို့စီးတို့ တောအုပ်ထဲမှ ထွက်လာကြသောအခါ ကျောက်တုံးကျောက်ခဲများပေါများလှသော တောင်ကမ္ဘတစ်ခုကို တွေ့ရသည်။

မြက်ခင်းနှင့် ခပ်ဆင်ဆင်တူသည့်အရာများကိုပင် ရှာမရပ်ချေ။

ယွန်ဖေးဟုန်က မျက်မှောင်ကုတ်သွားသည်။

"သူငယ်ချင်း... မင်းပြောတဲ့မြက်ခင်းမရှိပါလား... ဘယ်လိုဖြစ်တာလဲကွ... "

ကျင်းယို့စီးက ရယ်မောလိုက်သည်။

"ဟား... ဟား... မင်းက တော်တော်စိတ်လောကြီးတဲ့ကောင်ပဲ... ကျောက်တုံးတွေရဲ့ တိုဘက်မှာမြက်ခင်းရှိတယ်လေ... ဟောဟိုမှာ ယုန်ကလေးတစ်ကောင် မင်း မတွေ့ဘူးလား... "

ကျင်းယို့စီး ညွှန်ပြရာသို့ လှမ်းကြည့်လိုက်လျှင် ကျောက်တုံးကျောက်ခဲများအကြားမှ ပြေးလွှားသွားနေသော ယုန်ကလေးတစ်ကောင်ကို တွေ့မြင်လိုက်ရလေသည်။

ယွန်ဖေးဟုန်က ဝမ်းသာသွားသည်။

"ဟာ... ယုန်ကလေးပါလား... မလွတ်စေနဲ့ဟေ့... "

ပြောရင်း သေးမှပန်း၍ အရှေ့ဘက်သို့ပြေးတက်သွားကာ ယုန်ကလေးကို ဖမ်းဆီးရန် ကြိုးစားလိုက်လေသည်။



သို့သော်...

ယုန်ကလေးမှာ ကျောက်တုံးကျောက်ခဲများအကြားသို့ ပြေးဝင်ပျောက်ကွယ်သွား၏။

ယွန်ဖေးဟုန် မကျေမနပ်ဖြစ်သွားကာ...

"ကျင်းယို့စီး... သူငယ်ချင်း... ငါ့ကို လာကူပါဦးကွ... ယုန်ကလေးပျောက်သွားပြီ... "

ကျင်းယို့စီးက တဟားဟားရယ်မောလိုက်ပြီး...

"မင်း တော်တော်ညံ့တာပဲ... ယုန်ကိုလိုက်ငင် လို့ရမလား... ကျောက်ခဲနဲ့ပစ်မှပေါ့... "

"ဟာ... ဟုတ်သားပဲ... "

ပြောရင်း ကျောက်တုံးကျောက်ခဲများ ကောက်ယူလိုက်၏။

တစ်ဖန်...

ကျောက်တုံး ကျောက်ခဲများကို ပြန်လည်လွှင့်ပစ်လိုက်ပြီး...

"ဒါ ဘာလုပ်ဖို့လဲ... ယုန်က လွတ်သွားပြီ... "

"မင်းကလည်းကွာ... ယုန်မရမှာ စိတ်မပူပါနဲ့... ရှေ့မြက်ခင်းပြင်မှာ အများကြီးရှိတယ်... ကျောက်ခဲသာ ကောက်ခဲ့ပါ... "

ယွန်ဖေးဟုန်သည် ဝမ်းသာသွား၏။

လွှင့်ပစ်လိုက်သော ကျောက်ခဲများကို ပြန်ကောက်ယူလိုက်သည်။

ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှခြေသံလုံ့လုံ့နှင့် နင်းကာ လျှောက်သွားသော ကျင်းယို့စီးနောက်သို့ လိုက်သွား၏။

ယွန်ဖေးဟုန်၏ခြေသံကြောင့် ကျင်းယို့စီးနောက်လှည့်ကြည့်ကာ…

"ခြေသံလုံ့လုံ့နင်း… တော်ကြာ ယုန်တွေထွက်ပြေးသွားမယ်"

ယွန်ဖေးဟုန်က ခေါင်းညိတ်လိုက်သည်။

ကျင်းယို့စီးကို ကျော်မတက်ဝံ့ဘဲ နောက်မှလိုက်သွားရသည်။

ဤသို့ဖြင့် ဝါးတစ်ရိုက်ခန့်ဆက်သွားပြီးလျှင် ကျင်းယို့စီးက ခြေလှမ်းရပ်တန့်လိုက်ပြီး ယွန်ဖေးဟုန်အား လေသံတိုးတိုးဖြင့်…

"သူငယ်ချင်း… ရှေ့မှာယုန်တွေရှိနေတယ်… ငါတို့ အသံကြားရင် ထွက်ပြေးသွားလိမ့်မယ်… "

ယွန်ဖေးဟုန်က ပါးစပ်ပိတ်ထားလိုက်သည်။

ကျင်းယို့စီးက ဆက်ပြောလိုက်သည်။

"လက်နက်ပုန်းအသုံးပြုတဲ့နေရာမှာ မင်းက ငါ့ထက်သာတယ်… ဒါကြောင့် ရှေ့ကိုသွားပြီး ယုန်ကလေးတွေကို ကျောက်ခဲနဲ့ပစ်ပါ… ယုန်နှစ်ကောင်လောက်ရမှ ဖြစ်မယ်နော်… "

ထိုစကားကြားရလျှင် ယွန်ဖေးဟုန်က ကျေနပ်သွားလေသည်။

ကျင်းယို့စီးက သူ့အား လက်နက်ပုန်းပညာတော်သည်ဟု ချီးမွမ်းခဲ့သည် မဟုတ်ပါလော။

ယွန်ဖေးဟုန်က ကျောက်ခဲနှစ်လုံးဆုပ်ကိုင်ကာ ရှေ့သို့ တိုးကပ်သွား၏။



သူတို့၏ရှေ့တွင် ကျောက်ဆောင်ကြီးတစ်ခု ရှိသည်။

ယင်းကျောက်ဆောင်တစ်ဖက်တွင် မြက်ခင်းပြင်ရှိလိမ့်မည်ဟု ယွန်ဖေးဟုန် တွေးသည်။

ကျောက်ဆောင်အနီးသို့ တရွေ့ရွေ့တိုးကပ်သွားကာ ရုတ်တရက်အပေါ်သို့ ခုန်တက်လိုက်လေသည်။

တစ်ဆက်တည်းမှာပင် လက်ထဲမှကျောက်ခဲနှစ်လုံးဖြင့် ယုန်များကို ပစ်ပေါက်ရန် ဟန်ပြင်လိုက်၏။

သို့သော်…

ရုတ်တရက်တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ယွန်ဖေးဟုန် မျက်လုံး ပြူးသွား၏။

ကျောက်ဆောင်တစ်ဖက်တွင် မြက်ခင်းပြင်မရှိပါ။

ယုန်ကလေးများလည်း လုံးဝမရှိပါ။

သူ၏အရှေ့ဘက်တွင် မြူနိုးများဝေနေသည့် နက်ရှိုင်းသော ချောက်ကမ်းပါးတစ်ခုသာ ရှိနေသည်မဟုတ်ပါလား။

သူသည် ကျောက်ဆောင်ပေါ်သို့ ခုန်တက်လိုက်ခြင်းဖြင့် ချောက်ကမ်းပါးနှုတ်ခမ်းဝတွင် ရပ်နေသကဲ့သို့ ရှိနေ၏။

အကယ်၍ ခြေချော်သွားပါမူ ချောက်ကမ်းပါးအတွင်းသို့ ကျသွားပြီး အသက်သေဆုံးရပေလိမ့်မည်။

ကျင်းယို့စီးက အဘယ်ကြောင့် လိမ်ညာခဲ့ရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ယွန်ဖေးဟုန်သည် အံ့သြကာ နောက်လှည့်ကြည့်လိုက်လျှင် သူ့ထံသို့ အရိပ်မည်းတစ်ခုခုန်အုပ်လာသည်ကို တွေ့လိုက်ရလေသည်။

ယွန်ဖေးဟုန်က ရင်ထိတ်သွား၏။

ကျင်းယို့စီးက သူ့အား ချောက်ထဲတွန်းချရန် ကြံစည်အားထုတ်နေပြီ မဟုတ်ပါလော။

ကျင်းယို့စီး၏အကြံကိုသိရလျှင် အံ့သြထိတ်လန့်သွားကာ…

"ကျင်းယို့စီး… မင်း လူယုတ်မာ…"

သူ၏စကားမဆုံးမီ ကျင်းယို့စီးက သူ့အား တွန်းချလာချေပြီ။

ယွန်ဖေးဟုန်မှာ ချောက်ကမ်းပါးထိပ်တွင်ရပ်နေသောကြောင့် ခြေချော်သွားသည်နှင့် ဘဝဆုံးနိုင်သောကြောင့် နောက်ဆုတ်ရှောင်တိမ်းခြင်း မပြုဝံ့ချေ။

ယွန်ဖေးဟုန်မှာ ရှောင်တိမ်း၍မရမှန်းသိလျှင် ချက်ချင်းကျောက်တောင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

ထိုစဉ်…

ခုန်အုပ်လာသော ကျင်းယို့စီးမှာ အရှိန်လွန်သွားပြီး ယွန်ဖေးဟုန်၏ဦးခေါင်းအပေါ်မှ ကျော်ကာ ကမ်းပါးအတွင်းသို့ ထိုးကျသွားလေတော့သည်။

"အား…"

စူးရှသောအသံနက်ကြီး ထွက်ပေါ်လာသည်။

ယွန်ဖေးဟုန် ထိုင်ရာမှထကာ ချောက်ကမ်းပါးအတွင်းသို့ ငုံ့ကြည့်လိုက်လျှင် မြူနှင်းများဖုံးကွယ်လျက်နေသောကြောင့် အောက်ခြေကို မမြင်ရပါ။

ကျင်းယို့စီးကိုလည်း မတွေ့ရတော့ချေ။

ကျင်းယို့စီးမှာ ချောက်ကမ်းပါးအတွင်းသို့ ထိုးကျကာ သေဆုံးသွားချေပြီတကား။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၃၀ ]

## ခါးသီးသောအရသာ

ယွန်ဖေးဟုန် တစ်ယောက်တည်းပြန်ခဲ့ရသည်။

သူသည် ယွဲ့အော့မေနှင့်တွေ့လျှင် မည်သို့ပြန်ပြောရမည်ကို တစ်လမ်းလုံး စဉ်းစားလာခဲ့သည်။

ယခု...

ကျင်းယို့စီး သေဆုံးသွားချေပြီ။

ကျင်းယို့စီးမှာ ယွဲ့အော့မေကို ပိုင်ဆိုင်လိုမှုအတွက် သူငယ်ချင်းအပေါ် အကောက်ကြံသည်ဆိုလျှင် သူ၏အမည်မှာ လူတကာ၏ ကဲ့ရဲ့စရာအထင်သေးစရာ ဖြစ်လာပေမည်။

ယွန်ဖေးဟုန်မှာ ကျင်းယို့စီးကို ညီရင်းအစ်ကိုတမျှ ချစ်ခင်မြတ်နိုးသည်။



ထို့ကြောင့်...

သေဆုံးသွားပြီဖြစ်သော ကျင်းယို့စီး ဂုဏ်သိက္ခာမကျစေလိုပါ။

သူသည် ယွဲ့အော့မေနှင့်တွေ့လျှင် အဆင်ပြေအောင်ကြည့်ပြောမည်ဟု ဆုံးဖြတ်လိုက်လေသည်။

မကြာပါချေ။

ပန်းခင်းဆီသို့ ပြန်လည်ရောက်ရှိလာသည်။

ထိုအခါ...

သူတို့ထိုင်ခဲ့သော သစ်ပင်အောက်မှ ယွဲ့အော့မေ စောင့်နေသည်ကို တွေ့ရလေသည်။

ယွဲ့အော့မေမှာ ယွန်ဖေးဟုန် ပြန်ရောက်လာသည်ကိုတွေ့လျှင် အပြစ်တင်လိုက်လေသည်။

"အစ်ကိုယွန်... ရှင် ဘယ်ပျောက်သွားနေတာလဲ... အစ်ကိုကျင်းကော... "

ယွန်ဖေးဟုန် သက်ပြင်းချကာ...

"ကျင်းယို့စီး ပြန်မရောက်သေးဘူးလား... "

ယွဲ့အော့မေက ခေါင်းခါယမ်းလိုက်ပြီး...

"မရောက်သေးဘူး... "

"ဟင်... ဒုက္ခပဲ... "

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ... "

"သူက ဗိုက်ဆာတယ်... ယုန်သွားရှာမယ်ဆိုပြီး ထွက်သွားတာကြာပြီ... သူပြန်မလာလို့ တစ်ခုခုဖြစ်မှာ စိုးရိမ်ပြီး ကျူပ်လိုက်ရှာတာ... "

ယွှဲ့အော့မေ၏မျက်နှာတွင် ထိတ်လန့်သောအမူအရာများ ထွက်ပေါ်လာသည်။

"အစ်ကိုကြီးကို ရှာမတွေ့ဘူးပေါ့... "

ယွှန်ဖေးဟုန်က မင်သေသေဖြင့်...

"ဟုတ်တယ်... သူ ဒီဘက်ပြန်ရောက်နေပြီလို့တောင် ထင်နေတာ... "

ယွှဲ့အော့မေက သက်ပြင်းချလိုက်ပြီး...

"ခုကွဲ... အစ်ကိုကျင်းကလည်း... ဘယ်တွေလျှောက်သွားနေမှန်းမသိဘူး... "

"တို့ခဏစောင့်ကြည့်ကြတာပေါ့... သူပြန်လာမှာပါ... "

သူတို့နှစ်ယောက် သစ်ပင်အောက်တွင်ထိုင်ရင်း ကျင်းယွီစီးကို စောင့်မျှော်နေကြလေသည်။

ကျင်းယွီစီး ပြန်လာမည်မဟုတ်ကြောင်း ယွှန်ဖေးဟုန် သိထားပါသည်။

ထို့ကြောင့်...



ယွှဲ့အော့မေကိုကြည့်ကာ...

"ညီမ... ကျင်းယွီစီး မရှိတုန်း ညီမကို စကားတစ်ခွန်းပြောချင်တယ်... "

"ပြောပါရှင်... "

"ညီမ... အစ်ကိုတို့ကိစ္စကို ဘယ်လိုဆုံးဖြတ်မလဲဟင်... "

ယွှဲ့အော့မေ၏မျက်နှာ ရှက်သွေးကြောင် နီရဲသွားလေသည်။

ယွှန်ဖေးဟုန်က ဆက်ပြောလိုက်လေသည်။

"ညီမရယ်... အစ်ကိုတို့ကို အမျိုးနဲ့ဆွဲမထားပါနဲ့... ဘယ်သူ့အပေါ် မေတ္တာရှိတယ်ဆိုတာ ပွင့်ပွင့်လင်းလင်းပြောပါတော့... "

ယွှဲ့အော့မေက ခေါင်းငုံ့လိုက်ပြီး...

"အို... အစ်ကိုယွှန်ကလည်း တစ်နေ့သိရမှာပေါ့... ဘာကြောင့် များ လောနေရတာလဲရှင်... "

"လောတာမဟုတ်ဘူး... အစ်ကို... "

သူ၏စကားမဆုံးမီ ယွှဲ့အော့မေက လက်ကာပြ၍ ဟန့်တားလိုက်လေသည်။

"တော်ပါတော့ရှင်... နှစ်သစ်ကူးအချိန်အခါရောက်ရင် ရှင်တို့အတွက် အဖြေပေးပါ့မယ်... ကဲ... ကျေနပ်ပြီလား... "

ယွှန်ဖေးဟုန်က အတိုင်းမသိ ဝမ်းသာသွားသည်။

ကျင်းယွီစီး သေဆုံးသွားပြီဖြစ်ရာ နှစ်သစ်ကူးအချိန်တွင် ယွှဲ့

www.burmeseclassic.com

www.burmeseclassic.com



အော့မေ မေတ္တာပန်းကို ဆင်မြန်းနိုင်သူမှာ သူမင်ဖြစ်တော့မည် မဟုတ်ပါလား။

"ဝမ်းသာလိုက်တာ ညီမရယ်…"

ယွဲ့အော့မေက တောအုပ်ဆီသို့လှမ်းကြည့်ကာ…

"အစ်ကိုကျော်း သွားတာကြာလှချေလား…"

ယွန်ဖေးဟုန်လည်း လှမ်းကြည့်လိုက်ပြီး…

"ဟုတ်တယ်… သူသွားတာ တော်တော်ကြာပြီ…"

ယွဲ့အော့မေက…

"ဒုက္ခပဲ… အစ်ကိုကြီးတစ်ခုခုဖြစ်နေပြီထင်တယ်…"

"အို… ညီမကလည်း… သူဟာ သိုင်းသမားတစ်ယောက်ပါ… အန္တရာယ်နဲ့ရင်ဆိုင်တွေ့ရလည်း ကိစ္စမရှိပါဘူး… သူသာ တစ်ခုခုဖြစ်ရင် အစ်ကို အသက်သေချင်သေပါစေ… သူ့အတွက် ရင်ဆိုင်မှာပါ…"

ယွန်ဖေးဟုန်နှင့် ကျော်းယို့စီးတို့ တစ်ယောက်ကိုတစ်ယောက် ညီရင်းအစ်ကိုသဖွယ် ချစ်မြတ်နိုးကြောင်း ယွဲ့အော့မေလည်း သိရှိထားသည်။

သူတို့ အတန်ကြာစောင့်နေသော်လည်း ကျော်းယို့စီး ပြန်ရောက်လာခြင်း မရှိပါ။

ယွဲ့အော့မေ မနေနိုင်တော့ချေ။

အိမ်ပြန်လိုပြီဖြစ်သောကြောင့် ယွန်ဖေးဟုန်ကိုကြည့်ကာ–



"အစ်ကိုယွန်… ကျွန်မတို့ အိမ်အပြန်နောက်ကျနေဦးမယ်… အစ်ကိုကျော်းကို လိုက်ရှာရင် ကောင်းမယ်ထင်တယ်…"

ယွန်ဖေးဟုန်က စိတ်မကောင်းဖြစ်သွားသည်။

သို့သော်…

ယွဲ့အော့မေက သံသယမဖြစ်စေရန်…

"ကောင်းပြီလေ… လိုက်ရှာကြတာပေါ့…"

သူတို့နှစ်ယောက် ထိုင်ရာမှထကာ တောအုပ်ဆီသို့လျှောက်သွားကြလေသည်။

တောအုပ်အတွင်း အတန်ကြာရှာဖွေကြည့်လိုက်သော်လည်း ကျော်းယို့စီးကို မတွေ့ရချေ။

ယွဲ့အော့မေသည် စိုးရိမ်ပူပန်လာကာ တောအုပ်အတွင်း၌ အော်ဟစ်ခေါ်ငင်လေ၏။

"အစ်ကိုကျော်း… အစ်ကိုကျော်း… ရှင် ဘယ်ရောက်နေလဲ…"

သူမ၏အသံသည် တောအုပ်ထဲတွင် ပဲ့တင်ထပ်ကာ ထွက်ပေါ်လာသည်။

သို့သော်…

တုံ့ပြန်သံမကြားရချေ။

ယွန်ဖေးဟုန်ကလည်း…

"ကျော်းယို့စီး… မင်း ဘယ်မှာလဲ… ကျော်းယို့စီး… ဘယ်ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေသလဲ…”

သူတို့ မည်သို့ပင် အော်ခေါ်လိုက်ကြသော်လည်း ကျွင်းယို့စီး၏ တုံ့ပြန်သံ မကြားရချေ။

ယွှဲ့အော့မေသည် ငိုမဲ့မဲ့ဖြစ်လာ၏။

“အစ်ကိုကျွင်းတော့ ဒုက္ခတွေ့နေပြီထင်ပါတယ်…”

ယွှန်ဖေးဟုန်က စကားမပြောပါ။

ယွှဲ့အော့မေကိုခေါ်၍ တောင်ကုန်းနေရာအနှံ့အပြားလိုက်လံရှာဖွေလိုက်လေသည်။

သို့သော်…

နေရာအနှံ့ရှာဖွေပြီးသော်လည်း ကျွင်းယို့စီးကို မတွေ့ရချေ။

နောက်ဆုံး သူတို့နှစ်ယောက် လက်လျှော့ကာ ပြန်သွားကြရလေတော့၏။

❀ ❀ ❀

ဝါကျင့်ကျင့်မီးရောင်သည် အခန်းတွင်းသို့ ဖြာကျနေသည်။

အခန်းတွင်း၌ လူသုံးယောက်ရှိနေသည်။

ယွှန်ဖေးဟုန်၊ ယွှဲ့အော့မေနှင့် ယွှဲ့ကျဲမုတို့ ဖြစ်ကြသည်။

ယွှန်ဖေးဟုန်နှင့် ယွှဲ့အော့မေတို့က ခေါင်းငုံ့ကာ ထိုင်နေကြ၏။



ယွှဲ့ကျဲမုမှာ လက်နှစ်ဖက်နောက်ပစ်၍ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေ၏။

အတန်ကြာမှ ယွှန်ဖေးဟုန်၏ရှေ့တွင်ရပ်ကာ…

“ယွှန်ဖေးဟုန်…”

“အမိန့်ရှိပါဆရာ…”

“ကျွင်းယို့စီးက ယုန်ရှာမယ်ဆိုပြီး ထွက်သွားတာဟုတ်လား”

ယွှန်ဖေးဟုန်က ရင်ခုန်လာသည်။

သူသည် ကျွင်းယို့စီးအား ရက်စက်ယုတ်မာသူတစ်ယောက်ဟု အပြောမခံစေလိုသဖြင့် အဖြစ်မှန်ကို ဖုံးကွယ်ထားရန် အခိုင်အမာဆုံးဖြတ်ကာ…

“ဟုတ်ပါတယ် ဆရာ…”

ယွှဲ့ကျဲမုက ဆက်မေးလိုက်သည်။

“သူ ဘယ်ကိုထွက်သွားတာလဲ…”

“တောထဲ ထွက်သွားတာပါ…”

ယွှဲ့ကျဲမုက ယွှန်ဖေးဟုန်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး…

“မင်း… သူ့ကိုလိုက်ရှာသေးတယ်ဆို…”

“ဟုတ်ပါတယ် ဆရာ… ဒါပေမယ့် ရှာလို့မတွေ့ပါဘူး…”

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ကျဲမုက သက်ပြင်းချလိုက်သည်။

"အင်း... ကျင်းယို့စီးဟာ ရန်သူနဲ့တောအုပ်ထဲမှာ တွေ့ဆုံမိသလား မပြောတတ်ဘူး... "

ထိုစကားကြားရလျှင် တစ်ချိန်လုံး ငြိမ်သက်စွာနားထောင်နေသည့် ယွဲ့အော့မေက ကြားဝင်ပြောလိုက်သည်။

"အစ်ကိုကျင်း... ရန်သူနဲ့တွေ့မယ်မထင်ဘူး... သူဟာ ရန်သူနဲ့တိုက်ခိုက်ခဲ့မယ်ဆိုရင် တောအုပ်ထဲမှာ တိုက်ပွဲဖြစ်ခဲ့တဲ့ခြေရာ လက်ရာတွေ့ရမှာပေါ့... "

ယွဲ့ကျဲမုက ခေါင်းညိတ်လိုက်သည်။

"အေး... ဒါလည်း ဟုတ်တယ်... ဒါဖြင့် သူတစ်နေရာရာကို ထွက်သွားတာပဲ ဖြစ်ရမယ်... "

ယွန်ဖေးဟုန်က နားမလည်နိုင်ဟန်ဖြင့် မေးလိုက်လေသည်။

"ဆရာ... ကျင်းယို့စီးက ဘာဖြစ်လို့ ကျွန်တော်တို့ကို ထားပြီး ထွက်သွားရတာလဲ... "

"ဒါတော့ သူပဲသိမယ်... သူ့မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ရုတ်တရက်ပေါ်လာလို့ ဖြစ်မှာပေါ့... "

ယွဲ့အော့မေ ကြားဖြတ်လိုက်ပြန်သည်။

"တောထဲမှာ မသင်္ကာစရာတွေ့လို့ ကျွန်မတို့ကို အကြောင်းကြားဖို့ အချိန်မရဘဲ ခြေရာခံလိုက်သွားသလား မသိဘူး... "



သူမ၏စကားကို ယွဲ့ကျဲမုက သဘောကျသွားလေသည်။

"ဟုတ်တယ်... ကျင်းယို့စီးဟာ မတရားတာတွေ့ရင် လက်ပိုက်ကြည့်နေတတ်တဲ့လူစားမျိုး မဟုတ်ဘူး... တို့ သူ့ကိုစောင့်နေရတော့မှာပေါ့... "

ယွန်ဖေးဟုန်၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်။

ကျင်းယို့စီးမှာ ယွဲ့အော့မေ၏မေတ္တာကိုရယူလိုမှုအတွက် သူ့အား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့သည်မဟုတ်ပါလား။

ကျင်းယို့စီးသည် မတရားသူတစ်ယောက်ဖြစ်ကြောင်း ယွန်ဖေးဟုန်၏ရင်ထဲ၌ စွဲမြဲစွာ မှတ်ထားသည်။

ကျင်းယို့စီး၏မတရားမှုကို မသိသေးသော ယွဲ့အော့မေနှင့် ယွဲ့ကျဲမုတို့ကို ထိုအကြောင်းဖွင့်ပြောပြချင်သည်။ သို့သော် ပြောပြ၍ သူတို့ယုံပါမည်လော။

ယွန်ဖေးဟုန်သည် ပါးစပ်ဖျားသို့တက်လာသည့်စကားများကို မြိုချလိုက်ရ၏။

ယွဲ့ကျဲမုက ယွန်ဖေးဟုန်ကိုကြည့်ကာ...

"ယွန်ဖေးဟုန်... မင်းလည်း သိုင်းလေ့ကျင့်တာကို တစ်ပတ်လောက်နားထားဦး... မြို့ထဲသွားပြီး ကျင်းယို့စီးနဲ့ပတ်သက်တဲ့သတင်းစုံစမ်းရမယ်... သူ့သတင်းရရချင်း ငါ့ဆီလာအကြောင်းကြား... ဟုတ်

ပြီလား...”

ယွန်ဖေးဟုန်က ခေါင်းညိတ်ပြလိုက်သည်။

“အချိန်အတိုင်းပါ ဆရာ...”

“ကဲ... မင်းသွားပေတော့...”

ယွန်ဖေးဟုန်မှာ အခန်းတွင်းမှထွက်သွားလေတော့၏။

ထို့နောက်...

သူ၏အခန်းသို့သွားကာ ပစ္စည်းများ ထုပ်ပိုးလိုက်သည်။

ယွဲ့အောမေကို နှုတ်ဆက်ပြီးနောက် မြို့အပြင်ရှိ ယွဲ့ကျဲမု၏

နေအိမ်မှထွက်ခွာလာခဲ့သည်။

မြို့ထဲတွင် တစ်ပတ်မျှနေထိုင်မည်။ ပြီးနောက် ယွဲ့ကျဲမု၏

အိမ်သို့ပြန်လာမည်။ သို့သော် ကျောင်းဆရာကြီး၏သတင်းကို မယ်မယ်ရ

ပြောနိုင်လိမ့်မည်မဟုတ်ဟု သူ ယူဆထားလည်ထားလေ၏။

* * *

တစ်ပတ်...

တစ်ပတ်တိတိအချိန် ကုန်ဆုံးသွားပြီဖြစ်ပါသည်။

တစ်ပတ်ပြည့်လျှင် ယွန်ဖေးဟုန်သည် မြို့ထဲမှနေ၍ ယွဲ့ကျဲ

မု၏အိမ်သို့ ပြန်လာခဲ့သည်။

အိမ်အပြန် သူ၏ခြေလှမ်းများ သွက်လက်နေ၏။



သူ၏ရင်ထဲ၌ ရွှင်လန်းချမ်းမြေ့ကာ ပျော်ရွှင်နေသည်။

မကြာမီ...

သူမြတ်နိုးလှသော ယွဲ့အောမေ၏လှပသောမျက်နှာလေးကို

တွေ့မြင်ရတော့မည် မဟုတ်ပါလား။

နေမွန်းမတည့်မီ ယွန်ဖေးဟုန်ပြန်လည်ရောက်ရှိလာသည်။

ယွန်ဖေးဟုန် ပြန်လည်ရောက်ရှိလာသောအခါ အိမ်တစ်ခုလုံး

တိတ်ဆိတ်နေသည်ကို တွေ့ရ၏။

ယွန်ဖေးဟုန်သည် အံ့သြသွားသည်။

ယခင်ကဆိုလျှင် ယွဲ့ကျဲမု၏ခြံဝင်းအတွင်းရှိ ...နှံဥယျာဉ်နှင့်

သီးနှံစိုက်ခင်းများတွင် အလုပ်သမားများ တပျော်တပါးအလုပ်လုပ်

လျက် ရှိနေတတ်သည် မဟုတ်ပါလား။

ယွန်ဖေးဟုန် လှမ်းဝင်လာပြီး စံအိမ်အနီးသို့မရောက်မီ စံအိမ်

နောက်ဘက်မှ အလုပ်သမားတစ်ယောက် ထွက်လာသည်ကိုတွေ့ရ၏။

ထိုအလုပ်သမားကိုတွေ့ရလျှင် ယွန်ဖေးဟုန်က လက်ဝှေ့

ယမ်းပြကာ နှုတ်ဆက်လိုက်လေသည်။

သို့သော်...

အလုပ်သမားများက ယွန်ဖေးဟုန်ကိုမြင်လျှင် မျက်နှာဖြူဖြော့

ဖြူရော်ဖြစ်သွား၏။

စကားတစ်လုံးမှမပြောဘဲ ချာခနဲလှည့်ကာ စံအိမ်အတွင်း

www.burmeseclassic.com



ဘက်သို့ ဝင်ပြေးသွားလေသည်။

ယွန်ဖေးဟုန်သည် နားမလည်နိုင်အောင် ဖြစ်သွား၏။

ထိုစဉ်မှာပင်...

အိမ်ထဲမှ လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသော အလုပ်သမားဆယ့်ငါးယောက်ခန့် ပြေးထွက်လာသည်ကို တွေ့ရ၏။

သူတို့နောက်မှ ယွဲ့အော့မေ လိုက်ပါလာသည်။

ယွဲ့အော့မေ၏မျက်နှာသည် ရှုံ့မဲ့ကာထန်နေပြီး ဒေါသချောင်းချောင်းထွက်နေဟန်ရှိသည်။

ယွန်ဖေးဟုန်မှာမူ ယွဲ့အော့မေကိုတွေ့ရသည်နှင့် ဝမ်းသာအားရဖြစ်သွားပြီး သူက အော်ဟစ်နှုတ်ဆက်လိုက်သည်။

"ညီမ... ယွဲ့အော့မေ... "

သို့သော် ယွဲ့အော့မေက ခပ်တည်တည်ပင်။ ရယ်ပြုံးခြင်းမရှိဘဲ ယွန်ဖေးဟုန်၏ရှေ့သို့ လျှောက်လာသည်။

လက်နက်ကိုင်ဆောင်ထားသော အလုပ်သမားများသည် ယွန်ဖေးဟုန်အား ဝိုင်းရံထားလိုက်ကြသည်။

ယွန်ဖေးဟုန်က နားမလည်နိုင်အောင်ဖြစ်သွားကာ...

"ညီမ... "

"ရှင်... ကျွန်မကို ညီမလို့မခေါ်နဲ့... "

ယွန်ဖေးဟုန်သည် တအံ့တသြဖြစ်သွားသည်။



"ဟင်... ညီမ... ဘယ်လိုဖြစ်တာလဲဟင်... အစ်ကို... "

ယွဲ့အော့မေက အံတင်းတင်းကြိတ်လိုက်ပြီး...

"လူယုတ်မာ... ရှင် ဒီကိုပြန်လာခဲ့သေးတယ်နော်... "

ယွန်ဖေးဟုန်သည် ကြောင်အမ်းအမ်းဖြစ်နေ၏။

ယွဲ့အော့မေက အဘယ်ကြောင့် လူယုတ်မာဟုခေါ်သည်ကို သူ မသိချေ။

ယွဲ့အော့မေကို မယုံကြည်နိုင်စွာကြည့်ရင်း...

"ညီမ... အစ်ကို ဘာမှနားမလည်နိုင်တော့ဘူး... "

"ရှင် အခုမှနားမလည်ချင်ဟန်ဆောင်မနေနဲ့... ရှင့်အကြောင်းတွေအကုန်ပေါ်ပြီ... "

"ကျုပ်... ကျုပ် ဘာများမဟုတ်တာလုပ်မိလို့လဲ... "

ယွဲ့အော့မေက စံပြင်းစွာ ပြောလေ၏။

"ရှင် မဟုတ်တာလုပ်တာ ရှင်ကိုယ်တိုင်သိရမှာပေါ့... အခုမှ ဟန်ဆောင်ဖုံးကွယ်လို့ မရဘူးရှင့်... "

"ဘာ... ဘာများဖြစ်နေလို့လဲ... "

ယွဲ့အော့မေက မဲ့ပြုံးပြုံးလိုက်ပြီး...

"ရှင်... အစ်ကိုကျင်းကို တိတ်တဆိတ်လုပ်ကြံသတ်ဖြတ်ခဲ့တယ်မဟုတ်လား... "

မမျှော်လင့်သောစကားကြားရလျှင် ယွန်ဖေးဟုန် ပါးစပ်ဟောင်း

www.burmeseclassic.com



လောင်းဖြစ်သွားရလေတော့သည်။

ချက်ချင်းပင် ခေါင်းခါယမ်းကာ...

"ကျုပ်... ကျုပ်မသဘ်ဘူး... "

"အခုမှငြင်းမနေနဲ့... မြို့ထဲမှာ ရှင့်ကိုဖေဖေတို့သွားရှာတယ်... လမ်းလွဲသွားလို့ ရှင် ထွက်လာနိုင်တာ... ရှင့်ကို ဖေဖေတွေ့ရင် သတ်ပစ်မှာပဲ... "

မှန်ပါ၏။

ယွဲ့ကျဲမှုသည် သိုင်းပညာထက်မြက်ပြီး ဒေါသကြီးသူတစ်ယောက်ဖြစ်သည်။

မည်သို့ဆိုစေ...

သူက ရှင်းပြလျှင် ယွဲ့အော့မေနှင့် ယွဲ့ကျဲမှုတို့ သဘောပေါက်နားလည်သွားလိမ့်မည်ဟု ယုံကြည်ထား၏။

ထို့ကြောင့်...

လက်တာပြကာ...

"ညီမ မှားမယ်... အစ်ကို သူ့ကိုမသတ်ပါဘူး... "

"ရှင် လိမ်တာ... "

"ကျုပ် မလိမ်ပါဘူး... အမှန်ဆိုရင်... "

သူက အဖြစ်မှန်ကိုပြောပြရန် ကြိုးယ်လိုက်သည်။

ထိုစဉ်မှာပင်...



"သူငယ်ချင်း... မင်း မလိမ်ပါနဲ့ကွာ... အခုအချိန်မှာ မင်းအတွက် သိပ်နောက်ကျနေပြီ... ဆရာနဲ့ယွဲ့အော့မေကို ဝန်ချတောင်းဝန်လိုက်ရင် မင်းအတွက် အကောင်းဆုံးဖြစ်မယ်... "

ယွန်ဖေးဟုန်က အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ...

စံအိမ်အတွင်းမှ လူတစ်ယောက်လှမ်းထွက်လာသည်ကို တွေ့ရလေသည်။

ထိုလူကိုတွေ့ရသည်နှင့် ယွန်ဖေးဟုန်၏ တစ်ကိုယ်လုံး ကျောက်ရုပ်ပမာ မလှုပ်မယှက်ဖြစ်သွား၏။

ထိုလူမှာ ချောက်ကမ်းပါးအတွင်းသို့ကျကာ သေဆုံးသွားပြီဟုထင်မှတ်သော ကျင်းယို့စီးပင် ဖြစ်ပါတော့သည်။

❀ ❀ ❀

ကျင်းယို့စီးက ရယ်မောနေ၏။

ယွန်ဖေးဟုန်မှာ ကျင်းယို့စီးကို ပြုံးကျယ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။

ကျင်းယို့စီး အသက်ရှင်လွတ်မြောက်လာလိမ့်မည်ဟု သူလုံးဝ

www.burmeseclassic.com

www.burmeseclassic.com



မထင်ချေ။

"ကျင်းယို့စီး... မင်း... မင်း... မသေဘူးနော်..."

ကျင်းယို့စီးက တဟားဟားရယ်မောရင်း...

"မသေပါဘူးဗျာ... ကျုပ်ကို ဘယ်လိုနည်းနဲ့မှသေအောင် မလုပ်နိုင်ပါဘူး..."

ယွန်ဖေးဟုန်၏အံ့ဩထိတ်လန့်သောစကားသည် ကျန်လူများ၏အထင်လွဲမှားမှုကို ပို၍အခိုင်အမာဖြစ်စေသည်။

ယွန်ဖေးဟုန်မှာ သူသတ်ပစ်ခဲ့သော ကျင်းယို့စီး အသက်ရှင်လာသည်ကိုတွေ့ရ၍ အံ့ဩထိတ်လန့်ကာ မေးလိုက်ခြင်းဖြစ်သည်ဟု ထင်မြင်ယူဆသွားကြလေသည်။

ယွန်ဖေးဟုန်သည် ဒေါသချောင်းချောင်းထွက်သွား၏။

ကျင်းယို့စီးကိုစိုက်ကြည့်ရင်း...

"ကျင်းယို့စီး... မင်းသာ လူယုတ်မာ... မင်း ငါ့ကို..."

သူ၏စကားမဆုံးမီ ကျင်းယို့စီးက ကြားဖြတ်ပြောလိုက်သည်။

"ဒီမှာ သူငယ်ချင်း... မင်း ငါ့ကို ချောက်ထဲတွန်းချခဲ့ပေမယ့် ချောက်က မနက်ဘူး... ပြီးတော့ တောင်အောက်မှာ ရေအိုင်ရှိတယ်လေ... ကျုပ် ရေအိုင်ထဲကျပြီး အသက်ရှင်ခဲ့တယ်... ဒါပေမယ့် တောင်ပေါ်ပြန်ဖို့ လမ်းစရှာမရလို့ တစ်ပတ်လောက်ကြာခဲ့တာကွ..."

ယွန်ဖေးဟုန်သည် အထိတ်တလန့်ဖြင့်...



"မင်း... မင်း..."

"မင်း ဘာကြောင့် ငါ့ကိုလုပ်ကြံတယ်ဆိုတာ ငါသဘောပေါက်ပါတယ်..."

ပြောရင်း ကျင်းယို့စီးက ယွဲ့အော့မေအား လှမ်းကြည့်လိုက်လေသည်။

ယွဲ့အော့မေနှင့် ယွန်ဖေးဟုန်တို့မှာ ကျင်းယို့စီး၏အကြည့်အဓိပ္ပာယ်ကို နားလည်ထားကြလေသည်။

ယွန်ဖေးဟုန်မှာ ဒေါသကိုမထိန်းနိုင်တော့ချေ။

"ကျင်းယို့စီး... မင်းသာ ယုတ်မာတာ... ငါ့ကို ချောက်ထဲတွန်းချတုန်း... ငါ ရှောင်လိုက်လို့ မင်းအရှိန်လွန်ပြီး ပြုတ်ကျသွားတာမဟုတ်လား..."

ကျင်းယို့စီးက ရယ်မောကာ...

"ဟား... ဟား... ဟား... မင်း အစုမှကယောင်ကတမ်းလျှောက်ပြောမနေပါနဲ့... လိမ်ရင်လည်း ယုတ္တိရှိအောင်လိမ်ရတယ်ကွ"

ယွန်ဖေးဟုန်သည် ဒေါသထွက်သွားကာ...

"မင်း... မင်း သေပေတော့..."

ယွန်ဖေးဟုန်က ကျင်းယို့စီးကို စွန်အုပ်တိုက်ခိုက်လိုက်လေသည်။

ယွန်ဖေးဟုန် တိုက်ခိုက်လာသည်နှင့် လက်နက်ကိုယ်စီကိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ထားကြသော အလုပ်သမားများက ချက်ချင်း ဝိုင်းအုံကာ ပြန်လည်တိုက်ခိုက်လိုက်ကြသည်။

ယွန်ဖေးဟုန်မှာ ဒေါသအမျက်ကြီးစွာထွက်နေသဖြင့် ကျင်းယို့စီးကို သတ်ပစ်လိုသည်။

ထို့ကြောင့်…

အသက်ကို ပဓာနမထားဘဲ ပြင်းထန်စွာ တိုက်ခိုက်လေရာ…

"အား… "

"အွန့်… "

"အမယ်လေး… "

အလုပ်သမားများ စူးရှစွာအော်ဟစ်လိုက်ကြပြီး အချို့မှာ ဒဏ်ရာရကာ အဝေးသို့လွင့်စဉ်သွားကြလေသည်။

ယွန်ဖေးဟုန်က ပြင်းထန်စွာ တိုက်ခိုက်သည်ကိုတွေ့ရလျှင် ယွဲ့အော့မေက ဒေါသထွက်ကာ…

"အစ်ကိုယွန်… ရှင် လွန်ပြီ… "

ပြောရင်း ဓားဆွဲကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာသည်။

"ရှမ်း… "

"ရှမ်း… "

"ရှမ်း… "

ယွဲ့အော့မေ၏ဓားသည် ဝင်းခနဲ ဝင်းခနဲ ပြိုးပြက်သွားသည်။



"အား… "

ဓားချက်တစ်ချက်သည် ယွန်ဖေးဟုန်၏လက်မောင်းကို ရှပ်ထိသွားသည်။

ကျင်းယို့စီးမှာမူ ခပ်လှမ်းလှမ်းသို့ဆုတ်သွား၏။

ယွဲ့အော့မေ ခုန်ဝင်လာပြီး သူ့ကိုဓားဖြင့်တိုက်ခိုက်လာသဖြင့် ယွန်ဖေးဟုန် တိုက်ခိုက်မှုကို ရပ်တန့်လိုက်သည်။ နောက်ဆုတ်လိုက်ရသည်။

ယွဲ့အော့မေကို စိုက်ကြည့်ကာ ထပ်မံရှင်းပြသည်။

"ဒီမှာ ညီမ… သူသာ လူယုတ်မာ… သူ ကျုပ်ကိုချောက်ထဲတွန်းချဖို့ ကြိစည်ရင်း အရှိန်လွန်ပြီး… သူ ပြုတ်ကျသွားတာ… ကျုပ်က သူသေပြီထင်လို့ ဂုဏ်သိက္ခာမကျရအောင် လိမ်ညာပြောခဲ့တာ… ကျုပ်ကို တလွဲမထင်ပါနဲ့… "

ယွဲ့အော့မေသည် တွေဝေသွား၏။

ထိုစဉ် ကျင်းယို့စီးက…

"ညီမ… သူ့ကိုမယုံနဲ့… ကျုပ် ကံကောင်းလို့ မသေတာ… ကျုပ် သူ့ကိုသတ်ဖို့ ကြိုးစားရင် သူမပြောဘဲနေမလား… ဆရာကြီးသိအောင် ပြောမှာပေါ့… ဒီလိုဆိုရင် သူ့အကြံပိုပြီးအောင်မြင်နိုင်မယ် မဟုတ်လား… "

ယွဲ့အော့မေမှာ ကျင်းယို့စီး၏စကားသာ အမှန်ဖြစ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



လက်ခံယုံကြည်သွားလေသည်။ အခြေအနေကလည်း ကျောင်းယို့စီး၏ စကားက မှန်သလိုဖြစ်နေသည်။

ယွဲ့အော့မေက ယွန်ဖေးဟုန်ကို မုန်းတီးစက်ဆုပ်စွာကြည့်ရင်း...

"ရှင်တော်တော်အကြံပက်စက်ပါလား... "

ယွန်ဖေးဟုန်က လက်ကာပြလိုက်သည်။

"ညီမ မှားမယ်... သူသာ လူယုတ်မာ... "

"စကားမရှည်နဲ့... ရှင် သေဖို့သာပြင်ထား... "

ထိုစဉ်မှာပင်...

ဩဇာညောင်းသောအသံတစ်ခု ထွက်ပေါ်လာလေသည်။

"အားလုံး ရပ်လိုက်ကြစမ်း... "

ထိုအသံကြားရလျှင် ယွန်ဖေးဟုန်၏တိုက်ခိုက်မှုမှာ အလိုအလျောက်ရပ်တန့်သွား၏။

ကျောင်းယို့စီးမှာလည်း သက်သာရာရသွားသဖြင့် အခွင့်ကောင်းယူကာ နောက်ဆုတ်လိုက်သည်။

ယွန်ဖေးဟုန် လှည့်ကြည့်လိုက်လျှင် ခြံဝမှာ လူတစ်ယောက် လှမ်းဝင်လာနေသည်ကို တွေ့ရ၏။

ထိုလူမှာ သိုင်းဆရာကြီးယွဲ့ကျဲမုပင် ဖြစ်လေ၏။

ယွဲ့ကျဲမုကိုတွေ့လျှင် ယွန်ဖေးဟုန်က...



"ဆရာ... "

ယွဲ့ကျဲမုက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက ငါ့ကိုဆရာလို့ အသိအမှတ်ပြုသေးတယ်ဟုတ်လား"

ယွဲ့အော့မေသာမက ယွဲ့ကျဲမုကလည်း အထင်လွဲမှားနေကြောင်း ယွန်ဖေးဟုန်က ရိပ်မိသည်။

ထို့ကြောင့်...

ရှင်းပြရန် ကြိုးစားလိုက်၏။

"ဆရာ... ကျွန်တော် ရှင်းပြပါရစေဦး... "

ယွဲ့ကျဲမုက ဦးခေါင်းခါယမ်းကာ...

"မလိုဘူး... ကျုပ် အကုန်သိပြီးပြီ... မင်းမှာ အပြစ်ရှိတယ်... မင်း အပြစ်ဒဏ် မင်းခံရမယ်... "

ပြောပြီးသည်နှင့် အလုပ်သမားများဘက်သို့လှည့်ကာ...

"ဟေ့... သူ့ကိုမြေတိုက်ခန်းထဲမှာ ချုပ်ထားလိုက်ကြစမ်း..."

အလုပ်သမားများမှာ ယွဲ့ကျဲမု၏အမိန့်ကိုမလွန်ဆန်ဝံ့ကြသော်လည်း ယွန်ဖေးဟုန်အနီးသို့ ရုတ်တရက်မသွားဝံ့ကြချေ။ သူသည် ယခုပင် အပြင်းအထန်တိုက်ခိုက်ခဲ့သေးသည် မဟုတ်ပါလော။

သို့သော်...

တစ်ယောက်နှစ်ယောက်က အရဲစွန့်တိုးသွားကြ၏။

ယွန်ဖေးဟုန်က လှုပ်ရှားတိုက်ခိုက်ခြင်း မပြုပါ။

www.burmeseclassic.com



ယွန်ဖေးဟုန်သည် ခေါင်းငိုက်စိုက်ချကာ အဖမ်းခံလိုက်သည်။

တစ်ခဏအကြာတွင် အလုပ်သမားများက ယွန်ဖေးဟုန်ကို မြေတိုက်ခန်းသို့ ခေါ်သွားကြလေတော့သည်။

❀ ❀ ❀

## အခန်း [ ၃၁ ]

## လွတ်မြောက်သွားခြင်း

နေဝန်းနီမှာ အနောက်ဘက်သို့ ငုပ်လျှိုးသွားပြီဖြစ်ပါသည်။

နေရောင်ခြည်များ ကွယ်ပျောက်သွားပြီး အမှောင်ထုက အစားထိုးဝင်ရောက်လာသည်။

တစ်နေ့တာကုန်ဆုံးပြီဖြစ်၍ တစ်ညတာ အနားယူရန် လူတိုင်း လိုလိုဟန်ပြင်နေကြပြီ ဖြစ်ပါသည်။

သို့သော်...

ယွဲ့အောင့်မေမှာမူ အိပ်စက်လိုစိတ်မရှိသေးပါ။

အိပ်ရာသို့ဝင်လျှင်လည်း အိပ်ပျော်နိုင်မည် မဟုတ်ချေ။

ယနေ့ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များသည် စိတ်ညစ်ညူး ဖွယ်ကောင်းလေသည်။

ကျင်းယိုစီးနှင့် ယွန်ဖေးဟုန်တို့နှစ်ယောက်စလုံးသည်ပေါ် သူမ

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ရှိနေသည်။

မည်သူ့အပေါ် မေတ္တာပိုသည်ကို ရှင်းရှင်းလင်းလင်းသိနိုင်ရန် အချိန်ဆွဲကာ ဆန်းစစ်နေခြင်းဖြစ်သည်။

သူမ၏အချိန်ဆွဲမှုကြောင့် မလိုလားအပ်သောကိစ္စများ ဖြစ်ပေါ်လာချေပြီ။

ယွန်ဖေးဟုန်မှာ သူမအား ရယူလို၍ ကျင်းယို့စီးကိုသတ်ပစ်ရန် ကြိုးစားခဲ့သည် မဟုတ်ပါလား။

ယွဲ့အော့မေမှာ ယွန်ဖေးဟုန်၏မျက်နှာကို မြင်ယောင်လာသည်။

သူမ၏ဖခင်သည် မနက်ဆိုလျှင် ယွန်ဖေးဟုန်အား မြို့တော်ဝန်လက်ထဲအပ်လိုက်မည်ဟု ဆုံးဖြတ်ထားသည်။

သူမသည် ယွန်ဖေးဟုန်အား ကရုဏာသက်လာသည်။

သူမ၏စေးချက်ကြောင့် ယွန်ဖေးဟုန်သည် ဒုက္ခရောက်ရသွားခဲ့သည်။

နံနက်မိုးလင်း၍ မြို့တော်ဝန်ဆီပို့လျှင် အပြစ်ဒဏ်ခံရဦးမည် မဟုတ်ပါလော။

ယွဲ့အော့မေသည် အတန်ကြာစဉ်းစားနေပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချလိုက်လေသည်။

ထို့နောက်...



အခန်းတွင်းမှ ချက်ချင်းပင် ထွက်လာခဲ့သည်။

သူမသည် မြေတိုက်ခန်းဆီသို့ ဦးတည်သွားသည်။

မြေတိုက်ခန်း၌ မီးရောင်မှိန်မှိန်သာ ရှိ၏။

ညဥ့်နက်ပြီဖြစ်၍ မြေတိုက်ခန်းရှေ့တွင် အစောင့်နှစ်ယောက် ငိုက်မျဉ်းနေကြလေသည်။

ယွဲ့အော့မေက အစောင့်များအနီးသို့ တိတ်တဆိတ်ချဉ်းကပ်သွားပြီး သွေးကြောများပိတ်ထားလိုက်လေသည်။

အစောင့်များမှာ ယွဲ့အော့မေ၏လုပ်ရပ်ကို သိမည်မဟုတ်ပါ။

နှစ်ခြိုက်စွာဆက်၍ အိပ်ပျော်နေလေ၏။

ယွဲ့အော့မေက အစောင့်ထံမှ သော့တွဲအား ထုတ်ယူလိုက်ပြီး မြေတိုက်ခန်းတံခါးအား ဖွင့်လိုက်သည်။

ထို့နောက်...

မြေတိုက်ခန်းအတွင်းသို့ လှမ်းဝင်လိုက်လေသည်။

မြေတိုက်ခန်းအတွင်း၌ သံတိုင်များဖြင့် ကာရံထားသော အခန်းငယ်တစ်ခု ရှိသည်။

ထိုအခန်းငယ်တွင် ယွန်ဖေးဟုန် အိပ်စက်ခြင်းမရှိသေးပါ။

အခန်းထောင့်တစ်နေရာတွင် ထိုင်ရင်း သံတိုင်များကို အမိုးပယ်မဲ့စွာ စိုက်ကြည့်နေလေသည်။

ယွဲ့အော့မေ ဝင်လာသည်ကို တွေ့ရမှ အံ့သြသွားဟန်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ငေါက်ခနဲ ထလာလေသည်။

ယွဲ့အောမေကို တွေ့လျှင်တွေ့ချင်း...

"ညီမ... ဘာလာလုပ်..."

ယွန်ဖေးဟုန်၏စကား မဆုံးမီ ယွဲ့အောမေက တိတ်တိတ်နေရန် လက်ဟန်ခြေဟန်ပြလိုက်သည်။

ထို့နောက်...

အခန်းတံခါးဖွင့်ပေးလိုက်လေသည်။

ယွန်ဖေးဟုန်မှာ မင်တက်မိနေပြီး အခန်းတွင်းမှ ထွက်မလာချေ။

ယွဲ့အောမေက အားမလိုအားမရဖြစ်သွားကာ...

"အစ်ကိုယွန်... ရှင် ဘာငေးနေတာလဲ... ဒီက မြန်မြန်ပြေးတော့..."

ယွန်ဖေးဟုန်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မပြေးဘူး..."

ယွဲ့အောမေသည် ကြောင်အမ်းအမ်းဖြစ်သွားကာ...

"ဘာဖြစ်လို့လဲ..."

"ကျုပ် ထွက်ပြေးရင် ကျင်းယွီစီးကို ကျုပ်သတ်မိကြံစည်တယ်ဆိုတာ အမှန်ပဲလို့ ဆရာ ထင်သွားလိမ့်မယ်..."

"ရှင်... အစ်ကိုကျင်းတို့ သတ်ဖို့ကြံစည်တယ် မကြံစည်ဘူး



တာ ခဏအေးဖယ်ထား... အခုလောလောဆယ် ရှင် ဒီကအမြန်ထွက်ပြေးပါ..."

"ကျုပ် ထွက်ပြေးရင်..."

ယွဲ့အောမေက လက်ကာပြလိုက်ပြီး...

"ဖေဖေ့ကို နောက်မှရှင်းပြပါ... အခု သူစိတ်ဆိုးနေတော့ ရှင် ရှင်းပြတဲ့စကားကို နားထောင်မှာမဟုတ်ဘူး... ရှင့်ကို မနက်ကျရင် မြို့တော်ဝန်ဆီ ပို့လိမ့်မယ်... မြို့တော်ဝန်က သေဒဏ်စီရင်မှာပဲ... ရှင့်အတွက် အချိန်သိပ်မရှိတော့ဘူး..."

ထိုစကားကြားရလျှင် ယွန်ဖေးဟုန်သည် ...သန့်သွားလေသည်။

သူ့အား မြို့တော်ဝန်ထံ ပို့လိုက်လျှင် ရှင်းပြခွင့်ရတော့မည် မဟုတ်ချေ။

ယွန်ဖေးဟုန်သည် ငိုင်ကျသွား၏။

ယွဲ့အောမေက စိုးရိမ်မကင်းသောအသံဖြင့်...

"ရှင် ဒီကနေ မြန်မြန်ထွက်သွားပါ... တော်ကြာ ဖေဖေ သိသွားရင် ကျွန်မကိုပါ သတ်ပစ်လိမ့်မယ်..."

မှန်ပါ၏။

ယွဲ့ကျုံမှာ ဒေါသကြီးသူတစ်ယောက်ဖြစ်၏။

ယွန်ဖေးဟုန်အား ယွဲ့အောမေ လွှတ်ပေးလိုက်သည်ကို သိ

www.burmeseclassic.com

www.burmeseclassic.com



သွားလျှင် နှစ်ယောက်စလုံး အသတ်ခံရပေလိမ့်မည်။

ယွန်ဖေးဟုန်မှာ ယွဲ့အော့မေက သူ၏အသက်ကယ်တင်လာသည့်အတွက် ကျေးဇူးတင်၍ မဆုံးအောင်ဖြစ်သွားသည်။

ယွဲ့အော့မေ၏ အလိုအတိုင်း ထွက်ပြေးရန် ဆုံးဖြတ်လိုက်လေသည်။

ယွန်ဖေးဟုန် အခန်းတွင်းမှ လှမ်း၍ထွက်လာသည်ကိုတွေ့ရလျှင် ယွဲ့အော့မေ၏မျက်နှာ ပြုံးရွှင်သွားပြီး...

ယွန်ဖေးဟုန်ကို စေ့စေ့ကြည့်ရင်း...

"ရှင်မသွားခင် ကျွန်မ တစ်ခုမှာလိုက်ချင်တယ်... "

ယွန်ဖေးဟုန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ပြောပါ ညီမ... "

"ရှင် ဒီကထွက်သွားပြီးတဲ့နောက် ဘယ်တော့မှ ဒီနယ်မြေကို ပြန်မလာပါနဲ့... ကျွန်မတို့နဲ့ ဝေးအောင်ရှောင်နေပါရှင်... "

ထိုစကားကြားရလျှင် ယွန်ဖေးဟုန်၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

ဤနေရာမှထွက်သွားလျှင် မည်သည့်အခါမှ ပြန်လည်ခြေချ ရတော့မည် မဟုတ်ပါ။

ဆရာဖြစ်သူ ယွဲ့ကျဲမှုကို မည်သည့်အခါမှ ရှင်းပြနိုင်တော့မည် မဟုတ်ပါ။



ယွန်ဖေးဟုန်၏ရင်ထဲ၌ ဝမ်းနည်းကြေကွဲသည့်ခံစားချက်များ ဖြစ်ပေါ်လာသည်။

မည်သို့ဆိုစေ...

အသက်သခင်ကျေးဇူးရှင် ယွဲ့အော့မေ၏စကားကိုနားထောင် ရပေလိမ့်မည်။

ယွန်ဖေးဟုန်က ယွဲ့အော့မေအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး...

"စိတ်ချပါ ညီမ... ညီမရဲ့စကားကို အစ်ကို တသွေမတိမ်း လိုက်နာမယ်လို့ ကတိပြုပါတယ်... "

ပြောပြီးလျှင် အခန်းတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွား၏။

ယွဲ့အော့မေက ယွန်ဖေးဟုန်၏နောက်ကျောကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

သူမ၏ရင်ထဲ ဝေခွဲမရနိုင်ဘဲရှိနေ၏။

နောက်ဆုံး ယွန်ဖေးဟုန်အား သူမ လွှတ်လိုက်ခြင်းက မှန်ကန်သည်ဟု ယူဆပြီး စိတ်ပေါ့ပါးသွားလေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



ယွန်ဖေးဟုန်က လွတ်မြောက်သွားပြီဖြစ်သည်။

ယွန်ဖေးဟုန် လွတ်မြောက်သွားသည့်အတွက် ယွဲ့ကျဲမုနှင့် ကျင်းယို့စီးတို့ ဒေါသချောင်းချောင်းထွက်နေကြ၏။

ယွဲ့ကျဲမုက တပည့်များစေလွှတ်ကာ လိုက်လံရှာဖွေခိုင်းသည်။

သူကိုယ်တိုင် မြို့တော်ဝန်နှင့်သွားတွေ့ကာ ယွန်ဖေးဟုန်အား ဖမ်းဆီးပေးရန် အကူအညီတောင်းသည်။

မြို့တော်ဝန်မှာ ယွဲ့ကျဲမုနှင့် အလွန်ရင်းနှီးသူ ဖြစ်၏။

ထို့ကြောင့်...

ယွန်ဖေးဟုန်အား ဖမ်းဆီးပေးမည်ဟု ကတိပြုကာ စစ်သားများစေလွှတ်၍ လိုက်လံရှာဖွေပေးသည်။

ဆုငွေထုတ်ကာ အလိုရှိကြောင်း ကြော်ငြာများ ဖြန့်ဝေသည်။

ယွဲ့ကျဲမုနှင့် ကျင်းယို့စီး၏လုပ်ရပ်များကြောင့် ယွဲ့အောမေမှာ ရတက်မအေးနိုင်ရှာပေ။

ယွန်ဖေးဟုန် လွတ်မြောက်ပါစေဟုသာ ကျိတ်၍ဆုတောင်းနေရ၏။

နောက်ဆုံးတွင် ယွန်ဖေးဟုန်တစ်ယောက် နယ်ခြားသို့ ထွက်ပြောက်မ်းရှောင်သွားပြီမှာ သတင်းများကြားရ၏။

ယွဲ့ကျဲမုနှင့် ကျင်းယို့စီးတို့လည်း လက်လှမ်းမမီသောနေရာတွင် ရောက်နေသဖြင့် လက်လျှော့လိုက်ကြရတော့သည်။



ယွန်ဖေးဟုန်သည် နယ်ခြားသို့ရောက်ရှိသွားပြီး နှစ်နှစ်ခန့် အကြာတွင် ယွဲ့ကျဲမုမှာ မကျန်းမမာဖြစ်ကာ ရောဂါဝေဒနာခံစားရပြီး သေဆုံးသွားခဲ့လေတော့သည်။

ယွဲ့အောမေမှာ လူ့လောကအလယ်တွင် ခိုကိုးရာမဲ့ ကျန်ရစ်ခဲ့၏။

ယွဲ့ကျဲမုက အသက်မသေမီ သူတတ်မြောက်ထားသော သိုင်းပညာများအား ကျင်းယို့စီးကို သင်ကြားပေးခဲ့သည်။

အကယ်၍ သူကွယ်လွန်သွားခဲ့လျှင် ယွဲ့အောမေကို တစ်သက်လုံးစောင့်ရှောက်သွားရန် မှာကြားခဲ့သည်။

ယွဲ့ကျဲမု၏ယုံကြည်စိတ်ချမှုခံရသဖြင့် ကျင်းယို့စီးမှာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်လာသည်။

ယွဲ့ကျဲမု၏ခြေရာကို ဆက်ခံလာနိုင်ခဲ့၏။

ယွဲ့အောမေမှာ ကျင်းယို့စီးကိုသာ အားကိုး၍ အတူနေထိုင်ခဲ့ရာမှ နီးစပ်မှုကြောင့် တစ်ယောက်နှင့်တစ်ယောက် မေတ္တာမျှခဲ့ကြလေသည်။

ယွဲ့ကျဲမု ကွယ်လွန်သွားပြီးနောက် ကျင်းယို့စီးနှင့် ယွဲ့အောမေတို့ လက်ထပ်လိုက်ကြသည်။

ကျင်းယို့စီးနှင့် ယွဲ့အောမေတို့ လက်ထပ်လိုက်သည့်သတင်း ထွက်ပေါ်လာပြီး မကြာမီ နယ်ခြားတွင်ဓားပြတစ်ယောက် သောင်း

www.burmeseclassic.com

www.burmeseclassic.com



ကျန်းနေသည့်သတင်း ထွက်ပေါ်လာ၏။

ထိုဓားပြမှာ ယွန်ဖေးဟုန်ဖြစ်သည်။

ယွန်ဖေးဟုန်သည် ယွဲ့အော့မေနှင့် သူ၏ရိုးသားသောဘဝကို စွန့်လွှတ်လိုက်ရပြီဖြစ်၍ နယ်ခြားတွင် ဆူပူသောင်းကျန်းခဲ့သည်။

စိတ်ထင်ရာလျှောက်လုပ်ခဲ့သည်။

ယွန်ဖေးဟုန်၏လူသတ်ဓားပြတိုက်မှုများကြောင့် ရက်စက်ကြမ်းကြုတ်သည့်ဓားပြဘဝသို့ တစ်စထက်တစ်စ ရောက်မှန်းမသိရောက်သွား၏။

ယွန်ဖေးဟုန်၏စိတ်ထဲ၌လည်း အမုန်တရားများ ကွယ်ပျောက်ကာ အမုန်းတရားနှင့် အာဃာတတရားများကြီးစိုးလာသည်။

တစ်ချိန်တည်းမှာပင် ကျင်းယို့စီးအား လက်စားချေရန် နည်းလမ်းများရှာဖွေလျက်ရှိပေသည်။

မကြာမီ...

ယွန်ဖေးဟုန်အတွက် ကံဇာတ်ဆရာအလှည့်ပေးလာသည်ဟု ဆိုရပေမည်။

မန်ချူးများ လက်နက်လူသူစုဆောင်းကာ တရုတ်ပြည်မသို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်သိမ်းလိုက်ကြ၏။ နယ်မြေအချို့အဝက် မန်ချူးတို့ သိမ်းယူနိုင်သည်။

မန်ချူးများ၏လက်နက်အင်အား သာလွန်မှုနှင့် မြင်းသည်တော်များ၊ လေးသည်တော်များ၏စွမ်းရည်ကြောင့် တိုက်ပွဲများ အောင်ပွဲအလီလီဆင်နွှဲနိုင်ခဲ့လေသည်။



ယွန်ဖေးဟုန်မှာ ပါးနပ်လိမ္မာသူတစ်ယောက် ဖြစ်နေချေပြီ။

ကျင်းယို့စီးအား လက်စားချေရန်ဟူသော ရည်ရွယ်ချက်တစ်ခုတည်းဖြင့် မန်ချူးများကိုသစ္စာခံကာ အမျိုးကိုသစ္စာဖောက်၏။ သူသည် တိုင်းပြည်ကို ချစ်ရမည်ဟူသောအမြင်ကို မမြင်၊ ကျင်းယို့စီးအား သတ်ရန် အမြင်ကိုသာမြင်ခဲ့သည်။

မန်ချူးများ တန်ခိုးအာဏာမြင့်တက်လာသည်နှင့်အမျှ ယွန်ဖေးဟုန်၏ ဩဇာအရှိန်အဝါလည်း အလွန်ကြီးမားလာသည်။

သူသည် ကျင်းယို့စီးနှင့် ယွဲ့အော့မေတို့၏သတင်းကို မျက်ခြည်မပြတ် နားစွင့်နေသည်။

ကျင်းယို့စီးနှင့် ယွဲ့အော့မေတွင် သမီးတစ်ယောက်ထွန်းကားခဲ့ကြောင်း သိခဲ့ရ၏။

ကျင်းယို့စီးကို ရှာဖွေကာ သုတ်သင်နိုင်ပြီဖြစ်သော်လည်း အသက်သခင်ကျေးဇူးရှင် ယွဲ့အော့မေ၏မျက်နှာကို ထောက်ထားကာ လက်ပိုက်ကြည့်နေခဲ့သည်။

ဤသို့ဖြင့် နှစ်လများကုန်ဆုံးသွားပြီးနောက် ယွဲ့အော့မေ သေဆုံးသွားသည့်သတင်း ကြားရ၏။

ယွဲ့အော့မေ ကွယ်လွန်သွားကြောင်းသိရလျှင် ယွန်ဖေးဟုန်

www.burmeseclassic.com



မှာ ရင်ကွဲမတတ် ခံစားရသည်။

ထိုအချိန်တွင် သူသည် နယ်ခြားဒေသ ကလေးငယ်တစ်ယောက်ကို ကောက်ယူမွေးစားထားခဲ့ပြီး ဖြစ်လေတော့သည်။

ထိုကလေးမှာ ယွန်ရှောင်မွန်း ဖြစ်ပါ၏။

ယွန်ဖေးဟုန်သည် ယွဲ့အော့မေ မရှိတော့ပြီဖြစ်၍ ကျင်းယို့စီးကို လက်စားချေရန် အခွင့်များ ဖြစ်ပေါ်လာသည်။

နယ်ခြားမှနေ၍ ကျင်းယို့စီးရှိရာသို့ လာခဲ့၏။

ကျင်းယို့စီး နေထိုင်သောမြို့မှ မန်ချူးမြို့တော်ဝန်မှာ ယွန်ဖေးဟုန်နှင့် ခင်မင်ရင်းနှီးသူ ဖြစ်ပေသည်။

မြို့တော်ဝန်က ယွန်ဖေးဟုန်ရောက်လာသောအခါ ကိုယ်ရံတော်တစ်မှူးရာထူး ချက်ချင်းပေးအပ်သည်။

ယွန်ဖေးဟုန်က မန်ချူးမြို့တော်ဝန်၏အကူအညီဖြင့် ကျင်းယို့စီးကို ဖမ်းဆီးကာ သုတ်သင်ပစ်နိုင်ခဲ့သည်။

ကျင်းယို့စီးနှင့် ယွန်ဖေးဟုန်တို့ ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံသောအခါ ကျင်းယို့စီးမှာ အပြောင်းလဲကြီးပြောင်းလဲသွားပြီဖြစ်ကြောင်း တွေ့လိုက်ရလေတော့သည်။

❀ ❀ ❀



မီးရောင်များ ထိန်ထိန်လင်းနေသည်။

ယွန်ဖေးဟုန်သည် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း မမောတမ်းပြောကြားနေလေ၏။

ယွန်ဖေးဟုန်သည် စကားဆုံးသွားသောအခါ မောသွားဟန်ဖြင့် ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေတော့သည်။

အတန်ကြာမှ...

"ဖေဖေက သူ့ကိုလက်စားချေတဲ့အနေနဲ့ မန်ချူးတွေနဲ့ပေါင်းပြီး လုပ်ကြံခဲ့တယ်... ကျင်းအော့လျှံကိုလည်း ကျူပင်ခုတ်ကျူငုတ်မကျန် ရှင်းပစ်ချင်တယ်... "

ယွန်ဖေးဟုန်က ယွန်ရှောင်မွန်းကိုကြည့်ကာ...

"ဖေဖေက ကျွန်တော့်ကိုမွေးစားခဲ့တာဟုတ်လား... "

ယွန်ဖေးဟုန်က သက်ပြင်းချသည်။

ယွန်ရှောင်မွန်းကို ချစ်မြတ်နိုးသောမျက်လုံးများဖြင့်ကြည့်ကာ

"သားကို မွေးစားတယ်ဆိုပေမယ့် သားအရင်းနဲ့မခြား ဖေဖေချစ်မြတ်နိုးတယ်ဆိုတာ သားသိသင့်ပါတယ်... "

ယွန်ရှောင်မွန်းက ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် နားလည်ပါတယ် ဖေဖေ... ဒါပေမယ့် ကျွန်တော့်မိဘ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ပြောပြပါလားဟင်... "

ယွန်ဖေးဟုန်က အခက်ကြုံသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့နယ်ခြားကျေးရွာတစ်ရွာကို မန်ချူးစစ်သားတွေ ဝင်ပြီး တိုက်ခိုက်ဖျက်ဆီးကြတယ်… အဲဒီအချိန်မှာ သားရဲ့မိဘတွေအသတ်ခံလိုက်ရတာပဲ… သားဟာ လသားအရွယ်ပဲရှိသေးတယ်… သားကိုပါ သတ်မယ်လုပ်နေလို့ ဖေဖေက ဟန့်တားပြီး မွေးစားခဲ့ရတာ… "

ယွန်ရှောင်မွန်း၏မျက်နှာ ညှိုးငယ်သွားသည်။

သူ၏မိခင် ဖခင်အစစ်အမှန်ကိုတွေ့ရန် လမ်းစမရှိတော့ပြီ မဟုတ်ပါလား။

သူ၏ရင်ထဲ၌လည်း ယွန်ဖေးဟုန်သာ ဖခင်အဖြစ် စွဲမြဲစွာ မှတ်သားနေမိလေသည်။

ယွန်ရှောင်မွန်းက ယွန်ဖေးဟုန်ကို အကဲခတ်ကြည့်ပြီး…

"ဖေဖေ… ကျင့်ယို့စီးကို သတ်ပစ်လိုက်တယ်ဟုတ်လား… "

"ဟုတ်တယ်… သူဟာ သေသင့်တဲ့လူတစ်ယောက်ပါ… "

ယွန်ရှောင်မွန်းက ခေါင်းညိတ်လိုက်သည်။

"ကျင်းယို့စီးကို သတ်ပစ်လိုက်တဲ့အတွက် ဘာမှမပြောလိုပါဘူး… ဒါပေမယ့် ကျင်းယို့စီးရဲ့သမီးကို သတ်ပစ်မယ်ဆိုတာတော့ တရားနည်းလမ်းမကျဘူးလို့ ကျွန်တော် ထင်တယ်… "

ယွန်ဖေးဟုန်က မျက်မှောင်ကြုတ်သွားသည်။

ယွန်ရှောင်မွန်း၏စကားကို အံ့သြသွားပုံရသည်။

ယွန်ရှောင်မွန်းကို နားမလည်နိုင်စွာကြည့်ရင်း…



"ဘာဖြစ်လို့လဲ သားရဲ့… "

"ဖေဖေနဲ့ ရန်ငြိုးရှိခဲ့တာဟာ ကျင်းယို့စီး မဟုတ်လား… ကျင်းယို့စီးကို လက်စားချေရင် ဖေဖေတို့ ကိစ္စပြီးပြီပဲ… သားသမီးတွေနဲ့ ပတ်သက်စရာမလိုဘူးထင်ပါတယ်… သူတို့မှာ အပြစ်မရှိပါဘူး ဖေဖေ… တတ်နိုင်ရင် ကျွန်တော်ကတော့ တရားသဖြင့်ပဲ ဖြစ်စေချင်ပါတယ်…"

ယွန်ဖေးဟုန်က ပြုံးလိုက်သည်။

"သားပြောတာ ဟုတ်ပါတယ်… ဒါပေမယ့် ကျင်းအော့လျှံကို ရမှ ဖေဖေ့ဆရာ ယွဲ့ကျဲမုရဲ့သွေးသောက်ဓားကိုရမှာလေ… ကျင်းအော့လျှံကို သတ်ဖို့ကအဓိကမဟုတ်ဘူး… သွေးသောက်ဓားကိုရဖို့က အဓိကပါ… "

ယွန်ရှောင်မွန်းက ဆက်မေးလိုက်ပြန်သည်။

"ဖေဖေက သွေးသောက်ဓားကိုရရင် ကျင်းအော့လျှံကို လွှတ်လိုက်မှာလား… "

ယွန်ဖေးဟုန်က ခေါင်းခါယမ်းလိုက်ပြီး…

"လွှတ်လို့ဘယ်ဖြစ်မလဲသားရဲ့… ကျင်းအော့လျှံဟာ သူ့အဖေကိုသတ်ခဲ့တဲ့အတွက် ဖေဖေ့ကို လက်စားချေလိမ့်မယ်… "

ယွန်ရှောင်မွန်းက သက်ပြင်းချလိုက်ပြီး…

"ကျင်းအော့လျှံက သိုင်းလောကသားတိုင်းလိုချင်နေကြတဲ့ သွေးသောက်ဓားကို အလွယ်တကူပေးပါ့မလား… "

www.burmeseclassic.com

www.burmeseclassic.com



ယွန်ဖေးဟုန်က ပခုံးတစ်ချက်တွန့်လိုက်ပြီး…

"ပေးရမှာပေါ့… မပေးရင် နည်းမျိုးစုံနဲ့ နှိပ်စက်ညှင်းပန်းမယ်၊ သူက ပေးပြီးရင်လည်း သူ့ကိုရှင်းပစ်ရမယ်… "

ယွန်ရှောင်မွန်းသည် သူ၏ဖခင်အား မည်သို့မှဖျောင်းဖျ၍ မရမှန်းသိသောကြောင့် ပါးစပ်ပိတ်ထားလိုက်သည်။

အတန်ကြာမှ ယွန်ဖေးဟုန်က သတိဝင်လာဟန်ဖြင့်…

"အင်း… ညဥ့်နက်လှပြီ… သား… မင်း အိပ်ချင်ရင် သွားအိပ်တော့လေ… ဖေဖေပြောတဲ့စကားတွေကို မပေါက်ကြားစေနဲ့… "

"ဟုတ်ကဲ့ ဖေဖေ… "

ယွန်ရှောင်မွန်းက ယွန်ဖေးဟုန်ကို နှုတ်ဆက်လိုက်သည်။

ထို့နောက်…

လေးလံသော ခြေလှမ်းများဖြင့် အခန်းတွင်းမှ ထွက်ခွာသွားလေတော့၏။

❀ ❀ ❀

# အခန်း [ ၃၂ ]

## မေတ္တာသက်ဝင်သူ

တရုတ်ဘုန်းတော်ကြီး ဟွေကျုန့်က ဟောင်းနွမ်းပြိုလုလု အဆောက်အအုံတစ်ခုအတွင်းသို့ ဝင်သွား၏။

ယန်ဟင်ဖေးနှင့် ချာယိုမုန်းသည်လည်း နောက်မှလိုက်ဝါသွားကြလေ၏။

အဆောက်အအုံအတွင်းဘက်သို့ရောက်သွားလျှင် လူတစ်စုရှိနေသည်ကို တွေ့ရ၏။

ထိုလူများကို တွေ့ရလျှင် ယန်ဟင်ဖေး မျက်လုံးပြူးကျယ်သွားသည်။

အဆောက်အအုံအတွင်းဘက်၌ လုဝမ်းထင်း၊ လုကျန်းယုံ၊ ကျုန်းပိုဟောက်နှင့် လျူပေချောင်တို့ကို တွေ့မြင်လိုက်ရသည်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါလား။

ယန်ဟင်ဖေးက ချာယို့ဖုန်းနှင့် ပေါ့ကျန့်တို့ကို ကြည့်လိုက်သည်။

ချာယို့ဖုန်းက ပြုံးကာ...

"ခင်ဗျား အံ့သြနေတယ်ဟုတ်လား... "

ယန်ဟင်ဖေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကျုပ်မိတ်ဆွေတွေ အခုလိုတစ်စုတစ်စည်းတည်းရှိနေတာ တစ်ခါမှမတွေ့ခဲ့ဖူးဘူး... "

ယန်ဟင်ဖေးသည် လုဝမ်းထင်း၏ခြေထောက်ကောင်းသွားသည်ကို တွေ့ရသောအခါ အံ့သြသွားသည်။

"မိတ်ဆွေကြီးလုဝမ်းထင်း... ခင်ဗျား ခြေထောက်သက်သာပျောက်ကင်းသွားပြီဟုတ်လား... "

လုဝမ်းထင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... "

"ဘယ်သူကများ ကုသပေးလိုက်တာလဲ... အဲဒီသမားတော်က အင်မတန်တော်တဲ့လူတစ်ယောက်ဖြစ်လိမ့်မယ်... "

လုဝမ်းထင်းက ရယ်မောကာ...

"ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းလေ... "

ထိုစကားကြားရလျှင် ယန်ဟင်ဖေးသည် အံ့သြသွားသည်။



"ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်း ဟုတ်လား... "

လုဝမ်းထင်းက ရယ်မောကာ...

"ဟုတ်ပါတယ်ဗျာ... သူဟာ ကျုပ်တွေ့ဖူးတဲ့သမားတော်တွေထဲမှာ အတော်ဆုံးပါပဲ... "

ထိုစဉ်မှာပင်...

အိမ်ကလေးဆီသို့ လူနှစ်ယောက်လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူနှစ်ယောက်ကိုမြင်လျှင် ယန်ဟင်ဖေးနှင့် ကျန်လူများသည် ပါးစပ်ဟောင်းလောင်းဖြစ်သွားကြလေတော့သည်။

❀ ❀ ❀

အိမ်ကလေးအတွင်းသို့ ထိုလူနှစ်ယောက်လှမ်းဝင်လာသည်။

ထိုလူနှစ်ယောက်မှာ ဓားမှဲ့သိုင်းသမား ကွမ်းဟုန်အင်းနှင့် ယူဖုံထင်းတို့ ဖြစ်ကြသည်။

ဓားမှဲ့သိုင်းသမား ကွမ်းဟုန်အင်းက ခရီးရောက်မဆိုက် ချာယို့ဖုန်းကို ဦးညွှတ်ကာ...

"ကျုပ်တို့အခုလို စည်းစည်းလုံးလုံးဆုံတွေ့ရတာ ဝမ်းသာပါတယ်ဗျာ... ကဲ... ကဲ လူစုံတုန်း ကျုပ်ကြားခဲ့ရတဲ့သတင်းတစ်ခု ပြောပြမယ်ဗျို့ အရေးကြီးတဲ့ သတင်းပဲ... "

www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ သူ၏စကားကိုကြားရ၍ စိတ်ဝင်စားသွားကြသည်။

အားလုံးလိုလို ငြိမ်သက်စွာနားစွင့်နေလိုက်ကြသည်။

ကွမ်းဟုန်အင်းက ချောင်းတစ်ချက်ဟန့်ကာ…

"ဒီနေ့ည မြို့တော်ဝန်အိမ်မှာ အစည်းအဝေးတစ်ခုလုပ်လိမ့်မယ်… ယွန်ပေးဟုန်နဲ့ သိုင်းသမားအချို့ မြို့တော်ဝန် အိမ်ကိုရောက်နေကြမှာပဲ… ဒီတော့ ကျင်းအောလျှံကို ချုပ်ထားတဲ့ အကျဉ်းထောင်မှာ အစောင့်အကြပ် နည်းသွားမှာ ကျိန်းသေတယ်… ကျုပ်တို့က အမှောင်ထုကို အကာအကွယ်ယူပြီး ဝင်တိုက်ရင် ကျင်းအောလျှံကို ကယ်တင်နိုင်လိမ့်မယ်… "

လူအများမှာ ကွမ်းဟုန်အင်း၏စကားကို စိတ်ဝင်စားသွားကြသည်။

လျှိုပေချောင်က ကြားဖြတ်ပြောလိုက်သည်။

"လုံရှည်တင်းစန်း၊ ဝမ်းကြို၊ နှင်းတောင်အသိုးအိုကျူးရဲ့နဲ့ ကျန်းလုံရယ်တို့ ဒီမှာရောက်နေကြတယ်… မကြာခင် ပင့်ကူချုန်းတျေနဲ့ အုပ်ပညာ့စီးကျင့်တို့လည်း ရောက်လာလိမ့်မယ်လို့ကြားတယ်… သူတို့အားလုံးရှိနေရင် ကျင်းအောလျှံကို ကယ်တင်နိုင်ဖို့ မလွယ်လှဘူးဗျ"

ကွမ်းဟုန်အင်းက ခေါင်းညိတ်လိုက်သည်။

"မှတ်တယ်… ဒါပေမယ့် အစည်းအဝေးလုပ်မယ့် ညမှာ



သူတို့အားလုံး မြို့တော်ဝန်အိမ်မှာ ရှိနေကြမှာသေချာတယ်… "

ချာယို့ဖုန်းက ဝင်မေးလိုက်သည်။

"ဒါဖြင့် အကျဉ်းထောင်မှာ ဘယ်သူတာဝန်ကျလဲ… "

"ဝမ်းကြို့ရဲ့ လူသုံးဆယ်လောက် တာဝန်ယူလိမ့်မယ်… "

ချာယို့ဖုန်းက…

"ခင်ဗျားရဲ့ သတင်းကအမှန်ပဲနော်… "

ကွမ်းဟုန်အင်းက ခေါင်းတစ်ချက်ညိတ်ကာ…

"အမှန်ပါပဲ… ကျုပ်အကျဉ်းထောင် အစောင့်တစ်ယောက်ကိုငွေပေးပြီး သတင်းနှိုက်ခဲ့တာပါဗျ… ငွေကလည်း မျက်လောက်တဲ့ ငွေလေးမှာ… "

"ဒီလိုဆိုရင် ဝမ်းသာစရာပဲ… သူတို့လူနည်းနေတာ အခွင့်ကောင်းယူပြီး ကျုပ်တို့ဝင်တိုက်ကြမယ်… ကျင်းအောလျှံကို ကယ်ထုတ်ကြမယ်… "

ချာယို့ဖုန်းနှင့် ဟွေကျန်တို့ စကားမပြောဘဲ ငြိမ်သက်နေကြ၏။

သူတို့သည် ကွမ်းဟုန်အင်းကို ယုံကြည်ထားပြီးဖြစ်သည်။

ကွမ်းဟုန်အင်းကြားသိလာသော သတင်းများအမှန်ဖြစ်လိမ့်မည်ဟုလည်း ယုံကြည်ထားသည်။

ထို့အပြင်…

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုယ်တိုင် ကျင်းအော့လှုံကို ကယ်တင်ရန် စိတ်အား ထက်သန်နေကြသည် မဟုတ်ပါလား။

သူတို့သည် ညမိုးချုပ်သည်နှင့် ကျင်းအော့လှုံကို ကယ်တင်ရန် အစီအစဉ်များ စတင်စီစဉ်တိုင်ပင်နေကြလေတော့သည်။

❀ ❀ ❀

ယွန်ဖေးဟုန်က ငြိမ်သက်စွာထိုင်နေ၏။

သူ၏ရှေ့တွင် ဝမ်းကြို့ရှိနေလေသည်။

ဝမ်းကြို့က ယွန်ဖေးဟုန်ကိုကြည့်ရင်း...

"ကိုယ်ရံတော် တပ်မှူးကြီးစီစဉ်ခိုင်းတဲ့ အတိုင်းအကုန်လုံး လုပ်ပြီးပါပြီ... ကျင်းအော့လှုံအတွက် သိုင်းသမားအတော်များများ ဒီမြို့ကို ရောက်လာတာ ကျုပ်ကိုယ်တိုင်တွေ့ခဲ့ရတယ်ဗျ..."

ထိုစကားကြားရလျှင် ယွန်ဖေးဟုန်မျက်လုံးပြူးကျယ်သွားလေသည်။

"ဘာ... သိုင်းသမားတွေ ရောက်လာပြီ ဟုတ်လား..."

ဝမ်းကြို့၏ မျက်နှာတွင် ထူးခြားသောအရိပ်အယောင်များ ပေါ်ထွက်လာ၏။



ယွန်ဖေးဟုန်ကို အကဲခတ်ကြည့်ကာ...

"ကျုပ်တို့ကတိအတိုင်း မျိုးချစ်သိုင်းသမားတွေကို သုတ်သင် ပေးမယ်... ခင်ဗျားသာ သွေးသောက်စားရအောင် ကြိုးစားပေ တော့..."

သူသည် ပြောပြီးသည်နှင့် အခန်းတွင်းမှ ထွက်ခွာသွားလေ တော့သည်။

ဝမ်းကြို့နှင့် ယွန်ဖေးဟုန်တို့၏ စကားများကို ယွန်ရှောင်မွန်း အစအဆုံးကြားသိခဲ့ပါသည်။

သူက ယွန်ဖေးဟုန်နှင့် ဝင်တွေ့ရန် မကြိုးစားတော့ဘဲ နောက် လှည့်ပြန်ခဲ့၏။ သူ၏ အခန်းသို့ရောက်လျှင် သူကြားခဲ့ရသော စကား များကို အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်မိသည်။

ဝမ်းကြို့တို့လူစုမှာ ရှန်းမြို့သို့ ရောက်နေကြသော မျိုးချစ်သိုင်း သမားများကို ထောင်ချောက်ဆင်ကာသုတ်သင်ကြတော့မည်။

ကျင်းအော့လှုံနှင့် ပတ်သက်သောလူများကိုလည်း လက်ရ ဖမ်းဆီးပေမည်။

ထို့နောက်...

ကျင်းအော့လှုံအား နည်းအမျိုးမျိုးဖြင့် နှိပ်စက်ကာသွေး သောက်စားကို အရယူကြမည်ဖြစ်သည်။

ယွန်ရှောင်မွန်းမှာ ကျင်းအော့လှုံအတွက် စိုးရိမ်သည်။

ကျင်းအော့လှုံကို ကယ်တင်ရန် နည်းလမ်းကိုလည်း သူစဉ်း

www.burmeseclassic.com

www.burmeseclassic.com



စားသည်။

သို့သော်…

အစောင့်အကြပ်ထူထပ်လှသော အကျဉ်းထောင်မှ ကျင်းအောင်လျှံကို ကယ်တင်ရန် သူတတ်နိုင်မည် မဟုတ်ချေ။

ဤသို့ဆိုလျှင် ကျင်းအောင်လျှံ မိတ်ဆွေမျိုးချစ်သိုင်းသမားများထံသို့ သွားကာအကူအညီတောင်းရမည်လော။

ယွန်ရှောင်မွန်းမှာ ကျင်းအောင်လျှံအား တွေ့လိုစိတ် ပြင်းပြလာသည်။

ထို့ကြောင့်…

ဖခင်မသိအောင် အိမ်မှတိတ်တဆိတ် ထွက်လာခဲ့လေတော့သည်။

❀ ❀ ❀

ယွန်ရှောင်မွန်းသည် အကျဉ်းထောင်သို့ အခက်အခဲမရှိဝင်ရောက်နိုင်ခဲ့သည်။

အကျဉ်းထောင်မှ အစောင့်အကြပ်များမှာ ယွန်ဖေးဟုန်၏သားဖြစ်သူအား တံခါးမရှိ စားမရှိဝင်ခွင့်ပြုသည်။ အဘယ်ကြောင့်ဆိုသော် ယွန်ဖေးဟုန်ကို မန်ချူးတို့ အလွန်အရေးပေးထားသည်မဟုတ်ပါလား။



ယွန်ရှောင်မွန်းက အရေးကြီးသော ကိစ္စစစ်ဆေးမည်ဟုအကြောင်းပြကာ အစောင့်များကို ပယ်ထုတ်လိုက်သည်။

အစောင့်များရှင်းသွားလျှင် ကျင်းအောင်လျှံ၏ အခန်းတွင်းသို့ဝင်ခဲ့သည် အခန်းတံခါးပွင့်သွားပြီး ယွန်ရှောင်မွန်းရောက်လာသည်ကိုတွေ့ရလျှင် ကျင်းအောင်လျှံ မျက်လုံးပြူးကျယ်သွား၏။

ယွန်ရှောင်မွန်းကို အံ့ဩစွာကြည့်ရင်း…

"ရှင်… ရှင် ဒီကိုဘယ်လိုလုပ်ပြီး ရောက်လာတာလဲ… ရှင့်ကို သူတို့ဖမ်းလိုက်ကြတာလား…"

ယွန်ရှောင်မွန်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်အဖမ်းခံရတာ မဟုတ်ပါဘူး… ခင်ဗျားကို ကယ်မလို့လာတာပါ…"

ကျင်းအောင်လျှံသည် ယွန်ရှောင်မွန်ကို ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်ကာ…

"ဒီအကျဉ်းထောင်ကို ရှင်ဝင်ခွင့်ထွက်ခွင့်ရတယ်ဆိုတော့… ရှင်ဟာ မန်ချူးတွေနဲ့ ပတ်သက်တဲ့ လူတစ်ယောက်ဖြစ်ရမယ်…"

ယွန်ရှောင်မွန်းက သက်ပြင်းချလိုက်ပြီး…

"ကျုပ်အဖေက မြို့တော်ဝန်ရဲ့ ကိုယ်ရံတော်တပ်မှူးယွန်ဖေးဟုန်ပါ"

ကျင်းအောင်လျှံ၏ မျက်နှာတွင် မုန်းတီးစက်ဆုပ်သော အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့ ရှင်က ကျွန်မကျင်းအောလျှံဆိုတာ ပြော ပြီး ကျွန်မရှိတဲ့နေရာကို ဝမ်းကြီးကို လွှတ်လိုက်တာကိုး... "

ထိုစကားကြားရလျှင် ယွန်ရှောင်မွန်း၏ ခန္ဓာကိုယ်တုန်ခါ သွားလေသည်။

"မဟုတ်ဘူး... ကျုပ်ကိုအထင်မလွဲပါနဲ့... ကျုပ်မဟုတ်ရပါဘူး ဗျား... "

"မလိုချင်ဘူး... ရှင်ကျွန်မကို ထောင်ချောက်ဆင်ဖမ်းခဲ့တာပဲ ဖြစ်မယ်... "

ယွန်ရှောင်မွန်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး... ကျုပ် ခင်ဗျားကို ကယ်မလို့လာတာပါ... ခင်ဗျားကိုဖမ်းဖို့ သတင်းပေးခဲ့တာ မဟုတ်ပါဘူး... "

သူမအား ကယ်တင်မည်ဟု ပြောလိုက်သောကြောင့် ကျင်း အောလျှံသည် ငြိမ်ကျသွားသည်။

ယွန်ရှောင်မွန်းက ဆက်ပြောလိုက်သည်။

"ကျုပ်အမှန်အတိုင်း ပြောတယ်ဆိုတာ ယုံပါဗျာ... ခင်ဗျား အဖမ်းမခံရခင် ဒီမြို့ကထွက်သွားဖို့ ကျုပ်တိုက်တွန်းခဲ့သေးတယ်..."

ကျင်းအောလျှံ ပါးစပ်ပိတ်ထားလိုက်သည်။

ယွန်ရှောင်မွန်းက ဆက်ပြောလိုက်ပြန်သည်။

"ယွန်ဖေးဟုန်ဟာ ကျုပ်အဖေဆိုပေမယ့်... ကျုပ်ကိုမွေးစား



ခဲ့တာဗျ... ကျုပ်မိဘတွေ မန်ချူးလက်ချက်နဲ့ သေဆုံးခဲ့ရပါတယ်... မန်ချူးတွေ ကျူးကျော်အုပ်စိုးနေတာ ကျုပ်လည်းလက်မခံနိုင်ပါဘူး..."

ကျင်းအောလျှံက တွေဝေသွားသည်။

"ရှင်က ယွန်ဖေးဟုန်ရဲ့ မွေးစားသားဟုတ်လား... "

ယွန်ရှောင်မွန်းက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ပါတယ်... "

"ဒါဖြင့် ကျွန်မတို့နဲ့ ယွန်ဖေးဟုန်တို့ပတ်သက်တဲ့ ကိစ္စတွေ ရှင်သိလား... "

ယွန်ရှောင်မွန်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ် ဒါတွေအားလုံးသိပြီးပါပြီဗျာ... "

ကျင်းအောလျှံက အံတင်းတင်းကြိတ်ကာ...

"ကျွန်မ ယွန်ဖေးဟုန်ကို လက်စားချေရမှ ကျေနပ်မယ်.."

ယွန်ရှောင်မွန်းသည် သက်ပြင်းချမိသည်။

ကျင်းအောလျှံက ဆက်မေးလိုက်သည်။

"ရှင် ကျွန်မကို ကယ်တင်မယ်ဆိုတာကော တကယ်ပဲလား"

ယွန်ရှောင်မွန်းက ခေါင်းညိတ်ပြလိုက်ပြီး...

"တကယ်ပါဗျာ... "

"ရှင့်အဖေက အပြစ်ပေးမယ်ဆိုတာ ရှင်မသိဘူးလား... "

ယွန်ရှောင်မွန်းက ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်... ခင်ဗျားကိုလွှတ်ပေးလိုက်တဲ့ အတွက်ကျုပ်သေအောင် အပြစ်ပေးခံရမှာပါ..."

ကျင်းအော့လျှံက ဆက်ပြောလိုက်ပြန်သည်။

"ဒါဖြင့် ရှင်ဘာကြောင့် အသက်စွန့်ပြီး ကျွန်မကို ကယ်ရတာလဲ..."

ယွန်ရှောင်မွန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကျုပ်ခင်ဗျားကို ကယ်တင်ရတာဟာ အကြောင်းနှစ်ခုရှိပါတယ်... အကြောင်းတစ်ခုက ကျုပ်အဖေယွန်ဖေးဟုန်နဲ့ ခင်ဗျားတို့ ရန်ငြိုးတွေပြေပါစေဆိုတဲ့ သဘောပါ..."

ကျင်းအော့လျှံ ရင်ထဲလေးလံလာသည်။

"နောက်ထပ်အကြောင်းတစ်ခုကကော..."

ယွန်ရှောင်မွန်းက တုန်ယင်သောလေသံဖြင့်...

"ကျုပ်... ကျုပ် ခင်ဗျားကို ..."

သူ၏စကားကို ကျင်းအော့လျှံသဘောပေါက်သည်။ သူ့ကို မေတ္တာသက်ဝင်နေပြီဟု ပြောတော့မည်မဟုတ်ပါလား သူကလက်ကာပြလိုက်သည်။

"တော်ပါတော့ရှင်... ယွန်ဖေးဟုန်ကို လက်စားချေရမှ ကျွန်မကျေနပ်မယ်..."

ယွန်ဖေးဟုန်က စိတ်ဓာတ်ကျသွားသည်။



"ခင်ဗျားရဲ့ဆန္ဒကို ကျုပ် မတားလိုပါဘူးဗျာ... ဒါပေမယ့် ခင်ဗျားကို မန်ချူးလက်ထဲမှာ အသတ်မခံရအောင် ကျုပ်ကယ်တင်ပါ့မယ်"

သူသည် စကားဆုံးသည်နှင့် အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃၃ ]

## နှစ်ကြိမ်နှစ်ခါ ထူးခြင်း

အိမ်ပျက်ကြီးမှာ ထီးထီးမားမားရှိနေသည်။

ယွန်ရှောင်မွန်းသည် အိမ်ပျက်ကြီးရှေ့သို့ ရောက်ရှိလာသည်။

သူသည် အိမ်ပျက်ကြီးထဲသို့ လှမ်းကြည့်လိုက်ပြီးသည်နှင့်

"မိတ်ဆွေတို့... ပုန်းမနေကြပါနဲ့... ဒီက မြန်မြန်ပြေးကြပါတော့ကြာ မန်ချူးစစ်သားတွေ ရောက်လာလိမ့်မယ်..."

သူ၏ စကားဆုံးသည်နှင့် ခြေသံတစ်ခုထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထိုလူသည် ယွန်ရှောင်မွန်းကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး။

"မင်းဘယ်သူလဲ... ကျင်းအောလျှံနဲ့ ဘယ်လိုပတ်သက်နေလဲ..."



"ကျွန်တော်က ယွန်ရှောင်မွန်းပါ... ကျင်းအောလျှံ ချောက်ကမ်းပါးပေါ်ကကျလာလို့ အသက်ကယ်ခဲ့ဖူးပါတယ်... အခု သူအဖမ်းခံနေရတာလည်း ကယ်တင်မလို့ပါ ပြီးတော့ သူ့မိတ်ဆွေတွေ ဒုက္ခရောက်မှာကို မကြည့်ရက်လို့ လာပြီးအကြောင်းကြားတာပါ..."

ချာယို့ဖုန်းက ကြားဖြတ်မေးလိုက်သည်။

"နေစမ်းပါဦး... မင်းက ဘာဖြစ်လို့ မန်ချူးတွေနဲ့ ပတ်သက်နေတဲ့ သတင်းတွေ ကြိုသိနေရတာလဲ..."

ယွန်ရှောင်မွန်းက သက်ပြင်းချလိုက်ပြီး...

"ကျွန်တော့်အဖေဟာ... မန်ချူးနောက်လိုက်တစ်ယောက်ဖြစ်နေလို့ပါ... ကဲ... ကျင်းအောလျှံရဲ့ အသက်ကို ကျုပ်ကယ်တင်မယ်... နောက်သုံးရက်မြောက်တဲ့ညမှာ ကျင်းအောလျှံကို အကျဉ်းထောင်က ကယ်ထုတ်လာမယ်... ခင်ဗျားတို့အဆင်သင့် စောင့်နေကြပေါ့..."

ယွန်ရှောင်မွန်းက ပြောပြီးသည်နှင့် ချာခနဲလှည့်ထွက်သွားလေတော့သည်။

❀ ❀ ❀

ယွန်ဖေးဟုန်၏ မျက်နှာပြုံးရွှင်နေ၏။

ကျင်းအောလျှံမှာမူ ယွန်ဖေးဟုန်ကို မုန်းတီးစက်ဆုပ်စွာ

www.burmeseclassic.com



ကြည့်နေသည်။

ယွန်ဖေးဟုန်သည် ကျင်းအော့လျှံအား အချုပ်ထောင်တွင် လာရောက်တွေ့ဆုံခြင်းဖြစ်သည်။

ယွန်ဖေးဟုန်ကိုတွေ့ရသည်နှင့် ကျင်းအော့လျှံသည် ဒေါသ အမျက်ခြောင်းခြောင်း ထွက်လာကာ တိုက်ခိုက်ရန်ကြိုးစားသည်။

သို့သော်...

သူမ၏ ခြေလက်တွင် သံခြေကျင်းများ ခတ်ထားသော ကြောင့် လှုပ်ရှား၍မရချေ။

ယွန်ဖေးဟုန်က ကျင်းအော့လျှံအား ခြေဆုံးခေါင်းဆုံး အကဲ ခတ်ကြည့်လိုက်ပြီး...

"အင်း... မင်းဟာ ကျင်းယို့စီးရဲ့သမီး ဗီသပါတယ်... "

ကျင်းအော့လျှံက မဲ့ပြုံးပြုံးကာ...

"ရှင်သတ်ချင် သတ်လိုက်... ရှင့်လို လူယုတ်မာကို ကျွန်မ ဒူးထောက် တောင်းပန်မယ်များ အောက်မေ့သလား... ကျွန်မ သေ သွားလည်း... ကျွန်မရဲ့ဆရာက ရှင့်ကို လက်စားချေမှာပဲ... "

ယွန်းဖေးဟုန်က ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား မင်းဆရာက ကျုပ်ကိုလက်စားချေ မယ် ဟုတ်လား... "

ကျင်းအော့လျှံက ခေါင်းညိတ်ပြလိုက်သည်။



"ဟုတ်တယ်... "

"မင်းမှားနေပြီ... ခင်းဆရာချာယို့ဖုန်းကို ကျုပ်ဖမ်းမိထားလို့ အချုပ်ခန်းထဲတောင်ရောက်နေပြီ... မင်းဆရာသာမကဘူး... ယန် ဟင်ဖေးနဲ့ လျှူပေချောင်လည်း ကျုပ်ဖမ်းမိထားပြီ... မင်းကိုလာ ကယ်ဖို့ကြံစည်နေတဲ့ လူတွေဖမ်းဖို့ ထောင်ချောက်ဆင်ထားပြီးပြီကွ.."

ထိုစကားကြားရလျှင် ကျင်းအော့လျှံသည် ဒေါသခြောင်း ခြောင်းထွက်သွားသည်။

"ရှင်... ရှင်တော်တော် ယုတ်မာပါလား... "

ယွန်ဖေးဟုန်ကမူ ပြုံးပြုံးကာ...

"သွေးသောက်စား ကျုပ်ကိုပေးမယ်ဆိုရင် မင်းနဲ့ မင်းဆရာ ပါလွှတ်ပေးမယ်... "

ကျင်းအော့လျှံက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ကောင်းပြီ... ဆရာ့ကိုလွှတ်လိုက်ပါ သွေးသောက်စား ကျွန် မပေးမယ်... "

ယွန်ဖေးဟုန်က လက်မခံပါချေ။

"သွေးသောက်စား အရင်ပေးမှ ဖြစ်မယ်... "

"ကျွန်မဆီမှာ မှမရှိဘူး... "

ယွန်ဖေးဟုန်က ပြုံးလိုက်ပြီး...

"လွယ်ပါတယ်... ဘယ်မှာရှိသလဲဆိုတာ ကျုပ်ကိုပြောပြ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်သွားယူ... "

ကျင်းအောလွှံက မျက်မှောင်ကုတ်လိုက်ပြီး...

"ဘယ်ဖြစ်မလဲ... ရှင်သွေးသောက်ဓားရပြီးလို့ လွှတ်မပေးရင်ကော... "

"စိတ်ချ ကျုပ်လွှတ်ပေးမယ်... "

"ကျွန်မ မယုံဘူး... "

ယွန်ဖေးဟုန်က ပခုံးတွန့်ကာ...

"မင်းမယုံရင် ကျုပ်မတတ်နိုင်ဘူး... ကျုပ်သွေးသောက်ဓားမရရင် တစ်ယောက်ပြီး တစ်ယောက်သတ်နေရမှာပဲ... "

ကျင်းအောလွှံသည် အခက်ကြုံနေသည်။

သူမခေါင်းမာနေလျှင် ချာယို့ဖုန်းအား ယွန်ဖေးဟုန်က သတ်ပစ်မည်မှာ သေချာနေ၏။

သူမပေးလိုက်လျှင် ယွန်ဖေးဟုန် ကတိပျက်မည်ကို စိုးရိမ်လေသည် ကျင်းအောလွှံမှာ တွေးရခက်နေသည်။

"ကောင်းပြီလေ... သွေးသောက်ဓားသာရရင် ကျွန်မတို့ကို လွှတ်ပေးဖို့မမေ့စေနဲ့... "

ယွန်ဖေးဟုန်က ခေါင်းညိတ်ပြလိုက်ပြီး...

"စိတ်ချပါ... ကဲ ဘယ်မှာလဲ သွေးသောက်ဓား... "

ကျင်းအောလွှံဆက်ပြောလိုက်သည်။



"ကျင်းစံအိမ်ရဲ့ မြေတိုက်ခန်းထဲမှာ သွေးသောက်ဓားရှိတယ်... "

ထိုစကားကြားရလျှင် ယွန်ဖေးဟုန်သည် ဝမ်းသာသွားလေသည်။

သူသည် ကျင်းယို့စီးအား သတ်ပစ်ပြီး နောက်ကျင်းစံအိမ်တစ်ခုလုံးကို မွှေနှောက်ဖျက်ဆီးကာ သွေးသောက်ဓားကို ရှာဖွေခဲ့သည်။

သို့သော်...

လုံးဝမတွေ့ရချေ။

ယွန်ဖေးဟုန်သည် ကျင်းအောလွှံ အနားမှလှည့်ထွက်သွားလေတော့သည်။

အကျဉ်းထောင်တစ်ဝိုက်တွင် မန်ချူးစစ်သားများ စောင့်ကြပ်နေကြ၏။ သူတို့သည် အကျဉ်းထောင်အား ဝင်ရောက်စီးနင်းတိုက်ခိုက်ကြမည့်သူများရန်မှ ကာကွယ်ရန် အကျဉ်းထောင်တစ်ဝိုက်တွင် ယမ်းထုတ်များ မြှုပ်နှံထားသည်။

ယွန်ရှောင်မွန်းမှာ မမျှော်လင့်ဘဲ အခြေအနေပေးလာသောကြောင့် ဝမ်းသာပျော်ရွှင်သွား၏။

အကျဉ်းထောင် အုပ်ချုပ်ရေးတာဝန်ခံ ရာထူးကိုလက်ခံရပြီးဖြစ်၍ အကျဉ်းထောင်အတွင်း လွတ်လပ်စွာလှုပ်ရှားသွားခွင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက သုံးရက်အတွင်း ကျင်းအောင်းလှျံအား ကယ်တင်ရန် အစီအစဉ်များ ရေးဆွဲနေသည်။

❀ ❀ ❀

နေဝန်းနီမှာ အနောက်ဘက်မှ ငုတ်လျှိုးပျောက်ကွယ်သွားလေသည်။

နေရောင်ခြည် ပျောက်ကွယ်သွားပြီး အမှောင်ထုအစားထိုးဝင်ရောက်လာ၏။

ကွမ်းဟုန်အင်းတို့ လူစုမှာ နေဝန်းနီ ကွယ်ပျောက်သွားသည်နှင့် လူစု၍ အကျဉ်းထောင်ရှိရာသို့ ချီတက်လာကြသည်။

သူတို့သည် အမှောင်ထုကို အကာအကွယ်ယူကာ ပုန်းလျှိုးကွယ်လျှိုး ချီတက်လာကြခြင်းဖြစ်သည်။

အကျဉ်းထောင်အနီးသို့ ရောက်လျှင် သစ်ပင်များအပေါ်၌လည်းကောင်း အဆောက်အအုံနံရံများတွင်လည်းကောင်း အသီးသီးပုန်းကွယ်ကာအခြေအနေ စောင့်ကြည့်နေကြ၏။

အတွင်းဘက်မှ ယွန်ရှောင်မွန်းက စတင်လှုပ်ရှားပြီး အချက်ပြမှသာ သူတို့ အကျဉ်းထောင်ကို တိုက်ခိုက်ကြရပေမည်။

ထိုအချိန်တွင် ယွန်ရှောင်မွန်းမှာလည်း အကျဉ်းထောင်အတွင်းဘက်၌ ကျင်းအောင်းလှျံကို ကယ်တင်နိုင်ရန်ကြိုးစားပြင်ဆင်နေသည်။

"ဒေါင်... ဒေါင်... ဒေါင်..."

သံချောင်းခေါက်သံများ ထွက်ပေါ်လာ၏။

အကျဉ်းထောင်အစောင့်များ နေ့ဘက်နှင့် ညဘက်တာဝန်လဲလှယ်ယူကြသည့် အချက်ပေးသံချောင်းခေါက်သံပင်ဖြစ်သည်။

သံချောင်းခေါက်သံထွက်ပေါ်လာလျှင် ယွန်ရှောင်မွန်းသည် သဘောကျ၍ ပြုံးမိသည်။

သူစတင်လှုပ်ရှားရမည့် အချိန်ကျရောက်လာပြီ မဟုတ်ပါလား။ ယွန်ရှောင်မွန်းသည် ခပ်တည်တည်ပင် လက်နှစ်ဖက်နောက်ပစ်ကာ အကျဉ်းထောင်အချုပ်ခန်းများဆီသို့ လျှောက်သွားလေသည်။

လမ်းတွင်တွေ့ရသော အစောင့်အကြပ်များက ယွန်ရှောင်မွန်းကို ဦးညွှတ်အရိုအသေပြုသွားကြသည်။

ယွန်ရှောင်မွန်းသည် ကျင်းအောင်းလှျံ၏အချုပ်ခန်းတံခါးကို ဖွင့်ပေးလိုက်လေသည်။

တံခါးပွင့်သွားလျှင် ယွန်ရှောင်မွန်းက ခြေကျင်းများဖြုတ်ပေးလိုက်၏။ ကျင်းအောင်းလှျံသည် ယွန်ရှောင်မွန်းကို မယုံကြည်နိုင်စွာကြည့်ရင်း...

"ရှင် ကျွန်မကို လာကယ်တယ်နော်..."

www.burmeseclassic.com



ယွန်ရှောင်မွန်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်... "

ကျင်းအော့လျှံက ဆက်ပြောလိုက်သည်။

"ရှင့်အဖေကို ကလဲ့စားချေမှာမကြောက်ဘူးလား... "

"အဲဒါ ခင်ဗျားသဘောပါ... ခင်ဗျားကြိုက်သလို လုပ်နိုင်ပါတယ်... "

"ကျုပ်က ခင်ဗျားကို ကယ်တင်ရှင်တော်ပါပြီ... "

ကျင်းအော့လျှံ၏ ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ယွန်ရှောင်မွန်းသည် သူမအတွက် အစစအရာရာ အနစ်နာခံခဲ့သည် မဟုတ်ပါလား။

ကျင်းအော့လျှံက ယွန်ရှောင်မွန်းကို စိုက်ကြည့်ကာ...

"ရှင့် ကျေးဇူးဘယ်တော့မှ မမေ့ပါဘူးဆိုတာမှတ်ထားပါရှင်"

ပြောပြီးသည်နှင့် ပြေးဝင်လာသော အစောင့်အကြပ်များကို တိုက်ခိုက်လိုက်လေသည်။

"ဝုန်း... ဝုန်း... ဝုန်း... "

အစောင့်အကြပ်များသည် အလဲလဲအပြိုပြိုဖြစ်သွား၏။

ယွန်ရှောင်မွန်းက ကျင်းအော့လျှံ၏ လက်ကိုဆွဲကာ အကျဉ်းထောင်တစ်ဖက်သို့ ပြေးသွားလိုက်သည်။



ယွန်ရှောင်မွန်းက အကျဉ်းထောင်အတွင်း လမ်းများကို သိရှိသည် မဟုတ်ပါလော။

မန်းချူးစစ်သည်တော်များ ညာသံပေးကာ နောက်မှပြေးလိုက်လာကြသည်။ သူတို့သည် အကျဉ်းထောင်အပြင်ဘက်သို့ ရောက်သည်နှင့် ယွန်ရှောင်မွန်းက ခံရံမှ ခလုတ်တစ်ခုကိုနှိပ်လိုက်လေ၏။

"ဂျိမ်း... "

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီးလျှင် အကျဉ်းထောင်တံခါးပေါက်မှ သံမဏိတံခါးကြီး ပိတ်သွားသည်။

မန်းချူးစစ်သည်များမှာ အကျဉ်းထောင်အတွင်း ပိတ်မိသွားကြပြီဖြစ်သည်။

ယွန်ရှောင်မွန်းသည် ကျင်းအော့လျှံအား လမ်းပြခေါ်ဆောင်သွားသည်။

နောက်ဆုံး အကျဉ်းထောင်အနောက်ဘက်သို့ ရောက်ရှိလာလေသည်။

ထိုအခါ ယွန်ရှောင်မွန်းက...

"ကဲ... ခင်ဗျား ဆက်ပြီးပြေးတော့... ရှေ့မှာအစောင့်တွေလည်း မရှိလောက်တော့ပါဘူး... "

ကျင်းအော့လျှံက မျက်မှောင်ကုတ်ကာ...

"ရှင်က ဘယ်သွားမလို့လဲ... "

www.burmeseclassic.com

www.burmeseclassic.com



ယွန်ရှောင်မွန်းက...

"ကျုပ်က ဆက်လိုက်လို့မဖြစ်ဘူး... "

"ရှင် ဒီမှာနေရစ်ခဲ့ရင် သေမှာပေါ့... "

ယွန်ရှောင်မွန်းက ပြုံးကာ...

"ကျုပ့်အတွက်မပူပါနဲ့... အချိန်ရှိတုန်းသွားကြပါဗျာ... "

သူသည် ပြောပြီးသည်နှင့် အတွင်းဘက်သို့ ပြန်လှည့်ပြေးသွားခဲ့လေသည်။

ကျင်းအော့လျှံလည်း ဆက်လက် ပြေးလာခဲ့ရာ မကြာမီ အကျဉ်းထောင် အပြင်ဘက်သို့ ရောက်ရှိသွားလေသည်။

❀ ❀ ❀

# အခန်း [ ၃၄ ]

# သူတောက်သူလှူစွမ်းကောင်း

ကျင်းစံအိမ်...

ကျင်းစံအိမ်မှာ ပျက်စီးယိုယွင်းနေပြီ ဖြစ်သည်။

အိမ်နံရံများပင် ပြိုကျနေပြီး မြက်ပင်ရှည်များ ချုံနွယ်များ ဖုံးလွှမ်းနေ၏။

လူစွန့်ခွာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာပြီဖြစ်၍ ဤနေရာတွင် အိမ်တစ်လုံးရှိခဲ့သည်ကို သိသူပင်နည်းပါးလှသည်။

ယနေ့...

ထိုအိမ်ရှေ့သို့ လူငါးယောက်ရောက်ရှိလာသည်။

ထိုလူများမှာ မြင်းကိုယ်စီဖြင့် ချုံနွယ်များအကြား တိုးဝှေ့ရင်း အိမ်ကလေးဆီသို့ တရွေ့ရွေ့လာနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးမြင်းပေါ်တွင် ယွန်ဖေးဟုန်လိုက်ပါလာပြီး ကျန်လေးယောက်မှာ သူ့အားထားရသော ကိုယ်ရံတော်များဖြစ်ကြသည်။

သူတို့သည် အိမ်ကလေးအနီးသို့ ရောက်လျှင် မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြသည်။

ယွန်ဖေးဟုန်သည် ကျင်းစံအိမ်၏ အိမ်ထဲသို့ ရှေ့မှဦးဆောင်ဝင်သွားသည်။

ထို့နောက်...

မြေတိုက်ခန်းထဲသို့ ဆင်းလာကြလေသည်။

ထိုအခါ...

မြေတိုက်ခန်းအလယ်တွင် သေတ္တာတစ်လုံးကိုတွေ့ရသည်။

"အဲဒီသေတ္တာကို အပြင်သယ်ခဲ့ကြစမ်း... "

ယွန်ဖေးဟုန်သည် ကိုယ်ရံတော်လေးယောက်အား ခိုင်းစေလိုက်ပြီး ကျင်းစံအိမ်အပြင်ဘက်သို့ ပြန်ထွက်လာခဲ့သည်။

ယွန်ဖေးဟုန်သည် အားရပါးရပြုံးလိုက်သည်။

"ဟား... ဟား... ဟား သွေးသောက်စားကို ငါပိုင်ပြီကွ..."

သူ၏ရယ်မောသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။

ထိုစဉ်...

အနောက်ဘက်၌ ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။



ယွန်ဖေးဟုန်မှာ မျက်နှာပျက်သွား၏။

မျက်ချင်းနောက်လှည့်ကြည့်လိုက်သောအခါ သဘောကျစွာ ရယ်မောနေသော လူလေးယောက်ကို တွေ့မြင်လိုက်ရသည်။

ထိုလူများကိုတွေ့လျှင် ယွန်ဖေးဟုန်၏ မျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

"မင်း... မင်းတို့... "

လူလေးယောက်က တဟားဟားရယ်မောရင်း ယွန်ဖေးဟုန်ထံသို့ တစ်လှမ်းချင်း လျှောက်လာနေကြသည်။

ယွန်ဖေးဟုန်မှာ ထိတ်လန့်စွာဖြင့် နောက်သို့တဖြည်းဖြည်းဆုတ်သွားရလေသည်။

ယွန်ဖေးဟုန်၏ ကိုယ်ရံတော်လေးယောက်မှာ အခြေအနေမဟန်မှန်း သဘောပေါက်လိုက်လျှင် ချက်ချင်းပင် ယွန်ဖေးဟုန်ရှေ့သို့ အကာအကွယ်ပြုထားလိုက်သည်။

ယွန်ဖေးဟုန်၏ အနောက်ဘက်မှ ရောက်ရှိလာသောလူလေးယောက်မှာ ဝမ်းကြို၊ လုံရှည်တင်းစန်း၊ နှင်းတောင်အဘိုးအိုကျူးရဲ့နှင့် ကျွန်းလုရယ်တို့ ဖြစ်ကြသည်။

ဝမ်းကြိုက တဟားဟားရယ်မောရင်း ယွန်ဖေးဟုန်ကို ကြည့်ကာ...

"ဘယ်လိုလဲ... ခင်ဗျား ကတိမတည်ပါလားဗျ... "

www.burmeseclassic.com

www.burmeseclassic.com



ယွန်ဖေးဟုန်မှာ ဝမ်းကြိုတို့အား မည်သို့မှ မယုံနိုင်ကြောင်း နားလည်ထား၏။

"ခင်ဗျားတို့ လိုက်လာကြတာကို... ကျုပ်သွေးသောက်ဓား ရထားပြီဗျ... ခင်ဗျားတို့ကိုပေးမလို့ အခုလိုရောက်လာတာအတော်ပဲ..."

ဝမ်းကြိုက ရယ်မောခြင်းရပ်တန့်သွား၏။

သူ၏မျက်နှာ တင်းမာခက်ထန်သွားသည်။

ယွန်ဖေးဟုန်အားစိုက်ကြည့်ကာ...

"ခင်ဗျား ကျုပ်တို့ကို တပတ်ရိုက်ဖို့ ကြိုးစားနေတာ မသိဘူး များထင်နေလား..."

ယွန်ဖေးဟုန်က အထစ်ထစ်အငေါ့ငေါ့ဖြင့်...

"ကျုပ်... ကျုပ်..."

"စကားမရှည်နဲ့... ခင်ဗျားလက်ထဲက သေတ္တာပေးစမ်း..."

ပြောရင်းလုယူရန် ဟန်ပြင်လိုက်သည်။

ယွန်ဖေးဟုန်မှာ သွေးသောက်ဓားကို လက်လွှတ်မခံနိုင်ချေ။

ထို့ကြောင့်...

"တိုက်ကြစမ်း..."

လက်ဝှေ့ယမ်းပြကာ အမိန့်ပေးလိုက်သည်။

ကိုယ်ရံတော်လေးယောက်မှာ ချက်ချင်းပင်ရှေ့တိုးလာသော



ဝမ်းကြိုအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။

ကိုယ်ရံတော်လေးယောက်သည် ဓားပညာကျွမ်းကျင်အောင် လေ့ကျင့်ထားသူများဖြစ်၍ ဝမ်းကြိုကို ဟန့်တားထားနိုင်ခဲ့ကြ၏။

ထိုစဉ် တင်းစန်းက...

"ဝမ်းကြို မပူနဲ့ဗျို့... ကျုပ်ခင်ဗျားကို ကူမယ်..."

ပြောရင်းလှံရှည်ဖြင့် ကိုယ်ရံတော်လေးယောက်အား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

တင်းစန်းဝင်လာလျှင် ကိုယ်ရံတော်လေးယောက် မခံနိုင်ကြတော့ချေ... ။

တစ်ခဏအတွင်းပင် ရှုံးနိမ့်ကာ နောက်ဆုတ်သွားကြရ၏။

ဝမ်းကြိုနှင့် တင်းစန်းတို့က အလွတ်မပေးဘဲ တရကြမ်းဖိ၍ တိုက်ခိုက်လိုက်ရာ...

"အား..."

"အမယ်လေး..."

တင်းစန်း၏ လှံရှည်ကြောင့် ကိုယ်ရံတော်နှစ်ယောက် မြေပေါ်သို့ လဲကျသေဆုံးသွားကြသည်။

သူတို့လဲကျသွားပြီး မရှေးမနှောင်းမှာပင် ဝမ်းကြို၏ လက်ချက်ဖြင့် ကိုယ်ရံတော် နှစ်ယောက် လဲကျသွားပြန်၏။

ယခု...

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်လေးယောက် သေဆုံးသွားပြီဖြစ်၍ ယွန်ဖေးဟုန်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့လေတော့သည်။

ယွန်ဖေးဟုန်မှာ အခြေအနေကို လျင်မြန်စွာသုံးသပ်ပြီး အကြံထုတ်နေသည်။

သူ၏ လက်တွင်း၌သံသေတ္တာကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

ဝမ်းကြီးက လက်ဝါးဖြန့်ကာ...

"ကဲ... ကျုပ်ကိုပေးပါ... "

ယွန်ဖေးဟုန်က ခေါင်းခါယမ်းလိုက်သည်။

"မပေးနိုင်ဘူး... "

ဝမ်းကြီးက ဒေါသထွက်သွားပြီး...

"ခင်ဗျားသေချင်ပြီ ထင်တယ်... "

ယွန်ဖေးဟုန်က ခေါင်းခါယမ်းလိုက်ပြီး...

"ကျုပ်မသေချင်ပါဘူး... ဒီသေတ္တာခင်ဗျားကို ပေးမှာပါ... ဒါပေမယ့် ဘယ်သူပိုင်ဆိုင်သင့်လဲဆိုတာ မဆုံးဖြတ်ရသေးဘူး မဟုတ်လား... "

သူ၏စကားကြားရလျှင် ဝမ်းကြီးတို့လေးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ယွန်ဖေးဟုန်က ဆက်ပြောလိုက်၏။



"ကျုပ်က မထွက်ပြေးပါဘူး... ခင်ဗျားတို့သာ ဘယ်သူပိုင်သင့်သလဲ ဆိုတာ ဆုံးဖြတ်ကြပေတော့... "

ဝမ်းကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ကျုပ်တို့လေးယောက်စလုံး... ဒီသွေးသောက်စားကို လိုချင်လို့မရဘူး... "

နှင်းတောင်အဘိုးအိုကျူးရဲ့ မျက်မှောင်ကုတ်ကာ...

"မင်းသဘောက... "

ဝမ်းကြီးက ဆက်ပြောလိုက်သည်။

"သေတ္တာပိုင်တဲ့ လူသားတစ်ယောက်ပဲ ဖြစ်ရမယ်... ကျုပ်တို့လေးယောက်ထဲက တစ်ယောက်ပေါ့... "

ကျန်းလုရယ်က မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီး...

"ကျန်တဲ့လူတွေကကော... "

"ကျန်တဲ့လူတွေက လူသေတွေ ဖြစ်ကုန်ကြမယ်ထင်တယ်"

ဝမ်းကြီး၏စကားကို အားလုံးနားလည်သဘောပေါက်လိုက်ကြသည်။

သွေးသောက်စားအတွက် သူတို့လေးယောက် တစ်ယောက်နှင့် တစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်ပြီး နောက်ဆုံးကျန်သူသည် ပိုင်ဆိုင်ရပေမည်။

နှင်းတောင်အဘိုးအိုကျူးရဲ့ နှင့် ကျန်းလုရယ်၏ မျက်နှာတွင်

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ကြမ်းကြုတ်သည့် အရိပ်အယောင်များ ထွက်ပေါ်လာသည်။

ဝမ်းကြီးက လှံရှည်တင်းစန်းကို ကြည့်ကာ...

"ခင်ဗျားက ဘယ်လိုလုပ်မယ်စိတ်ကူးလည်း... "

လှံရှည်တင်းစန်းက လေသံအေးအေးဖြင့်...

"ကျုပ်ကတော့ လောဘသိပ်မကြီးပါဘူး... တစ်ယောက်နဲ့ တစ်ယောက် ဝေယူလို့ဖြစ်ပါတယ်... "

"အင်း... ခင်ဗျားနဲ့ မိတ်ဆွေဖွဲ့မိတာ မှန်ပြီထင်တယ်..., ဟား ဟား... ဟား... "

ကျွန်းလုရယ်နှင့် နှင်းတောင်အဘိုးအိုကျူးရဲ့တို့ မျက်နှာပျက်သွားကြ၏။

နှင်းတောင်အဘိုးအိုကျူးရဲ့က...

"မင်းတို့နှစ်ယောက်လုံးပေါင်းပြီး တို့ကိုတိုက်ခိုက်မယ်ပေါ့"

ဝမ်းကြီးက ခေါင်းတချက်ညိတ်လိုက်ပြီး...

"ဟုတ်တယ်... "

နှင်းတောင်အဘိုးအိုကျူးရဲ့က ဆက်ပြောလိုက်သည်။

"ဒီလိုဆိုရင် ကျုပ်တို့နှစ်ယောက်လည်း ပူးပေါင်းရမယ်..."

ကျွန်းလုရယ်က စကားဝင်ထောက်လိုက်သည်။

"ဟုတ်တယ်... ဒါမှ တရားမျှတမယ်... "

ယခုတစ်ကြိမ် ဝမ်းကြီးနှင့် တင်းစန်းတို့ ရင်ထိတ်သွားကြရသည်။



မည်သို့ဆိုစေ ရင်ဆိုင်ကြရတော့မည်ဖြစ်၍...

"ကောင်းပြီလေ... ကျုပ်တို့ယှဉ်ပြိုင်ကြတာပေါ့... "

သူတို့လေးယောက်သည် ယှဉ်ပြိုင်ရန် အသင့်ပြင်လိုက်ကြလေသည်။

ယွန်ဖေးဟုန်မှာ သူတို့လေးယောက်၏ ယှဉ်ပြိုင်ပွဲကို မျက်တောင်မခတ်စိုက်ကြည့်နေ၏။

လေးယောက်စလုံး သေဆုံးသွားပါစေဟုလည်း ကြိတ်၍ဆုတောင်းနေမိသည်။

ဝမ်းကြီးက ဓါးပတ်အဖြစ်အသုံးပြုသော ဓားပျော့ကိုထုတ်ကာ စတင်တိုက်ခိုက်လေတော့သည်။

"ကဲ... ကျုပ်တိုက်ကွက်လာပြီ... သတိထားပေတော့... "

လှံရှည်တင်းစန်းကလည်း လှံရှည်ဖြင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ဝမ်းကြီးနှင့် နှင်းတောင်အဘိုးအိုကျူးရဲ့ လှံရှည် တင်းစန်းနှင့် ကျွန်းလုရယ်တို့ မျက်နှာချင်းဆိုင် တိုက်ခိုက်ရန် ပြင်နေသည်။

ထိုစဉ်မှာပင်...

မထင်မှတ်သော ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်လာလေသည်။

ဝမ်းကြီးက နှင်းတောင်အဘိုးအိုကျူးရဲ့ကို တိုက်ခိုက်ရမည့်

www.burmeseclassic.com

www.burmeseclassic.com



အစား တင်းစန်း၏ ရင်ဝသို့ထိုးချလိုက်သည်။

ထိုနည်းတူစွာပင်... နှင်းတောင်အဘိုးအို ကျူးရဲ့ကလည်း ကျန်းလုရယ်၏ နောက်ကျောကို လက်ဝါးဖြင့်ရိုက်ချလိုက်လေသည်။

"ဝုန်း..."

"အား..."

ကျယ်လောင်စူးရှသော အသံများထွက်ပေါ်လာပြီး ကျန်းလုရယ်နှင့် တမ်းစန်းတို့မြေပေါ်လဲကျသွား၏။

ကျန်းလုရယ်မှာ လက်ဝါးအဏ်က ပြင်းထန်လွန်းသဖြင့် သွေးအန်၍ ချက်ချင်းသေဆုံးသွားလေသည်။

လှံရှည်တင်းစန်းမှာမူ ပြင်းထန်သောဝေဒနာကို ခံစားရင်း...

"ဝမ်း... ဝမ်းကြီ... မင်း... လူယုတ်မာ..."

ဝမ်းကြီက တဟားဟားရယ်မောကာ...

"မင်း မှားနေပြီ... ကျုပ်နဲ့ နှင်းတောင်အဘိုးအိုကျူးရဲ့ မိတ်ဆွေဖွဲ့ထားတာ ကြာပြီဆိုတာ မင်းတို့မှမသိတာ..."

နှင်းတောင်အဘိုးအို ကျူးရဲ့ကလည်း ရယ်မောလိုက်၏။

ဝမ်းကြီက လက်ဗွေ့ယမ်းပြလိုက်ပြီး...

"နှင်းတောင်အဘိုးအိုကျူးရဲ့... ခင်ဗျား သူ့ကိုပါ ရှင်းလိုက်ရင် ကောင်းမယ်"

နှင်းတောင်အဘိုးအိုကျူးရဲ့က ခေါင်းညိတ်ကာ တင်းစန်း



အနီးသို့ ချဉ်းကပ်သွား၏။

ထိုစဉ်...

လှံရှည်တင်းစန်းက ရှိသမျှအင်အားကို ဖျစ်ညှစ်စုစည်းကာ လက်ထဲမှ လှံရှည်ဖြင့် ပစ်ပေါက်လိုက်လေသည်။

နှင်းတောင်အဘိုးအို ကျူးရဲ့က လျင်မြန်စွာ ရှောင်တိမ်းလိုက်ရ၏။

ထိုတဒင်္ဂအတွင်းမှာပင် ဓားရောင်တစ်ချက် ဝင်းလက်သွားသည်ကို တွေ့လိုက်ရပြန်သည်။

နှင်းတောင်အဘိုးအိုကျူးရဲ့က မျက်လုံးပြူးသွား၏။

နောက်လှည့်မည် ကြံရွယ်လိုက်စဉ် ဝမ်းကြီ၏ဓားက သူ၏ ရင်ဝသို့ တည့်မတ်စွာ တိုးဝင်လာသည်။

နှင်းတောင်အဘိုးအိုကျူးရဲ့မှာ ရင်ဝတွင် စူးရှနာကျင်သော ဝေဒနာကို ခံစားလိုက်ရပြီး...

"မင်း... မင်း..."

သူသည် စကားကိုဆုံးအောင် မပြောနိုင်ပါချေ။

မြေပေါ်သို့ ဝုန်းခနဲလဲကျကာ သေဆုံးသွားလေသည်။

"ဟား... ဟား... ဟား..."

ဝမ်းကြီ၏ကျယ်လောင်သော ရယ်မောသံသည် ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လှံရည်ကင်းစန်း၊ ကျန်းလုရယ်နှင့် နှင်းတောင်အဘိုးအိုကျူး၏ တို့မှာ မြေပေါ်တွင် အတုံးအရုံးလဲကျကာ သေဆုံးနေကြချေပြီ။

ဝမ်းကြီးက ယွန်ဖေးဟုန်ဘက်သို့ လှည့်ကာ...

"ဘယ်လိုလဲ... သွေးသောက်ဓားကို ကျူပ်ပိုင်သွားပြီ မဟုတ်လား"

ယွန်ဖေးဟုန်က ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားပိုင်လို့ မဖြစ်သေးဘူး... "

ဝမ်းကြီးက မျက်မှောင်ကုတ်ကာ...

"ဘာဖြစ်လို့လဲ... "

ယွန်ဖေးဟုန်က ဆက်ပြောလိုက်သည်။

"ခင်ဗျားနောက်ကို လှည့်ကြည့်လိုက်ပါဦးလေ... "

ဝမ်းကြီးသည် အနောက်ဘက်သို့ လှည့်ကြည့်လိုက်၏။

ထိုစဉ်မှာပင်...

ယွန်ဖေးဟုန်မှာ ဓားပါးကလေး သုံးလေးလက်ကို ပစ်ပေါက်လိုက်သည်။

အငိုက်မိသွား၍ ဝမ်းကြီး ရှောင်တိမ်းနိုင်ခွင့်မရှိတော့ပါချေ။

အနောက်ဘက်မှ လေတိုးသံကြားရလျှင် ထိတ်လန့်ကာ လှည့်ကြည့်လိုက်ရာ ဓားပါးကလေး သုံးလက်သည် သူ့ထံသို့ တိုးဝင်လာသည်ကိုသာ နောက်ဆုံးတွေ့လိုက်ရ၏။



"အွန်... "

ဝမ်းကြီး၏နှုတ်မှ မသဲမကွဲအော်သံတစ်ချက် ထွက်ပေါ်လာပြီးလျှင် မြေပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားလေသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃၅ ]
## အေးချမ်းသောအချစ်ရိပ်

"ဟား... ဟား... ဟား... "

ယခုတစ်ကြိမ်ရယ်မောလိုက်သူမှာ ယွန်ဖေးဟုန်ဖြစ်သည်။ ဝမ်းကြိုတို့လေးယောက်စလုံး သူ့ကိုနှောင့်ယှက်နိုင်ခြင်းမရှိတော့ချေ။ သွေးသောက်ဓားကို သူသာအမှန်တကယ်ပိုင်ဆိုင်ရပြီ မဟုတ်ပါလား။ သူသည် ယိုနေရာမှ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်သည်။

ထိုစဉ်...

သူ့ထံသို့ပြေးလာနေကြသော လူတစ်စုကို တွေ့မြင်လိုက်ရလေသည်။ ထိုလူများမှာ ကျင်းအော့လျှံ၊ ချားယို့ဖုန်းနှင့် ဓားမဲ့သိုင်းသမား ကွမ်ဟုန်အင်း တို့ပင်ဖြစ်သည်။

ယွန်ဖေးဟုန်သည် ခေါင်းနပန်းကြီးသွား၏။

ထွက်ပြေးရန် လေးလံသောသေတ္တာ ပါလာ၍ အခက်ကြုံနေသည်။



သူသည် ချက်ချင်းပင် ထွက်ပြေးဖို့ ဟန်ပြင်လိုက်သည်။

"မပြေးနဲ့... "

ချားယို့ဖုန်းတို့သည် နောက်မှ ခုန်အုပ်ကာ တိုက်ခိုက်လိုက်သည်။

ယူဖုံထင်းသည် အံကြိတ်ကာ ယွန်ဖေးဟုန်ကို ဓားဖြင့်ခုတ်ချလိုက်လေသည်။

သူသည် ရှည်ရှည်ဝေးဝေး လုပ်မနေချေ။ အပြတ်ရှင်းခြင်းဖြစ်သည်။

"အား... "

ယွန်ဖေးဟုန်သည် မြေပေါ်သို့ လဲကျသွားသည်။

ယူဖုံထင်းက မဲ့ပြုံးပြုံးလိုက်ပြီး...

"မြို့စားကြီးကျင်းယို့စီးကို သတ်ပြီး ကျုပ်နဲ့ကျင်းအော့လျှံကိုပါ ဒုက္ခပေးခဲ့တာတွေ မှတ်မိသေးလား... ဒီလိုအခြေအနေမျိုးကို ကျုပ်စောင့်နေတာကြာခဲ့ပြီ... "

ယွန်ဖေးဟုန်သည် မျက်လုံးအကြောင်သားဖြင့် ကြည့်နေရင်း သေဆုံးသွားလေသည်။

ယူဖုံထင်းက ယွန်ဖေးဟုန်အနားမှာ ကျနေသောသေတ္တာကို လှမ်းယူလိုက်ပြီး ဓားဖြင့်ထိုးဖွင့်လိုက်သည်။

ထိုအခါ...

ဓားတစ်ချောင်းကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယုယုဖုံထင်းသည် ဓားကိုယူလိုက်ပြီး ကျင်းအောလျှံအားကြည့်ကာ...

"သမီးရဲ့ဖေဖေက... သမီးအတွက် ဒီသွေးသောက်ဓားကို ပေးခဲ့တယ်... ဒါကြောင့် သမီးပဲ ပိုင်ဆိုင်သင့်တယ်..."

ကျင်းအောလျှံသည် ပြုံး၍ ဓားကိုလှမ်းယူလိုက်သည်။

ဓားအိမ်မှ ဓားကိုဆွဲထုတ်လိုက်ရာ ဘလက်လက်တောက်ပနေသော ဓားကိုတွေ့ရလေသည်။

ယုယုဖုံထင်းက ဆက်ပြောလိုက်သည်။

"အဲဒါ သိုင်းလောကသားတိုင်းက လိုချင်နေကြတဲ့ သွေးသောက်ဓားပေါ့..."

ကျင်းအောလျှံသည် ဓားကိုကိုင်ကာ ဝမ်းသာမဆုံးဖြစ်နေလေတော့သည်။

❀ ❀ ❀

တစ်လ...

ယွန်ဖေးဟုန် သေဆုံးသွားသည်မှာ တစ်လခန့်ကြာသွားချေပြီ။

တစ်လအတွင်း ကျင်းအောလျှံသည် ချာယိုဖုန်း၊ ဓားမဲ့သိုင်းသမား ကွမ်းဟုန်အင်း၊ ယုယုဖုံထင်း၊ ယန်ဟင်ဖေးတို့နှင့် အတူရှန်းမြို့တွင် မထင်မရှားနေခဲ့လေသည်။



အမှန်တော့ ချာယိုဖုန်း၏ ရှင်းပြချက်ကြောင့် နားလည်သဘောပေါက်သွားပြီး ယွန်ရှောင်မွန်းကို စောင့်မျှော်နေခြင်းဖြစ်သည်။

သို့သော်...

ယွန်ရှောင်မွန်း၏ သတင်းကို လုံးဝမကြားရဘဲ စုပ်စမြုပ်စ ပျောက်ကွယ်နေ၏။

ထိုအတောအတွင်း ယုယုဖုံထင်းနှင့် ယန်ဟင်ဖေးတို့မှာရှေ့ဆက်လုပ်စရာများရှိသေး၍ နှုတ်ဆက်ကာ ထွက်ခွာသွားကြသည်။

ကျင်းအောလျှံမှာ ယွန်ရှောင်မွန်းကို စောင့်သော်လည်း ရောက်မလာသဖြင့် အကျဉ်းထောင်မီးလောင်ရာ၌ သေဆုံးသွားပြီဟု ယူဆဖို့၏။

ထို့ကြောင့်...

ဝမ်းနည်းကြေကွဲခဲ့ရသည်။

ချာယိုဖုန်းနှင့် ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းသည် ကျင်းအောလျှံကို ခေါ်ဆောင်ကာ ရှန်းမြို့မှ ထွက်ခွာလာခဲ့ကြလေတော့သည်။

**"အလိုရှိသည်"**

**တရားခံယွန်ဖေးဟုန်နှင့်ယွန်ရှောင်မွန်းတို့အား ဖမ်းဆီးပေးနိုင်သူကို ဆုငွေနှစ်သောင်းချီးမြှင့်မည်။**

ပုံ

ရှန်းမြို့တော်ဝန်

www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင်လမ်းဘေးဆိုင်တစ်ဆိုင်ရှေ့၌ အလိုရှိကြောင်းဆုငွေထုတ်ထားသည့် ကြော်ငြာကပ်ထားသည်။

ထိုကြော်ငြာကို လူအများဝိုင်းအုံဖတ်ရှုနေကြသည်။

ရှမ်းမြို့မှ ထွက်လာသော ကျင်းအော့လျှံတို့ကို ထိုကြော်ငြာကိုတွေ့လျှင် အံ့သြသွားကြသည်။

တားမဲ့သိုင်းသမားကွမ်းဟုန်အင်းက...

"မန်ချူးမြို့တော်ဝန်ဟာ ယွန်ဖေးဟုန်သေသွားတာကို မသိသေးဘူးထင်တယ်... သစ္စာဖောက်ပြီး အကျဉ်းသားတွေကို ကယ်ပြေးတယ်ထင်လို့ ဆုငွေထုတ်ထားတာပဲဗျ... "

ချာယွိဖုန်းက ခေါင်းညိတ်လိုက်သည်။

ကျင်းအော့လျှံသည် မနေနိုင်ဘဲ ကြားဖြတ်မေးလိုက်သည်။

"ဒါဖြင့် ယွန်ရှောင်မွန်းကကော...

ချာယွိဖုန်းနှင့် တားမဲ့သိုင်းသမားကွမ်းဟုန်အင်းတို့သည် ရုတ်တရက် အဖြေမပေးနိုင်ကြချေ။

အတန်ကြာမှ တားမဲ့သိုင်းသမားကွမ်ဟုန်အင်းက သက်ပြင်းတစ်ချက်ချကာ...

"သူလည်း မသေဘဲ လွတ်မြောက်သွားတယ်ထင်ပါရဲ့... သူ့ရဲ့အလောင်းကို တွေ့ရင် ဆုငွေထုတ်စရာလိုမှာမဟုတ်ဘူး... "

ကျင်းအော့လျှံ၏မျက်လုံးများ ဝင်းလက်တောက်ပ သွားသည်။



"သူမသေဘူးဆိုရင် ဘယ်ရောက်သွားလဲ... "

ချာယွိဖုန်းက ကြားဖြတ်ပြောလိုက်သည်။

"တစ်နေရာရာကို ထွက်ပြေးသွားတာဖြစ်မှာပေ့ါ... "

ကျင်းအော့လျှံက ပြန်မေးလိုက်သည်။

"တစ်နေရာရာ ဟုတ်လား... "

ချာယွိဖုန်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်... "

ကျင်းအော့လျှံမှာ တစ်စုံတစ်ခုကို သတိရလာသည်။

"ဟုတ်ပြီ... ဆရာကျွန်မကို ခွင့်ပြုပါ... ကျွန်မ မကြာခင် ဘုံကျောင်းကို လိုက်လာခဲ့မယ်... "

ပြောပြီးလျှင် မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

"ဟော... ဟော... ကျင်းအော့လျှံ... နေဦးလေ... "

ဒုန်းစိုင်းမောင်းနှင်သွား၏။

"ခွပ်... ခွပ်... ခွပ်... ခွပ်... "

တစ်ခဏအတွင်း မျက်စိရှေ့မှောက်မှ ပျောက်ကွယ်သွားသည်။

ချာယွိဖုန်းနှင့် တားမဲ့သိုင်းသမားကွမ်းဟုန်အင်းတို့မှာ နားမလည်နိုင်စွာ ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာမှာ တောင်တစ်လုံးဖြစ်ပါသည်။

ကျင်းအောလျှံနှင့် လှံရှည်တင်းစန်းတို့ ရင်ဆိုင်တိုက်ခိုက်ပြီး ချောက်ကမ်းပါးအတွင်းသို့ ပြုတ်ကျသွားသော နေရာလည်းဖြစ်သည်။

ဤနေရာသို့ ကျင်းအောလျှံဒုတိယအကြိမ် ရောက်ရှိလာပြန်လေပြီ။

သူမသည် တောင်ခြေသို့ရောက်သည်နှင့် ထောင့်တစ်နေရာသို့ လျှောက်သွားကာ ကျောက်တုံးကြီးတစ်တုံးကို တွန်းဖယ်လိုက်သည်။

ထိုအခါ... ကျောက်တုံးကြီးလိမ့်ဖယ်သွားပြီး...

အပေါက်တစ်ခုဖြစ်ပေါ်လာသည် ကျင်းအောလျှံက ထိုအပေါက်မှ ဆင်းသွားရာ တစ်ခဏအကြာတွင် လိုဏ်ဂူခေါင်းတစ်ခုအတွင်းရောက်ရှိသွားသည်။

ချောက်ကမ်းပါးအတွင်းသို့ ရောက်သောအခါ ယွန်ရှောင်မွန်းနှင့် ပထမဦးဆုံး ဆုံတွေ့မိသောနေရာသို့ ပြေးသွားလေတော့သည်။

အတန်ကြာပြေးပြီးသောအခါ ကျင်းအောလျှံသည် ခြေလှမ်းတုံ့ခနဲရပ်လိုက်သည်။

အဘယ်ကြောင့် ဆိုသော်...

အရှေ့ခပ်လှမ်းလှမ်းတွင် သူမအား ကျောပေးရပ်နေသည့်လူတစ်ယောက်ယောက်၏ အရိပ်သဏ္ဍာန်ကို တွေ့လိုက်ရသောကြောင့်ပေတည်း။

ကျင်းအောလျှံ၏ ရင်ထဲ၌ဖော်မပြနိုင်သော ခံစားချက်များ



ဖြစ်ပေါ်လာ၏။

သူမ၏ မျက်ဝန်းအစုံတွင် မျက်ရည်များရစ်ဝိုင်းလာကာ...

"အစ်ကို..."

ကျယ်လောင်စွာအော်ခေါ်ရင်း ပြေးသွားလေသည်။

သူမ၏ အသံကြားလိုက်ရလျှင် ကျောပေးရပ်နေသူ လှည့်လာ၏။

သူကား ယွန်ရှောင်မွန်းပင် ဖြစ်လေတော့သည်။

ယွန်ရှောင်မွန်းသည် ကျင်းအောလျှံကို တွေ့လျှင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားကာ...

"ညီမ... ညီမလိုက်လာတယ်နော်..."

ကျင်းအောလျှံက ပြုံးပြီးခေါင်းညိတ်ပြလိုက်သည်။

"ဝမ်းသာလိုက်တာ ညီမရယ်..."

ယွန်ရှောင်မွန်းသည် ကျင်းအောလျှံအား ဟင်းကျပ်စွာဖက်ထားလိုက်လေ၏။

"အစ်ကို... ကျွန်မရဲ့ ဆရာက ဘုံကျောင်းမှာစောင့်နေတယ် ကျွန်မတို့သွားကြရအောင်... အစ်ကိုလည်း အခုချိန်ကစပြီး မန်ချူးဆန့်ကျင်ရေးသမားဖြစ်သွားပြီနော်..."

ယွန်ရှောင်မွန်းက ခေါင်းညိတ်လိုက်သည်။

"အင်း... သွားကြတာပေါ့..."

သူတို့နှစ်ယောက်သည် အပေါက်ဝရှိရာသို့ လျှောက်လာကြရာမကြာမီ တောင်ခြေပြင်ပသို့ ရောက်ရှိလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်၌ ထားရစ်ခဲ့သော ကျင်းအော့လျှံ၏မြင်းပေါ်သို့ တက်ကာ ချာယိုမှုန်းစောင့်နေမည့် ဘုံကျောင်းရှိရာသို့ လာခဲ့ကြတော့သည်။

ကျင်းအော့လျှံ၏ ခါးတွင်ချိတ်ထားသော သွေးသောက်ဓား ကို တွေ့လိုက်ရသောအခါ ယွန်ရှောင်မွန်းသည် သူ၏ဖခင်ယွန်ဖေးဟုန် အား သတိရနေမိတော့သည်။

သူ၏နံဘေးတွင် သူချစ်လှစွာသော ကျင်းအော့လျှံသာ ရှိမနေ ပါက သူ့ဘဝသည် အထီးကျန်ဆန်လွန်းလှသည်ဟု ယွန်ရှောင်မွန်းက တွေးလိုက်မိလေတော့သည်။

ဇာတ်သိမ်းပိုင်းပြီး၏။

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com